နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ရွာ ရွာသူကြီး မြို့ခေါင်း မြို့စီး တို့မှာ ရာဇဝတ်တော် ကြောင်း လုံခြုံအောင်လက်ရှိကြီး စိုး မြို့ကြီး စိုး နှင့်ကြစေ၊ မြို့ရွာ လက်မဲ့အရိုး အရာဆက်ခံလိုသူတို့မှာကြီး စိုး လို ကြောင်း နှင့်မလျှောက်မထားကြစေနှင့်၊ ကြီး စိုး လိုလျှင်အဆောင်တော်မှာမြဲစွဲထမ်း ရွက်ကြစေ။

3 March 1853

(သက္ကရာဇ်) ၁၂၁၄ ခုတပေါင်း လပြည့်ကျော် ၁၀ ရက်နေ့နာ: ခံမင်းထင်ရာဇာသီဟသူတွင်ပြန်။

(သစ်ဆိမ့်စာစု၊ ဆင်တဲ စာစု)

1783
နိုင်ငံတော်အတွင်း ရှိအရပ်ရပ်မြို့ ကျေး ရွာများ မှာ (သက္ကရာဇ်၁၁)၄၅ခု 1862
ဖ၄ခုစစ်တမ်း စာရင်း ဆက်သွင်း ရာပါသည့်အား ကြီး အား များ ဘိစီး နှိပ်စက်ပြီး လျှင်အမိန့် တော်နှင့်လူသူ နှောက်ရှက်သည်ဆို၍ နယ်မှုပယ်မှုများ ကိုအလျှောက်အထား မရှိ စေနှင့်၊ လက်ရှိထိန်း သိမ်း ဆင့်ဆိုစီရင်မြဲအတိုင်း ထိန်းသိမ်း ဆင့်ဆိုစီရင်နှင့်ကြ စေ။

(သက္ကရာဇ်)၁၂၁၄ခု(နှောင်း)တန်ခူး လဆန်း ၂ရက် နေ့နား ခ [10 March 1853]
မင်း လှမင်း တင် ကျော်တွင်ပြန်။

(ဆင်တဲစါစု)

ကျိဝန်မဟာသီရိစည်သူကကျိဝန်ဝန်စု ရွှေခွန်၊ငွေခွန်၊သံ၊သဆွေး ၊ ပယင်း ၊ ကျောက်၊ ဓါးခွန်၊ လှံခွန်၊ ငှက်မြီး ဆက်သမြဲနန်း ရိုး အခွန်တော်ထမ်း လူတို့ကို စော်ဘွား မြို့စား မြို့ဝန်စစ်ကဲမြို့ရွာသူကြီး မြင်း ခေါင်း မြင်း စီး တို့ကပယ်တွင်း နယ်တွင်း ဖြစ်သည်အနှောက်အရှက်အသိမ်း အယူမရှိ စေနှင့်ဆက်သွင်း မြဲအခွန် တော်ကိုသာဆက်သွင်း ထမ်း ရွက် စေထီး နန်း မင်း အဆက်ဆက်ထုတ်ပြန် တော်မူသည့်အမိန့် တော်အတန်တန် နှင့်ရှိပါသည်ကို စော်ဘွား မြို့စား မြို့ရှင်နယ်ရှင်တို့ကအရေး တော်အတွင်း နှောက်ရှက်ကြသော ကြောင့်ဝန်စုမြို့ ကျေး ရွာ မငြိမ်မငပ်ရှိပါသည်၊ ကျိဝန်ဝန်စု ( သက္ကရာဇ် ၁၁ ) ၄၅ခု ၆၄ခု စစ်တမ်း စာရင်း ပါနယ် မြေ ကျေး ရွာ များ နှင့်အစုသမသင့်[1783]အခွန်ထမ်း လူတို့လုပ်စား နေထိုင်မြဲပယ်နယ် ကျေး ရွာ များ ကို စော်ဘွား မြို့စား[1802] မြို့ဝန်စစ်ကဲမြို့ရွာသူကြီး မြင်း ခေါင်း မြင်း စီး တို့ကအနှုတ်အယူအကွဲအပြား အနှောက်အရှက်မရှိ စေရအရေး တော်ရှိလျှင် ကောက်ငင်ကာရ အောင်လူ သေနတ်စည်း ကြပ်ပြီး လျှင်ဆက်သွင်း မြဲအခွန် တော်ကိုဆက်သွင်း ထမ်း ရွက်ဆင့်ဆိုပါစေရမည့်အကြောင်း နှင့်ရှိနိုး သံ တော်ဦး တင်ချက်အတိုင်း ကျိဝန်ဝန်စု ရွှေခွန် ငွေခွန်သံသ ဆွေး ၊ ဓါးခွန်၊ လှံခွန်၊ ငှက်မြီး ဆက်နန်း ရိုး အခွန် တော်ထမ်း လူတို့လုပ်စား နေထိုင်မြဲပယ်နယ် ကျေး ရွာ (သက္ကရာဇ်၁၁) ၄၅ခု ၆၄ခုစစ်တမ်း စာရင်း ပါနယ် မြေ ကျေး ရွာ များ[1783] နှင့် အစုသမသင့်အခွန်ထမ်း လူတို့ကို စော်ဘွား မြို့စား မြို့ဝန်စစ်ကဲမြို့ရွာသူကြီး မြင်း[1802] ခေါင်း မြင်း စီး တို့ကအနှုတ်အယူအကွဲအပြား အနှောက်အရှက်မရှိ စေနှင့်အထက်ထုတ်ပြန် တော်မူသည့်အမိန့် တော်အတိုင်း ဆက်သွင်း မြဲအခွန် တော်များ ကိုဆက်သွင်း ၍အရေး တော်ရှိလျှင် ကောက်ငင်ကာရ အောင်အမှုထမ်း လူ သေနတ်စည်း ကြပ်ထမ်း ရွက် စေ။

သက္ကရာဇ်၁၂၁၄ခုတန်ခူး လဆန်း ၅ရက် နေ့[13 March 1853] နား ခမင်း ထင်ရာဇာ တွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၀၄ ဆင်တဲစါစု)

နိုင်ငံတော်အတွင်း အရပ်ရပ်အစုအမှုထမ်း လူတို့နှင့် စေဘ်ဘွား မြို့စား မြင်းခေါင်း မြင်းစီး တို့မှစ၍ ကြွေး မြီတင်ရှိသူတို့မှာ ကြွေး ဟောင်း မြီဟောင်း ရှိသည်များ ကိုအလျှော့အထား အတောင်း အခံမရှိ စေနှင့်၊ တနှစ်ရပ်ဆိုင်း စေ။

19 March 1853

သက္ကရာဇ် ၁၂၁၄ ခုတန်ခူး လဆန်း ၁၁ရက် နေ့နားခံမင်း ထင်မင်း ကျော်ရာဇာတွင်ပြန်။

(ဆား လင်း အာဒိစ္စ စာစု၊ မှန်တိုင်ပင်စာစု)

နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ ကျေး ရွာများ မှာရှိနေသည့်ဆင်း ရဲသား တို့ ဘိုး ဘပိုင်ခါး မဦး ချ ငွေ ဝယ်လယ်ယာဥယဉ်ခြံ မြေကိုင်း ကျွန်း များ ကိုမင်း ညီ မင်းသား မင်း မိဘုရား မှူး တော်မတ် တော်အစုအမှုထမ်း တို့ကအမိန့် တော်နှင့်သနား တော်မူသည်ဆို၍အား ကြီး အား များ ဖိစီး နှိပ်စက်သိမ်း ယူသည် များ ကိုအသိမ်း အယူအ နှောက်အရှက်မရှိစေနှင့်၊ ဘိုး ဘပိုင်ခါး မဦး ချ ငွေ ဝယ်လယ်ရှင်မှန်သူတို့က ရွှေလွှတ် တော်မှာ လျှောက်ထား ရှင်း လင်း ပြီး လျှင်သနား တော်မြွက်ခံ၍ချတင်လုပ်စား စေ။

24 March 1853

သက္ကရာဇ် ၁၂၁၄ ခု (နှောင်း)တန်ခူး လပြည့်ကျော် ၁ ရက်နေ့နား ခံမင်း ထင်ရာဇာသီဟသူတွင်ပြန်။

(မှန်တိုင်ပင်စာစု)

ကျွဲဝန်မ (ဟာ **သီ ရိစည်**) သူ့မှာလိုက်သည်မြို့ဝန်စစ်ကဲတို့၊ ကျွဲဝန်ကဝန်စုအခွန်
တော်ဆက်ကျေး ရွာနယ် မြေကို ရွှေမှူး သံမှူး တို့ (ထံ ပေါင်နှံ ရောင်း စား ၍အ
ခွန် တော်ထမ်း လက်ခံ သော ကြောင့်) အခွန် တော်ဆက်လူတို့မှာအခွန် တော်ခံမ
ရ ကြောင်း နှင့်ရဲ ခေါင် နော်ရထာက (ရှိခိုး သံ တော်ဦး တင်ချက်မှာ) ရောင်း
သူလည်း မရောင်း ထိုက်လက်ခံ၍ ဝယ်သူလည်း မဝယ်ထိုက် ပေါင်သည်ဆို၍ မဆီး မတား
စေနှင့်ကျွဲဝန်က (တလုံး တဝ်တည်း ကြပ်မ နှိုးဆော်၍) အခွန် တော်ကိုဆက်သွင်း စေ
အမိန့်တော်နှင့်ရှိသည်ကို ပေါင်ငွေကို ပေး ရမည် တောင်း ကြောင်း ကြွေး ဟောင်း
အမှုဟောင်း ကို တောင်း ခံစစ် ကြော၍အရပ်ရပ် စော်ဘွား မြို့စား တို့ကျေး
ရွာများ မှာရှိ နေသည်ကိုမဆီး မတား သိမ်း သွင်း ပြုစု၍အခွန် တော် ကို
တောင်း ခံဆက်သွင်း ပါရမည့်အကြောင်း နှင့် ရှိခိုး သံ တော်ဦး တင်သည်၊
မြေ ပေါင်မှုအမိန့် တော်ရင်း တွင် ငွေကို ပေး စေမ တား မဆီး မချုပ် မ
တောင်း စေနှင့်အမိန့် တော်ရင်း အတိုင်း မြေကိုအပ် စေအခွန် တော်ထမ်း လူ
တို့မှာ ကြွေး ဟောင်း အမှုဟောင်း များ ကို မြို့ဝန်စစ်ကဲ တို့ကမ တောင်း မ
ခံ မစစ်မ ကြောအရပ်ရပ်မြို့စား သူကြီး တို့ကကျွဲဝန်ကသိမ်း သွင်း ပြုစု၍အခွန်
တော်ကို တောင်း ခံဆက်သွင်း စေဘုန်း တော်ကြီး လှ သော အိမ် ရှေ့ဘုရား
အမိန့်တော်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ပြန်ဆိုမှာထား လိုက်သည့် ရောက်
လျှင် မော်နိုင် မော်ခွန် ရွှေမှူး တို့ကမြို့အဝင်မြို့စီရင်စုသူကြီး တို့ထံ ပေါင်ထား ရှိ
သည့် ခေါင်း တိုက်လယ် မြေ ကျေး ရွာများ ကို မြေ ပေါင်မှုများ ကိုသူကြီး င ရွှေပန်း
အခွန်ဆက် ကျေး ရွာနယ် မြေကို ခေါင်းတိုက်မြို့သူကြီး င ရွှေခက် ငဆိုင်ဦး တို့မှာ ပေါင်
နှံ ရောင်း စား သော ကြောင့်အခွန် တော်မင်း မှုမ တောင်း မခံရရှိ၍ ကော
လင်း ဝန်း သိုကြို့ တောင် မော်နိုင်ဝန်ရဲ ခေါင် နော်ရထာကရှိခိုး သံ တော်ဦးတင်
ချက်ကိုဆက်သွင်း လျှင် ရွှေခွန် တော်ဆက် ကျေး ရွာနယ် မြေကိုသူကြီး တို့ကလက်ခံ ပေါင်
ယူသူလည်း မ ပေါင်ထိုက်ဖြစ်သည်ကျွဲဝန်မင်း ကသိမ်း ရုံး ၍ ရွှေခွန် တော်ကို တောင်း
ခံဆက်သွင်း စေဘုရား အမိန့်တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရသည့်အတိုင်း မော်
နိုင်စီရင်စုဘန်း မောက်တမန်ရွာမ ကျေး ကို ရေတွင်း ကုန်း ကျေး ရွာနယ် မြေ
ကို ခေါင်းတိုက်မြို့သူကြီး (င ရွှေဆက် ငဆိုင်ဦး တို့) ကအမှုထမ်း တို့ကို ပေး အပ်လာ စေ

အမိန့်တော်ရင်း နှင့်အညီမြို့သူကြီး ငရွှေခက်ငဆိုင်ဦး တို့(က ပေါင်)နှံ ရောင်း
စား သည့် ကျေး ရွာနယ် မြေမှန်သမျှကိုမကြွင်း မကျန်ခြင်း နင်း ပြုသသိမ်း ဂုံး
ရမည် စေခန့်လူအ ဆောင်ကိုင်လုင်တို့လည်း ခေါင်းတိုက်မြို့သူကြီး ငရွှေခက်ငဆိုင်
ဦး တို့မှာ မော်ခါး သူကြီး တို့က ပေါင်(နှံ ရောင်း ဝယ်စား ယူ)သည့်နယ် မြေ
မှန်သမျှကို ရွှေသူကြီး ငရွှေပန်း ငညိုတို့ခြင်း နင်း ပြုသ သည့်အတိုင်း သိမ်း ယူ
၍မှတ်သား ပေး အပ် စေမည်၊ ဘုန်း တော်ကြီး လှ သောအိမ်ရှေ့မင်း ဘု
ရား အမိန့်တော်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ကောလင်း ဝန်း သို
ဂြို့တောင် မော်နိုင် မြို့မှုဆောင်ရဲ ကျော်ရန်နိုင်လုပ်စား သည့်လယ် မြေရပ်
များ မှာအမိန့်တော်မြတ် ရင်း အတိုင်း မြေ နှင့် မော်ခါး ရွှေမှူး တို့ကို
ပေး အပ် စေစာချွန် တော် ပေး ရန်သိမ်း စေသည်တွင်မြို့မှုဆောင် ရဲ ကျော်
ရန် နိုင် မော်နိုင် ရွှေမှူး ငမွှေး တို့ မြေမှာအမိန့်တော်မြတ်ရင်း အတိုင်း ပေး
အပ်ပါမည်(နယ် မြေတွင် နေထိုင်)လုပ်စား (သူတို့ကိုအခွန်) တောင်း ပါသည်ကျီ
ဝန်စာရေး ရွှေအစီရင်ခံကြရာကျီဝန်စာရေး မင်း က မြေမှာ(အမိန့်)
တော်ရင်း အတိုင်း ဆပ် စေလုပ်စား စပါး သုတ္တာ ညောင်ကိုင် မြေတွင်ဘိုး ကျော်
ဦး ရဲ ကျော်နိုင်တို့ကလုပ်စာ( မြေ ) များ ကိုသိ( မ်း ဂုံး စေ )အမိန့် တော်ဆိုချက်
အတိုင်း ပြေငြိမ်း ၍ ရှိကြသည်စာ ရောက်လျှင်ယခုနှစ်လုပ်စာစပါး များ ကိုရဲ
ကျော်ရန်နိုင် ဘိုး ကျော်ဦး ပြုစုသည့်သုတ္တာ ညောင်ကိုင်လယ်ရပ်များ မှာလုပ်
စာစပါး အများ ကိုသိမ်း ယူ စေ၊ မဆီး မတား နှင့်၊ ကျီဝန်မဟာ **သီရိ** **စည်**သူ
ရှိခိုး သံ တော်ဦး တင်ချက်ကို ထောက်၍ကျီဝန်ဝန်စုအခွန် တော်ဆက်လူတို့မှာအခြား
အစုအမှုထမ်း ကဲ့သို့မဟုတ်နှစ်စဉ်မပြတ်အခွန် တော်ကိုဆက်သွင်း ထမ်း ရွက်ရသည်
ဖြစ်သည်၊ ကျီဝန်ဝန်စုအခွန် တော်ဆက်လူတို့မှစ၍ဥယည် စောင့်နတ်ဝင် ဆေး သ
မား ဆွမ်း တော်ချက်လူတို့နှင့်(သက္ကရာဇ် ၁၁)၄၅ခုစစ်တမ်း စာရင်း [1783] ပါနယ်
မြေ ကျေး ရွာသထုံ ငွေခွန် တော်ဆက်နယ် မြေ ကျေး ရွာများ ကို စော်ဘွား မြို့စား
မြို့ဝန်စစ်ကဲမြို့သူကြီး မြင်း စီး မြင်း ခေါင်း တို့ကနယ်တွင်း ဖြစ်သည့်အမှုကြောင့်
ခေါင်း တိုက်(မြို့) ကျေး ငွေနှင့် ရောင်း ပေါင်သည့် မြေဖြစ်သည်ဆို၍ မသိမ်း မ
ယူစစ်လက်နက်ကိုင်စရိတ် ကျေး ငွေ ကြွေး ဟောင်း မြီ ဟောင်း အဘောင်း အခံ

ကျေး ထိန်း ရွာအုပ်အခန့်အထား မရှိစေနှင့်အထက်ထုတ်ပြန် တော်မူသည့်အမိန့် တော်မြတ် ( ရင်း အ ) တိုင်း ရာဇဝတ် တော် ရေး လုံခြုံ အောင်အမှုသူကြီး တို့က အုပ်ထိန်း စီရင်၍အခွန် တော်ကိုတ ဝတည်း ဆိုင်ရာဆက်သွင်း ထမ်း ရွက် စေကျို ဝန်ဝန်စုလူတို့ကိုမင်း ညီမင်း သား မင်း မိဘုရား မှူး တော်မတ် တော်တို့မှာ ( တပ်မ ) ဦး သွေး သောက်ဖွဲ့ရာမပါစေနှင့်ပါလျှင်နှုတ်၊ ရတနာပူရ ( အဝ ) ရွှေနန်း တော်ပြတံခါး သုတ်လူး ရန်စင် ဒစး ၃၀၀၀ဝ် ( ကျော် ) ကိုကျိုဝန်က ဝန်စုဆိုင်ရာခန့်ထား ဆက်သွင်း ထမ်း ရွက် စေ။

26 March 1853

( သက္ကရာဇ် ၁၂၁၄ ခု နှောင်း)တန်ခူး လပြည့်ကျော် ၃ ရက် နေ့နား ခံ ပြောကြီး မှူး မဟာသီရိ ( ဇေယသင်္ယာတွင်ပြန် )။
( ဆင်တဲစါစု )

ပညာရှိမဟာသီရိပဏ္ဍိတဓမ္မရာဇဂုရု၊ သီရိမဟာရာဇိန္ဒဓမ္မရာဇဂုရုတို့ကို ဘိသိက် တော်ဆက်ရှစ်ပါး ပုဏ္ဏား ခေါင်း ခန့်၊ ရခိုင်ပုဏ္ဏား အမျိုး သား တို့ကို ဘိသိက် တော်ဆက်ရှစ်ပါး ပုဏ္ဏား ခေါင်း ကိုအုပ်သိန်း စေ၊ ဘိသိက် တော်ဆက် သီရိသတ္တမဟာဓမ္မရာဇဂုရုကို ပညာရှိခန့်။

31 March 1853

(သက္ကရာဇ်) ၁၂၁၄ခု (နှောင်း) တန်ခူး လပြည့်ကျော် ၇ ရက် နေ့ နား ခံမင်း လှမင်း ကျော်ထွင်ပြန်။

(အောင်ငြိမ်း စာစု)

နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ကျေး ရွာများ မှာ (သက္ကရာဇ်၁၁)၄၅ခု 1783
၆၄ခုစစ်တမ်း စာရင်း ဆက်သွင်း ရပါသည်၊ အား ကြီး အား များ ဖိစီး နှိပ် 1802
စက်ပြီး လျှင်အမိန့်တော်နှင့်လုယူနှိပ်စက်သည်ဆို၍နယ်မှုပယ်မှုများ ကိုအလျှောက်
အထား မရှိစေနှင့်၊ လက်ရှိထိမ်း သိမ်း ဆင့်ဆိုစီရင်မြဲတိုင်း ထိမ်း သိမ်း ဆင့်ဆို
စီရင်ကြစေ။

သက္ကရာဇ်၁၂၁၄ခု( နှောင်း )တန်ခူး လပြည့်ကျော်၁၄ရက်နေ့နား ခံ 6 April 1853
မင်း လှမင်း ထင်တွင်ပြန်။

( မှန်တိုင်ပင်စာစု )

ခင်မမင်း ဝန်စာရေးကြီး တို့က ခမည်း တော်ဘုရား သနား တော်မူသည့် ကျေး ကျွန်ရွာ ဆိပ်ကင်း ကူး တို့များ နှင့်နား တော်တွင်း မင်္ဂလာ တော်တွင်း ပေး သွဲ့သနား တော်မူသည့်ယွန်ပေါင်ပြန်တမ်း မြို့ရွာ လှေလှူဆင်ဥယဉ်လယ်ယာ ကိုင်း ကျွန်း ဆိပ်ပွဲကင်း ကူး တို့အစုအငန်း ကျွန် တော်မျိုး တို့ကို စာရင်း ဆက်သွင်း ရှိသည့်အတိုင်း အစု သေနတ်ဗိုလ်မြို့ဝန်မြို့သူကြီး မြို့စာရေး စုထိန်း စုအုပ်တို့က အဆင့် ဆင့်အဆိုအခေါ်အချအနှုတ်အယူအ နှောက်အရှက် မရှိ စေရ၊ အထက်အမိန့် တော်မြွက် ရင်း နှင့်အညီဆင့်ဆိုအုပ်ထိန်း စည်း ကြပ်ထမ်း ရွက်မြဲအုပ်ထိန်း ဆင့်ဆိုစည်း ကြပ် ထမ်း ရွက်ပါရမည့်အကြောင်း နှင့်ရှိနိုး သံ တော်ဦး တင်ချက်အတိုင်း စာရင်း ဆက်သွင်း ရာပါလက်နက်သင်း သေနတ်စာရင်း ပါလူတို့ပြင်ကျွန်လက်ရှိလူတို့နှင့် ခမည်း တော်ဘုရား ပေး သွဲ့သနား တော်မူရာပါသည့်အသုံး ကံ ရွေး ခံမြို့ ကျေး ရွာ လှေလှူဆင်လယ်ယာကိုင်း ကျွန်း ဥယည်ဆိပ်ပွဲကင်း ကူး တို့များ ကိုအစု သေနတ် ဗိုလ်မြို့ဝန်မြို့သူကြီး မြို့စာရေး စုထိန်း စုအုပ်တို့ကအ နှောက်အရှက်အနှုတ်အယူမရှိ စေနှင့်၊ ခင်မမင်း ဝန်စာရေးကြီး တို့ကဆင့်ဆိုအုပ်ထိန်း ထမ်း ရွက်စေ။

သက္ကရာဇ် ၁၂၁၄ ခု ( နှောင်း )တန်ခူး လပြည့်ကျော် ၁၄ ရက် နေ့နား (6 April 1853)
ခံမင်း လှမင်း ကျော်တွင်ပြန်။
( ရှေး ဟောင်း သုတေသန )

မြို့ဝန်ရဲဘက်မြင်းဝန် ထောင်မှူး မြို့စာရေး မြင်း ခေါင်း မြင်း စီး တို့နှင့် ချောင်း ဆုံသံဘိုရွာအစီရင်သူကြီး ခေါင်း အကြီး တို့၊ ခင်မမင်း ဝန်စာရေး ကြီး တို့က ခမည်း တော်ဘုရား သနား တော်မူသည့် ကျေး ကျွန်ရွာဆိပ်ပွဲကင်း ကူး တို့မှာ: နှင့်နား တော်ထွင်း မင်္ဂလာ တော်တွင်း ပေး ဘွဲ့သနား တော်မူသည့် ယွန်း ပေါင်ပြန်ထမ်း ပါမြို့ရွာ လှော်လှူဆင်ဥယည်လယ်ယာကိုင်း ကျွန်း ဆိပ်ပွဲကူး တို့ အစုအငန်း ကျွန် တော်မျိုး တို့ကို စာရင်း ဆက်သွင်း ရှိသည့်အတိုင်း အစု သေနတ်ဗိုလ် မြို့ဝန်မြို့သူကြီး မြို့စာရေး စုထိန်း စုအုပ်တို့ကအဆင့်အဆို မရှိအ ခေါ်အချအနှုတ်အယူ အနှောက်အယှက် မရှိ ပါစေရအထက်အမိန့် တော်မြတ်ရင်း နှင့်အညီဆင့်ဆိုအုပ်ထိန်း ထမ်း ရွက်မြဲတိုင်း အုပ်ထိန်း ဆင့်ဆိုစည်း ကြပ်ထမ်း ရွက်ပါရမည့်အကြောင်း နှင့် ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း စာရင်း ဆက်သွင်း ရာပါလူလက်နက်သင်း သေနတ်စာရင်း ပါလူတို့ပြင်ကျန်လက်ရှိလူတို့နှင့်ခမည်း တော်ဘုရား ပေး ဘွဲ့သနား တော်မူရာပါအသုံး ကံ ကျွေး ခံမြို့ ကျေး ရွာ လှော်လှူဆင်လယ်ယာဥယည်ကိုင်း ကျွန်း ဆိပ်ပွဲကင်း ကူး တို့မှာ: ကိုအစု သေနတ်ဗိုလ်မြို့ဝန်သူကြီး မြို့စာရေး စုထိန်း စုအုပ် တို့ကအနှောက်အယှက်အနှုတ်အယူ မရှိ စေနှင့်ခင်မမင်း ဝန်စာရေး ကြီး တို့ကဆင့် ဆိုအုပ်ထိန်း ထမ်း ရွက် စေ။

6 April 1853

သက္ကရာဇ် ၁၂၁၄ ခု ( နှောင်း )တန်ခူး လပြည့်ကျော် ၁၄ ရက် နေ့ဘုရား အမိန့် တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည်အတိုင်း ဆင့်ဆိုအုပ်ထိန်း ထမ်း ရွက် စေ၊ ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သောဘုရား ညီ တော်အိမ်ရှေ့မင်း အမိန့် တော်ကိုဦး ထိပ်ထမ်း ရွက်ရသည်ဖြစ်သည်၊ ချောင်း ဆုံသံဘိုရွာရှိဘွဲ့ပါယဉ် တော်ခံကျွန် တော်မျိုး တို့ကို ကျေး ရွာအစီရင်သူကြီး ခေါင်း အကြီး မြင်း ခေါင်း မြင်း စီး တို့ကအနှောက်အယှက်အနှုတ်အယူ မရှိ စေနှင့်အသျှင်နန်း မတော်ဝန်စာ ရေး ကြီး တို့အုပ်ထိန်း ဆင့်ဆိုရာနာခံထမ်း ရွက် စေရမည်။

ဝန်မင်း မှာ: စာ။

( ရှေး ဟောင်း သုတေသန )

အတွင်း သေနာပတိ၊ ပြင် သေနာပတိပြု၍တိုင်း ပြည်ကိုစီရင် ရေး စီရင်ခွင့်နှင့်တကွလွှဲအပ်ထား သည့်မှူး ကြီး မတ်ကြီး တို့သည်တိုင်း ပြည်အစိတ်အဝက်စစ်လက်စမစဲမငြိမ်း ရှိသည်ကိုမည်သို့အကြံပြု သော်သင့် လျော်မည်အကြံမိကြံမ် မေး တော်မူရာ၀ စွန်း စွန်း လျား လျား ခုခံရန်အ ရေး တိုက်လှန်သိမ်း ယူရန်အ ရေး ကိုကြား သမျှနှစ်သက် လောက် အောင်မတင်မ လျှောက်ကြ၊ ဘုရား ဘကြီး တော်ဘုရား လက်ထက် တော်က မှူး မတ်အမှုထမ်း ရဲမက်များ သည်အတိုက်အလှန်အကြံအစည် ကြောင့်ပြည်ယုတ် လျော့သည်၊ နောင် တော်ပုဂံမင်း လက်ထက်မင်း နှင့်တကွမှူး မတ်ပြည်သူတို့အစည်း အကြပ်အကြံအစည်မရှိ၊ အမှုထမ်း ရဲမက် ကောက်ငင်ကာယခုထက်ရ ပါသည်၊ ယခုအခြား အ ရေး ကို ဝရိယပြုသည်ထက်လက်နက်များ အောင်အမှုထမ်း စွန့်စား အောင်အစား အ သောက်ခွန် ပေါ်များ အောင်မြစ်စဉ်တလျှောက်မြို့ရွာများ မှာလည်း သာယာညွှင်း ပြောင်း ကျိုး ကြောင်း ပြသမစအုပ်ထိန်း သိမ်း ပိုက်နိုင်၍အ ကြောင်း ရှိလျှင်စိတ် ပါကိုယ် ရောက်သက်စွန့်ကြိုး ပန်း ထမ်း ရွက်မည့်သူ အောက်လူအမှုထမ်း တို့ကိုကိုယ်နှင့်ထပ်တူရ အောင်စည်း ကြပ်နိုင်သူတမြို့တ ယောက်စီအအုပ်အထိန်း ထား၍မြစ်စဉ်ဝန်ဆင့်ဆိုရာနာခံရမည်ခန့်ထား လျှင်သင့်ပါမည်၊ မြို့သူကြီး နှင့်ယုံရန်မရှိပါ၊ အကြံ တော်ရှိရင်း မလွန်မြို့တွင်လည်း မြစ်ကျဉ်း သည်ဖြစ်ပါ၍ ရတနာပုံတိုက်ကိုခိုင်ခန့်ကြီး ကျယ်စွာ နေ့လမကြာတည်လုပ် တော်မူ စေချင်ပါသည်၊ ရေ ကြောင်း ကခုခံနိုင် အောင်ရဲ လှေကိုလည်း ကြေးငွေစိုက်ထုတ်၍လုပ် ဆောင်ပြီး ပြေလွယ် အောင်ပြုပြီး လျှင်အ မြောက်တင်၍အသင့်ရှိမှစိတ်ချသာပါမည်၊ ယခုတိုက် တော်ရှိဘုံး ၁၇၊ ဘုံး ဆံ ရေ ၁၇၃၊ အ မြောက် ၁၄၈၇၊ အ မြောက်ဆံ ၁၀၄၀၆၊ စိန် ၃၄၆၊ စိန်ဆံ ၂၁၀၀၊ ယမ်း ပြီး ချိန် ၃၀၀၀၀သာရှိပါသေး သည်၊ ဘုရား ဘကြီး တော်ဘုရား လက်ထက် တော်က စ၍မင်း လေး ဆက်မှီမှူး ကြီး မတ်ကြီး တို့သည်လည်း ကွက်ကွက်ကွင်း ကွင်း အကြံအစည်နှင့်ပြည့်စုံ လောက် အောင်မတင်မ လျှောက်အကြံ တော်ရှိသည်ကိုအမိန့် တော်ရှိလျှင်အကြောင်း သင့်လိုက်၍တင် လျှောက်ကြသည့်အမှုသာရှိပါသည်၊ မင်း ကြီး တ ယောက်ကအလုပ်အ ဆောင်ကိုတွင် အောင်လုပ် ဆောင်မည်၊ မင်း ကြီး တ ယောက်ကအမှုထမ်းလူကိုစိတ်ပါကိုယ် ရောက်ရ အောင်ကြံမည်၊ မင်း ကြီး တ ယောက်ကအစား အ သောက်

ခွန်ပြည့်စုံ အောင်ကြံမည်၊ မင်းကြီး တယောက်က ကြေး ငွေကိုလှယ်ဖယ်၍အသုံး တော်ခံနိုင် အောင်ကြံမည်များ ကိုအာမခံ၍ နေ့ညမပြတ်လုပ် ရေးကြံ ရေး ကို တွေး နိုင်မှသင့်ပါမည်၊ မှူး မတ်ဗိုလ်မှစ၍တိုင်း ပြည်ခ လေ့ရေ ဘောင်စီး ပြု သည်ကာလရှည်ကြာ သော ကြောင့် ရေးကြောင်း ရှိမှ ကောက်ငင်မရ၊ လူကုံ့လူ ထောက်လည်း နောက်ကကဲ့သို့မဟုတ်ဖြစ်ပါ၍ မှူး မတ်ပြုသူတို့ကိုကြပ်ကြပ်တည်း တည်း အမိန့်တော်နှင့်တာဝန်း ထား၍ပြုတော်မူ သော်သင့်သည်ဘုရား ။

(၆ April 1853)

(သက္ကရာဇ် ၁၂၁၄ ခု နှောင်းတန်ခူး လပြည့်ကျော် ၁၄ ရက်နေ့)

(တိုး လှစါစု)

ဧဥ ယျှဓမ္မာဘိဝံသသီရိပဝရာလင်္ကာရဓမ္မ သေနာပတိမဟာဓမ္မရာဇာဓိ
ရာဇဂုရုတံဆိပ်တော်ရဆရာတော်ကြီး သည်ပိဋကတ်သုံးပုံကိုချောက်ချား စေ
လျှက်ပရိယတ်ပဋိပတ်ပဋိဝေဒတည်း ဟူသောသာသနာတော်၏အစီးအပွါးများ
စေကြောင်းကိုဆောင်စွမ်း တော်မူနိုင်သည့်အကျင့်အာစါရသီလဝိသုဒ္ဓိသမာဓိ
ဝိသေသဂုဏ်အထူး နှင့်ပြည့်စုံ တော်မူ၍အမရပူရဒုတိယမြို့တည်နန်း တည်ဖြစ်တော်
မူသောခမည်း တော်မင်းတရားကြီး ဘုရား ရွှေလက်ထက်တော်သာသနာပြု
အပ်တော်မူသောသူရိယာဝံသာဘိသီရိပဝရာလင်္ကာရဓမ္မ သေနါပတိမဟါဓမ္မရါဇါဓိ
ရာဇဂုရုတံဆိပ်တော်ရသဲအင်း ဆရာတော်ကြီး၏နည်း နာဥပဒေသကိုခံရင်း
ဆရာတော်ဖြစ်၍သာသနာပြုဆရာတော်ကြီး အာယုက္ခရချုပ်တော်မူသည်နောက်
သာသနာရေး သာသနာမှုဆုံး ဖြတ်စီရင်ရန်ရှိသည်များ ကိုဓမ္မကံကြောင်း အ
လျှောက်ဆုံး ဖြတ်စီရင်စေမည်သာသနာပြုအပ်တော်မူသည်၊ သက်တော်ကြီး ဝါ
တော်ကြီး ပုဂ္ဂိုလ်သူမြတ်ဖြစ်သည် ( ငါ့ ) ရွှေလက်ထက်တော် ( မှာ ) လည်း ဧဥ ယျှ
ဓမ္မာဘိဝံသသီရိပဝရာလင်္ကာရဓမ္မ သေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု
တံဆိပ်တော်ရဆရာတော်ကြီး ကိုသာသနာပြုအပ်တော်မူသည်၊ ရွှေပြည်တော်မှ
စ၍နိုင်ငံတော်အတွင်း သတင်း သုံး နေသည့်ရဟန်း သံဃာတော်တို့တွင်ဓမ္မကံ
ကြောင်း အလျှောက်ဆုံး ဖြတ်စီရင်ရန်ရှိသည်များ ကိုသာသနာပြုဆရာတော်
ကြီး ကဆုံး ဖြတ်စီရင်စေ၊ အမိန့်တော်ပြန်တမ်း များ ကိုထုံး စံရှိရာသုဓမ္မာ
စရပ်တော်တွင်ပြန်စေ။

16 April 1853

သက္ကရာဇ် ၁၂၁၅ ခုကဆုန်လဆန်း ၁၀ ရက်နေ့နားခံမင်းထင်မင်း
ကျော်ရာဇာတွင်ပြန်။

( မျိုးကြည့်၊ ပု၊ ၆၁၄၊ ၆၁၉၊ ကုန်း ၊ တ၊ ၁၉၆၇၊ စါ ၁၅၄ )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ဧဥယျမဗ္ဗာဘိပံသသီရိပဝရာလင်္ကာရဓမ္မ သေနာပတိမဟာ ဓမ္မရာဇာဓိရာဇာဂုရုတံဆိပ် တော်ရဆရာ တော်ကြီး သည်ပိဋကတ်သုံး ပုံကို ချောက်ချား စေလျှက်ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဒတည်း ဟူ သော သာသနာ တော်အစီး အပွါး များ ကြောင်း ဆောင်စွမ်း တော်မူနိုင်သည့်အကျင့်အာစာရသီလ ဝိသုဒ္ဓိ သမာဓိ ဝိသေသ ဂုဏ်အထူး နှင့်ပြည့်စုံ တော်မူ၍အမရပူရ ဒုတိယမြို့တည်နန်း တည် ဖြစ် တော်မူ သော ခမည်း တော်မင်း တရား ကြီး ဘုရား ရွှေလက်ထက် တော်သာ သနာပြုအပ် တော်မူ သော သူရိယာဝံသသီရိပဝရာလင်္ကာရဓမ္မ သေနာပတိမဟာ ဓမ္မရာဇာဂုရုတံဆိပ် တော်ရသဲအင်း ဆရာ တော်ကြီး ၏နည်း နာဥပဒေသကိုခံ ရင်း ဆရာ တော်ဖြစ်၍သာသနာပြုသဲအင်း ဆရာ တော်ကြီး အာယုက္ခယချုပ် တော် မူသည် နောက်သာသနာ ရေး သာသနာ မှုဆုံး ဖြတ်စီရင်ရန်ရှိသည်များ ကိုဓမ္မကံ ကြောင်း အ လျောက်ဆုံး ဖြတ်စီရင် စေ မည်သာသနာပြုအပ် တော်မူသည်၊ သက် တော် ကြီး ဝါ တော်ကြီး ပုဂ္ဂိုလ်သူမြတ်ဖြစ်သည်၊ (ငါ့) ရွှေလက်ထက် တော်လည်း ဧဥယျမဗ္ဗာ ဘိဝံသသီရိပဝရာလင်္ကာရဓမ္မ သေနာပတိမဟာဓမ္မရာဇာဓိရာဇာဂုရုတံဆိပ် တော်ရဆရာ တော်ကြီး ကိုသာသနာပြုအပ် တော်မူသည်၊

ရွှေပြည် တော်မှ စ၍ နိုင်ငံ တော်အတွင်း သာတင်း သုံး နေသည့်ရဟန်း သံဃာ တော်တို့တွင်သာသနာ ရေး သာသနာ မှုနှင့် စပ်သည်များ ကိုဓမ္မကံ ကြောင်း အ လျောက်ဆုံး ဖြတ်စီရင်ရန်ရှိလျှင်သာသနာပြု ဆရာ တော်ကြီး ကဆုံး ဖြတ်စီရင် စေ။

20 April 1853

သက္ကရာဇ် ၁၂၁၅ ခုကဆုန်လဆန်း ၁၄ ရက် နေ့အခါမ ရောက် မီသုဓမ္မာစ ရပ် တော်မှာပွဲသဘင်စုံခံ နေရသည်၊ လွှတ် တော်ကအမိန့် တော်ပြန်တမ်း ၊ သာ သနာပိုင်ပြန်တမ်း များ ကိုကတ္တီပါအိတ်အဖျား ရွှေဇာကွပ်မှာထည့်၍ ရွှေသား က လပ် ပေါ် မှာတင်ပြီး လျှင်အမိန့် တော် ရေး မင်း လှ ကျော်ထင်ကိုင်လျှက် ရှေ့ကစ

မြောင်သိုရင်း နှင့် ၂ ခင်း ကျင်း ၍ နောက်ကအသည် ဝန်မင်း ဝန်ထောက်
ဒိုင်း ဝန်မင်း တရား သူကြီး တောင်ခွင်မြို့စား ဟောင်း ၊ တရား နား ခံ
တရား စာရေး ၊ မှူး တော် ၊ မတ် တော်အများ လိုက်ရသည် ၊ သုဓမ္မာစရပ်သို့
ရောက်လျှင်ပြန်တမ်း ကို ရွှေသား ကလပ်နှင့်သင့်ရာ ကော် ဇော ပေါ်တွင်တင်
ထား ရသည် ၊ အခါရောက်၍ ပုဏ္ဏား ကအခါကြား လျှင်အမိန့် တော်ကိုနား ခံ ပြော
ကြီး မှူး ပြန်သည် ၊ နောက်သာသနာပြုဆရာ တော်အမိန့် တော်ကို၎င်း နား ခံ
ပြန်သည် ၊ ပြီး လျှင်နန်း မ တော်ဘုရား ကဆရာ တော်တို့ကိုဆွမ်း လုပ် ကျွေး သည်။
( မြိုး ကြည့် ၊ ပု ၊ ၆၁၄၊ ၂၆၁၉ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဂဝရှင်မင်း တရား ကြီး ဘုရား အ
မိန့်တော်ရှိသည်၊ ခမည်း တော်မင်း တရား ကြီး ရွှေလက်ထက် တော်ကပင်နိုင
ငံတော်အတွင်း အရပ်ရပ်မြို့ ကျေး ရွာ များ မှာ သာသနာ တော်အစည်အပင်အ
ပွင့်အလင်း ဖြစ် အောင်ပြုစုစီမံ့မည်သင်္ဃာ တော်တို့တွင် ပေါ်ရှိသည်အဓိကရုဏ်း ကို
ပြေပြစ် အောင်ဆုံး ဖြတ်စီမံ့မည်၊ ကိုယ်ခွဲနား မျက်စေ့ပြု၍ ဌာနန္တရအသီး အသီး
အပ်ထား သည်၊ ထား သည့်ပုဂ္ဂိုလ်တို့လည်း သာသနာ တော်ကိုစည်ပင်ပွင့်လင်း အောင်
ပြုနိုင်ကြသည်လည်း မဟုတ် ပေါ်ရှိသည့်အဓိကရုဏ်း ကို ပြေငြိမ်း အောင်ဆုံး ဖြတ်နိုင်
ကြသည်လည်း မဟုတ်၊ အပေါင်း သင်္ဃာကို လောကာမိဿဖြင့်သာငြိုငြင်ပင်ပန်း စေ
သည်၊ ဂိုဏ်း အုပ်ဂိုဏ်း ချုပ်တို့ ကြောင့်ပင်သီလဝန်၊ ဂုဏဝန်၊ ထေရ်မှန်၊ ထေည်
မြတ်တို့သည်လိုလွန်စွာရဟန်း တရား ကိုအား မထုတ်ကြရ၊ ကာယသမ္မာဒ၊ စိတ္တသ
မ္မာဒဖြစ်သည်၊ အရပ်ရပ်မြို့ ကျေး ရွာ များ မှာ ဂိုဏ်း အုပ်ဂိုဏ်း ချုပ်မရှိ စေနှင့်၊
သင့်သည်ဌာန၊ သင့်သည်ကာလ၊ သင့်သည့်ပုဂ္ဂိုလ်တို့ကို ထောက်ရှု၍ထား သင့်လျှင်ထား
မည်၊ သင်္ဃာ တော်တို့တွင်အဓိကရုဏ်း ပေါ်ရှိလျှင်မိမိတို့နှစ်ချက်ရာနှစ်ဝိနည်းမိုရ်
သုံး ဝိနည်း မိုရ်တို့ထံအဆုံး အဖြတ်ကိုခံကြ စေ၊ နှစ်ဝိနည်း မိုရ်၊ သုံး ဝိနည်း မိုရ်တို့
ဆုံး ဖြတ်၍ မှစိတ်မချနိုင်လျှင် ရွှေမြို့ တော်မှာတက်၍ လျှောက်ထား ကြ စေ၊ သာသ
နာဒါယကာ မဟာဓမ္မရာဇာတရား မင်း မြတ်သည်သာသနာ တော်၏စည်ပင်ပွင့်
လင်း ခြင်း သာသနာ တော်၏သန့်ရှင်း စင်ကြယ်ခြင်း ၊ လဇ္ဇီပေသလသိက္ခာကာမ
ပုဂ္ဂိုလ်တို့၏စည်ပင်ပြန့်ပွါး ခြင်း ကိုအလွန်အလိုရှိ တော်မူသည်၊ သူတော်တရား ကိုအား
ထုတ်လိုသည်၊ ပုဂ္ဂိုလ်မှန်ပုဂ္ဂိုလ်မြတ်တို့မှာ မောဟစကား ဖြင့်ကာလကိုမလွန် စေရ၊
ဓုတင်နှစ်ပါး ကိုအား ထုတ်လိုသမျှကိုလွန်စွာအား ထုတ်ကြ စေ၊ အလဇ္ဇီပုဂ္ဂိုလ်တို့က ထောင်
ထား လျှင်လဇ္ဇီသူ တော် ကောင်း တို့ကအ ပေါင်း အစည်း ပြု၍ နှိမ်နင်း ရမည်၊ အလဇ္ဇီ
ပုဂ္ဂိုလ်တို့ကအား ရှိ၍ဘိစီး လွှင်း မိုး လျှင်လဇ္ဇီသူ တော် ကောင်း တို့က ရွှေမြို့ တော်မှာ
လျှောက်လာကြ စေ၊ နေပြည် တော်ရှိတံဆိပ်ရဆရာတိုက်တာ ထိန်း သူတို့မှာလည်း
တပည့်ပရိတ်သတ်တို့ကိုဆုံး မနိုင်သည့်သတ္တိရှိလျှက်အဆုံး အမကိုမ ပေး ဘဲပရိတ်သတ်အ
များ ကို မွေး မြူကြသည်လည်း ရှိသည်၊ မိမိသည်အဝတ်အစား အသွား အလာကိုမျှမ

သိမလိမ္မာသေး ဘဲလျှက်ပရိတ်သတ်အများကို မွေးမြူကြသည်လည်း ရှိသည်တပည့်သံဃာတို့ကိုအကမ္ဘိသမာဒါနအရာနှိုက်သာအား ပါး ပေး၍ မွေးမြူကြသည်လည်း ရှိသည်၊ နေပြည်တော်ရှိဆရာတို့မှာ မိမိတို့ဆုံးမနိုင်လောက်ရုံမျှသောတပည့်ကိုသာလက်ခံသိမ်းဆီး မွေးမြူကြစေ။

(သက္ကရာဇ် ၁၂၁၅ ခုကဆုန်လဆန်း ၁၄ ရက်နေ့) (20 April 1853)

(မှိုး ကြည့်၊ ပု၊ ၆၁၉)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ ငါအသျှင်ကေရာဇ်မင်း မြတ်သည် ရှေး ရှေး သော ဘဝတို့၌ ဖြည့်ဆည်း ဘူး တော်မူအပ်သော ပါရမီဒဗ္ဗသမ္ဘာရအဆောက်အဦး တော်ကြောင့် လောကသမုတိနတ်မြတ်သော မင်း အဖြစ်သို့ ရောက်တော်မူလျှင်သမ္မာသမ္ဗောဓိ ဆုကိုရည်သန်လျက် ရှေး ဘုရား အလောင်း မင်း ကောင်း မင်း မြတ်မန္ဓာတ် စကြာဝတေး တို့ကျင့်ထုံး အလုံး စုံ သော ရာဇဓမ္မအပရိဟာနိယတရား များ ကို ကျင့်ဆောက်တော်မူသည့်အတိုင်း သာသနာတော်စည်ပင်ထွန်း လင်း၍သား တော်အစဉ် မြေး တော်အဆက်မြစ်တော်အညွန့်အဖွန့်ရှည်စွာပြည်သူသတ္တဝါအပေါင်း တို့ချမ်း သာခြင်း ကိုအလိုရှိ တော်မူသည်၊ ကေရာဇ်မင်း မြတ်သူ ကောင်း ပြုကိုခံ၍ အသျှင် ရေး တိုင်း ပြည်မြို့ရွာသာသနာတော် ရေး များ ကိုကြည့်ရှုစီရင်ရ သော မှူး မတ်တို့မည်သည် မဟုတ်မမှန်ချွတ်ယွင်း သော စကား ကို ပြောဆိုခြင်း၊ အမျက်ပြင်း စွာထွက်ခြင်း ၊ ရွှင် ပျော်မြူး တူး ခြင်း တည်း ဟူ သောမြစ်အပ် သော တရား သုံး ပါး ၊ မျက်နှာ၊ ဥစ္စာ၊ မေတ္တာဟူ သော တံစိုး သုံး ပါး ၊ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိဟူ သောအဂတိ လေး ပါး ၊ သည်း ခံခြင်း ၊ နိုး ကြား ခြင်း ၊ ထကြွလုံ့လရှိခြင်း ၊ ခွဲခြမ်း ဝေဘန်ခြင်း ၊ သနား ခြင်း ၊ လောကဝိနိစ္ဆယ၊ ဓမ္မဝိနိစ္ဆယ၊ ရာဇဝိနိစ္ဆယအကြောင်း သုံး ပါး ကိုကြည့်ရှုခြင်းတည်း ဟူ သောနာယက ဂုဏ် ခြောက်ပါး ၊ အကြား အမြင်များ ခြင်း ၊ သီလရှိခြင်း ၊ ရဲရင့်ခြင်း ၊ လုံ့လရှိ ခြင်း ၊ အောင်မြင်ပြီး စီး လွယ် သောအမှုကိုပြုခြင်း ၊ စွမ်း ပကား ခွန်အား ရှိ ခြင်း ၊ ရွှေငွေဥစ္စာကိုမစုံမက်ခြင်း ၊ ချစ်ဘွယ် သော စကား ကိုဆိုခြင်း တည်း ဟူ သော မှူး ကောင်း မတ် ကောင်း တို့အင်္ဂါရှစ်ပါး စ သောမြစ်အပ်ပယ်အပ်ပြည့်စုံစေ အပ် သော တရား တို့ကိုနှလုံး ထား ၍တိုင်း ရေး ပြည်မှုကိုကြည့်ရှုစီရင်သင့်သည်ကို နောင် တော်မင်း တရား မှူး မတ်တို့သည်မကြည့်မရှုမဟုတ်မမှန် ကြေး ငွေပန္နာ အများ စား ယူကြ သော ကြောင့်ဆင်း ရဲသား ကျွန် တော်မျိုး တို့အလွန်ပင်ပန်း ကြ ရ လေသည်၊ ငါ့ရွှေလက်ထက် တော် မှူး မတ်ပြုသူတို့သည် ရှေး ဘား လောင်း တော်ဘိုး လောင်း တော်မင်း ကောင်း မင်း မြတ်လက်ထက်မှူး ကောင်း မတ် ကောင်း တို့

ထုံး တံထွာ များ ကိုနှလုံး တား ၍သာသနာ တော်အစီး အပွါး ၊ ငါအသျှင်ဧကရာဇ်
မင်း မြတ်အစီး အပွါး ၊ ပြည်သူလူခပ်သိမ်း တို့အစီး အပွါး ဖြစ်ထွန်း အောင်ရွက်
ဆောင်ရမည်ဖြစ်သည်၊ တရား စကား နှင့်စပ်သည်ကိုအတွင်း တော်လွှတ်တော်
ရှေ့ရုံး နောက်ရုံး များ ကမစစ်မကြောမစီရင်ကြစေနှင့်၊ တရား ရုံး ကတ
ဝတည်း စစ်ကြောစီရင်စေ၊ ငိုး မှုရာမှု၊ နယ်မှု၊ မြေမှုစကား များ မှာ
လွှတ်တော်ကစစ်၍သွင်း စေ၊ ရာဇဝတ်မှုစပ်ဆိုင်သည်ကို ရှေ့ရုံး ကစစ်ကြောစီ
ရင်စေ၊ အတွင်း တော်လွှတ်တော် ရှေ့ရုံး နောက်ရုံး တရား ရုံး များ မှာလည်း
အရည်အလျောက်အသီး အသီး သူကောင်း ပြု၍ ရှိသည်၊ စာရေး လုလင်တို့ကိုလည်း
ငွေ တော်ထုတ် ပေး သနား တော်မူမည်၊ ငိုး မှုရာမှုရာဇဝတ်မှုတရား စ
ကား လျှောက်ထား သည့်အမှုများ နှင့်အယူခံဥာဏ်ပူဇော်၊ ရေး စား လုလင်
ဝတ်မှစ၍ ကြေး ငွေအ တောင်း အခံအကုန်အကျမရှိ စေနှင့်၊ နေ့ရက်မရှည်မကြာ
စေရ၊ ပြီး ပြတ်လွယ် အောင်သာဆုံး ဖြတ်စီရင်ကြစေ။

ရွှေပြည် တော်မှစ၍ နိုင်ငံ တော်အတွင်း အရပ်ရပ်အဝေး မြို့ကျေး ရွာဆိုင်ရာ စုထိန်း စုအုပ်တို့မှာတရား မှုရာဇဝတ်မှုများ နှင့်ပြောဆိုလာလျှင်

| | ကျပ် | မူး | ပဲ |
|---|---|---|---|
| တရားတက် | | ၅ | |
| အစစ်ခံရေး | | ၅ | |
| အယူခံဥာဏ်ပူဇော်ခတဘက်သင့် | | ၅ | |
| ကောက်ချက်ဖြတ်စာရေး | | ၂ | ၁ |
| လဘက်ဘိုး | | ၂ | ၁ |

ကျမ်းစွဲကိုင်ကြိန်ဆိုကြရသည့်တရားစကားမှာ

| | ကျပ် | မူး | ပဲ |
|---|---|---|---|
| မိဋ္ဌာန်ချုပ်ရေး တဘက်သင့် | | ၅ | |
| လုလင် | | ၂ | ၁ |
| ကျမ်းထုတ် | | ၂ | ၁ |
| ကျမ်းပင့်ကျမ်းတိုက် | | ၂ | ၁ |

မီးထွန်းဆံဝါး ရေလာခဲ ထောက်ကမ္ဘာလေး ရပ်တို့တွင်တရပ်ရပ် စီရင်ပြန်ရလျှင်လည်း

(၁) မီးထွန်းမှုမှာ

| | ကျပ် | မူး | ပဲ |
|---|---|---|---|
| မိဋ္ဌာန်ချုပ်ရေး တဘက်သင့် | | ၅ | |
| လုလင် | | ၂ | ၁ |
| ဘယောင်းဘိုး | | ၂ | ၁ |
| နာရီစောင့် | | ၂ | ၁ |

(၂) ဆံဝါးမှုမှာ

| | ကျပ် | မူး | ပဲ |
|---|---|---|---|
| မိဋ္ဌာန်ချုပ်ရေး တဘက်သင့် | | ၅ | |
| လုလင် | | ၂ | ၁ |
| ဆံဘိုး | | ၂ | ၁ |
| နာရီစောင့် | | ၂ | ၁ |

| | ကျပ် | မူး | ပဲ |
|---|---|---|---|
| (၃) ရေလား မှုမှာ | | | |
| ဓိဋ္ဌာန်ချုပ် ရေး တဘက်သင့် | | ၅ | |
| လုလင် | | ၂ | ၁ |
| ဆိပ်ထိန်း | | ၅ | |
| တိုင်စိုက် | | ၅ | |
| ကြိုး ကိုင် | | ၅ | |
| ဝါး နှိပ် | | ၅ | |
| နာရီ စောင့် | | ၅ | |
| (၄) ခဲထောက်မှုမှာ | | | |
| ဓိဋ္ဌာန်ချုပ် ရေး တဘက်သင့် | | ၅ | |
| လုလင် | | ၂ | ၁ |
| ခဲဘိုး | | ၂ | ၁ |
| သက်ကယ်စီး ခဲ စောင့် | | ၂ | ၁ |
| လုလင်ဝတ်မှာတရား မှုရာဇဝတ်မှုမှစ၍ ချခေါ်ရလျှင် | | | |
| တတိုင်လျှင် | | ၅ | |
| တရား ပြီး ပြတ်သည့်ကာလ | | | |
| ဖြတ်စာ ရေး | | ၅ | |
| လုလင် | | ၂ | ၁ |
| ရွှေနေတို့မှာ | | | |
| တခေါက်တခါလဲဆိုရလျှင် | | ၂ | ၁ |
| ခရီး ဝေး လိုက်ရလျှင်တတိုင်လျှင် | | ၅ | |
| ထောင်တန်း အကျဉ်း ချုပ်ထား ရသည့်အမှုမှာ | | | |
| အချုပ်စား | | ၅ | |
| ကွမ်း ဘိုး မှာ | | | |
| လျှော်ပြစ် လျှော် ဒဏ်တပိဿာလျှင် | | ၁၀ | |

သည်မှူးသာစား ယူကြစေ၊ မှတ်ချက်ရေး မှတ်ပုံတင်အထည်ခံ့ချါအဆိုထိုး အဆိုခံစာ ရင်း တင်ကြေး အတောင်း စား အရစား စသည်ချဲ့ထွင်၍အပိုအမိုမစား မယူ ကြစေနှင့်၊ ဝါသမုတ်ပြဋ္ဌာန်း ပိုင်းခြား တော်မူသည့်အမိန့်တော်အာဏာတော် မတည်ပိုမိုစား ယူကြလျှင်စား ယူသူတို့ကိုဝန်တို့ကအပြစ်အလျောက်စီရင်၊ အရပ်ရပ် ထီး ဂုံနန်း ဂုံစော်ဘွား မြို့စား မြို့ဝန်စစ်ကဲမြို့ရွာအစီရင်သူကြီး ခေါင်းအကြီး စုထိန်း စုအုပ်တို့ကို စေ့နှံ့အောင်ဆင့်။

(သက္ကရာဇ်) ၁၂၁၅ ခုကဆုန်လပြည့်ကျော် ၃ ရက်နေ့ (24 April 1853) နံနက်ညီလာခံတွင် အမိန့်တော်အတွင်း ဝန်မင်းကြီး မဟာမင်းလှစည်သူ၊ မင်းကြီး မဟာသီဟ သူတို့ရှေ့သံတော်ဆင့်ရတနာလှကား တော်မှူး မင်းလှသီရိဇေယသူမှတ်။

(သက္ကရာဇ်) ၁၂၁၅ ခုကဆုန်လပြည့်ကျော် ၃ ရက်နေ့ (24 April 1853) နားခံတော်မင်းလှမင်းထင်ကျော်တွင်ပြန်။

(မြို့ကြည့်၊ ပု၊ ၄၇၉၊ အုပ်ချုပ်ပုံ၊ စ၊ ပိုဒ် ၅၁၃ (ရ) စာ ၂၅၉-၆၀၊ ရန္တမိတ် ကျော်ထင်၊ <u>ရေစကြိုခံ့ တော်ဖြတ်ထုံး</u> ၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၇၃၊ စာ ၇၈-၉၊ တောင်ခွင် စာစု၊ သစ်ဆိမ့် စာစု၊ ရွာမွန် စာစု၊ ဆင်ဆဲ စာစု၊ မုန်တိုင်ပင် စာစု)

အတွင်း ဝန်တို့ လျှောက်ပါသည်၊ ဂိုဏ်း အုပ်ဂိုဏ်း ထောက်ဆရာတော်ဘုရား တို့၊
တပယင်း မြို့မှာ ခန့်အပ် တော်မူသည့်မြို့ဝန်စစ်ကဲအရာရှိတို့ဥပဒေ တော်အတိုင်း
ထိန်း သိမ်း စောင့်ရှောက်သည် မစောင့်ရှောက်သည် ဒိ ကြေး သဿမေဓအခွန်
တော် ကောက်ခံသည်မှာလည်း အခွန် တော် ကောက်တို့ဥပဒေမှတ်စာအတိုင်း အ
ညီအညွတ် ကောက်ခံသည် မကောက်ခံသည်အညီအညွတ် မကောက်ခံလျှင်လည်း ဆရာ
တော်ဘုရား တို့ကညီညွတ်မှန်ကန် အောင်မြစ်တား ပါမည့်အကြောင်း ၊ တပယင်း
မြို့နယ် မြေတူး ကျေး ရွာအတွင်း သူခိုး ထားပြတို့ အတိုက်အခိုက်အလုအယူသာယာငြိမ်
ဝပ်ရှိမရှိများ ကိုဆရာ တော်တို့မှာ လျှောက်ထား စေဘုရား အမိန့် တော်မြတ်ကို
ဦး ထိပ်ထက်ဆင်ရွက်ရသည်ဖြစ်ပါ၍ မဟာ ဒါန်ဝန်၊ မဟာ ဒါန်စာ ရေး တို့ကို လျှောက်
ထား မှာ စေသည်၊ မြို့ဝန်စစ်ကဲနား ခံအရာရှိတို့နှင့်အခွန် တော် ကောက်တို့ဥပ
ဒေမှတ်စာအတိုင်း မစောင့်မရှောက် မညီမညွတ်လျှင်ဆရာ တော်ဘုရား တို့ကမြစ်
တား တော်မူ၍ မနာ မယူလျှင်အတွင်း တော်သို့စာသွင်း တော်မူပါမည့်အကြောင်း
မြို့ကျေး ရွာနယ်အတွင်း သာယာငြိမ်ဝပ်ရှိသည် မရှိသည်များ ကိုလည်း ရှေ့နား
တော်မြတ်မပြတ်ကြား တော်မူရ အောင်သုဓမ္မာဆရာ တော်ထံ လျှောက်ထား ပါ
မည့်အကြောင်း ကို လျှောက်ထား ပါသည်ဆရာ တော်အရှင်မြတ်တို့ဘုရား ။

(24 April 1853)

(သက္ကရာဇ် ၁၂၁၅ ခုကဆုန်လပြည့်ကျော် ၃ ရက် နေ့)

(မုန်တိုင်ပင်စာစု)

တောင်ဘက် ကျောက်ဆည်ကိုး ခရိုင်နယ်တွင်း ရှိ ရေခွန်ကျလယ်ပယ်များ မှာ ရှေး အစဉ်ထုံး စံရှိသည့်အတိုင်း ရေခွန် တော်ကို ရေး စစ် တောင်း ခံ၍ဆက်သွင်း စေ။

9 June 1853

သက္ကရာဇ် ၁၂၁၅ ခုပဌမဝါဆိုလဆန်း ၄ ရက် နေ့နား ခံမင်း ထင်မင်းကျော်ရာဇာတွင်ပြန်။

(သစ်ဆိမ့်စါစု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ မဟာ ကျော်ထင်ကိုအသည်ဝန်ခန့် တော်မူသည်၊ သို့ခန့် တော်မူ ကြောင်း လည်း မဟာ ကျော်ထင်သည်ဘိုး တော်ဘုရား လက်ထက်အရာအထူး နှင့် သူ ကောင်း ပြု တော်မူ၍အမှု တော်ကို ပြေကုန် အောင်ထမ်း ရွက်သည်၊ နောင် တော်ဘုရား လက်ထက်တွင်လည်း ငန် ထောက်အသည်ဝန်ခန့် တော်မူ၍အမှု တော် ကိုထမ်း ရွက်သည်၊ ရွှေလက်ထက် တော်လည်း ကျေး ဇူး သစ္စာ တော်နှစ်ပါး ကို စောင့် သိရို သေစွာခန့်ထား တော်မူသမျှအမှု တော်ကိုကြိုး စား အား ထုတ်စိတ်ပါကိုယ်ပါ ထမ်း ရွက်သည်၊ ရှေ့ သို့လည်း ခန့်ထား တော်မူသမျှအမှု တော်ကိုမ သွေမဖီကြိုး စား အား ထုတ်ထမ်း ရွက်မည့်သူယုံမှတ်သနား တော်မူသည့်ကျွန် တော်မျိုး ဖြစ် သော ကြောင့်အသည်ဝန်ခန့် တော်မူသည်၊ အသည်ဝန်ဆိုသည့်အရာသည်ငါအသျှင်ဧ ကရာဇ်မင်း မြတ်တို့တွင်ရာဇဌာနီ ရွှေပြည် တော်ကြီး အခြံအရံများ သောတိုင်း နိုင်ငံအရပ်ရပ်မြို့ ရွာ များ တွင်သူကြီး ပြည်စိုး မြေတိုင်တိုင် ခေါင်း အသည် အလာတို့ နေထိုင်၍မင်း မှုမင်း ခင်း မြို့မှုရွာတာအ သေး အဖွဲ့အလုံး စုံကိုတိုင်သူ ရင်း ခန့်ထား တော်မူသည့်အတိုင်း နေ့စဉ်လစဉ် ပေး ဆုံထမ်း ရွက်ကြရသည့်ကျွန် တော်မျိုး ဖြစ်သည်၊ အရပ်ရပ်မြို့ပြ ရွာ များ တွင်သူကြီး ပြည်စိုး မြေတိုင်တိုင် ခေါင်း အသည်အလာတို့မှာမင်း မှုမင်း ခင်း တိုင်သူရင်း စာရင်း တော်ဘက်ခန့် သည့်အတိုင်း ရှေး ထုံး စံနှင့်အညီသာ ပေး ဆုံခန့်ထား ထမ်း ရွက် စေ၊ အမှု တော် အနည်း ရှိသည်ကိုအများ ခွဲခန့်၍မ ပေး မခံမထမ်း ရွက် စေနှင့်၊ အသည်အလာ ဝင် နေကပ်ပါး အများ ရှိသည်ကိုအနည်း သာရှိသည်စာရင်း ပေး ၍မထမ်း မ ရွက် စေနှင့်၊ ဟုတ်မှန်သည်အတိုင်း တော်တည့် ဖြောင့်မတ်စွာဆိုင်ရာအမှု တော်ကို ထမ်း ရွက်ကြ စေ၊ သူကြီး ပြည်စိုး မြေတိုင်တိုင် ခေါင်အသည်အလာတို့ကိုလည်း အမှု တော် ကိုထမ်း ကုန်နိုင်၍လုပ်စား ဆောင်စား ဖြစ် အောင်မစ၊ သူကြီး ပြည်စိုး မြေ တိုင်တိုင် ခေါင်း အသည်အလာတို့တွင်တရား စကား အရှက်အတင်ရှိလျှင်လည်း ကြီး သည့်စကား ကိုငယ် အောင်၊ ငယ်သည့်စကား ကိုပ ပျောက် အောင်ဂတိသို့မလိုက်ညီ ညွတ်စွာစီရင်။

(5 August 1853)

(5 August 1853)

(သက္ကရာဇ် ၁၂၁၅ ခု ဝါခေါင်လဆန်း ၁ ရက် နေ့)

(မှိုး ကြည့်၊ ပု၊ ဖ၁ဂ၊ မြစိန်၊ မြန်အုပ်၊ ၁၉၇၃၊ ၂၅)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီး ဘုရားအ
မိန့်တော်ရှိသည်၊ စကြာရတနာသခင်ငါအသျှင်ဧကရာဇ်မင်း မြတ်သည်ဖြည့်ကျင့်
အပ်သောပါရမီတော်မြတ်ကြောင့် ရွှေစကြာမန္ဓာတ်မင်းတို့ဝယ်ရအပ်သော
ဆဒ္ဒန်စကြာဆင်ဖြူရတနာကဲ့သို့သကြားနတ်တို့ဆက်သပို့ရောက်သည့်ဆဒ္ဒန်ဆင်မင်း
ကိုနော်ရထာပျံ့ချီကိုဆင်မင်း ဝန်ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း
နော်ရထာပျံ့ချီသည်ကျေးဇူး သစ္စာတော်နှစ်ပါးကိုစောင့်သိရိုသေစွာအမှု
တော်ကိုဖြောင့်ဖြောင့်ရိုးရိုးကြိုးစားအားထုတ်စိတ်ပါကိုယ်ပါထမ်းရွက်သော
ကြောင့်အထိုက်အလိုက်အရာအထူးအဆောင်အရွက်သနား တော်မူ၍အရည်အလျောက်
ခန့်ထားပြုစုတော်မူသည်၊ ရှေ့ကိုလည်းခန့်ထားတော်မူသမျှအမှုတော်ကိုမ
သွေမဖီထမ်းရွက်ထိန်းအုပ်စီရင်နိုင်မည်၊ စီရင်ခင်းစီရင်ဘွယ်အလုံးစုံကို
ကျွမ်းသိနားလည်သသူယုံမှတ်သနား တော်မူသည့်ကျွန်တော်မျိုးဖြစ်၍ဆဒ္ဒန်ဆင်
မင်း ဝန်ခန့်တော်မူသည်၊ ဆဒ္ဒန်ဆင်မင်းသည်ဘိသိက်သွန်းခြင်း မင်းအဖြစ်
ကိုပေး၍ဆဒ္ဒန်ဆင်မင်းကိုအထူးသဖြင့်ချီးမြှင့်ပြုစုတော်မူသည်၊ ကျေးကျွန်
သင်းပင်းမြို့ပြကျေးရွာအဆောင်အရွက်ဆင်ယင်သည့်တံဆာ၊ ဆင်ခြေဘုံး ငင်း
ကိုယ်ရံအတီးအမှုတ်ကံကျွေးကန္နားအစုအငန်းများရှိသည်၊ ဆဒ္ဒန်ဆင်မင်းတွင်
မြက်ရေအဆက်အပေး အအိပ်အစက်အရပ်အနေအညစ်အကြေး သန့်ရှင်းရန်ရှိသည်
များကိုတနေ့မပြတ်အချိန်အခါမှန်ကန်အောင်စောင့်ကြပ်ကြည့်ရှုသန့်ရှင်းစင်
ကြယ်စေ၊ ရေဆက်ပေးသုံးသပ်ချိန်ရောက်လျှင်လည်းသနား တော်မူသည့်အဆောင်
အရွက်အတီးအမှုတ်ဆင်ခြေဘုံးဝင်းကိုယ်ရံတော်များကိုစီရင်ဆင်ကျင်း တီးမှုတ်စေ
၍ရေဆက်ပေးသုံးသပ်မြဲမြစ်ဆိပ်ရောက်ကြပ်မဆက်ပေးသုံးသပ်စေ၊ ရေဆက်
ပေးသုံးသပ်ရာကပြန်ရောက်လျှင်လည်း အနေအထားမှန်ကန်အောင်ချထား
ရပ်နေစေ၊ ခင်းကျင်းသည့်အဆောင်အရွက်ရွှေထည်ငွေထည်များကိုလည်းလုံခြုံ
အောင်သိမ်းထား စောင့်နေထိန်းသိမ်းစေ၊ ဆင်ယင်သည့်တံဆာတော်များ
ကိုဆင်ယင်လျှင်လည်းသိမ်းဆည်းသည့်အချိန်ရောက်သည့်ကာလအစေ့အငုသိမ်းယူ
ထိန်းသိမ်းမြဲသိမ်းယူထိန်းသိမ်းစေ၊ ဆဒ္ဒန်ဆင်မင်းမြက်စားရေသောက်အ

အိပ်အစက်အရပ်အနေအသွား အလာ ဖြောင့်မှန်ရွှင်လန်း သာယာ အောင်ကိုလည်း မပြတ်မလပ် ပေး မြဲ ဆေး ကို လျှောက်ထား ကြည့်ရှုဆက် ပေး စေ၊ ကျန်း မာ ရွှင်လန်း ကြောင်း များ နှင့်အကြောင်း အရာ ရှိသမျှကိုလွှတ် တော်မှာ လျှောက် ထား သင့်သည်၊ အတွင်း တော်မှာတင် လျှောက်သင့်သည်ဆင်ခြင် ထောက်ချင့်၍ လျှောက်၊ ဆဒ္ဒန်ဆင်မင်း အစား အသောက်အအိပ်အနေ ဖြောင့်မှန်ရွှင်လန်း ကျန်း မာ အောင်ကိုအမြဲနှလုံး ထား ၍ မပြတ်မလပ် နေ့ညည့်ကြပ်မှအုပ်ထိန်း နှိုး ဆော်စီရင်၊ နေ့ညည့်အစောင့်အနေလူတို့ကိုလည်း အလှည့်သင့် နေ့ည စောင့် နေ စေ၊ ဆဒ္ဒန်ဆင်မင်း ဝင်း ကိုယ်ရံ တော်အစုအငန်း သား ကံ ကျွေး ကန္နား အစေ အပါး လူတို့ကိုလည်း ရွေး ချယ်စီစစ်၍အမှုတော်ကိုအရှည်ထမ်း ကုန်နိုင် အောင်နှိုး ဆော်ကြည့်ရှုပြုစုမစသိမ်းပိုက်သနါးတော်မူသည်၊ ခရိုင်မြို့ပြ ကျေး ရွာ များ ကိုလည်း စည်ပင်သာယာ အောင်မြို့ထိန်း ရွာအုပ်ခန့်ထား ၍ မစပြုစု၊ ဝင်း ကိုယ်ရံ တော် အစုအငန်း သား ကံ ကျွေး ကန္နား မြို့ပြ ကျေး ရွာ နေလူတို့မှာအမှုအခင်း စီရင်ခွဲ ခန့်ရန်ရှိလျှင်အင်း စာရင်း အသေအချာနှင့်သာနာညီမျှခွဲခန့်စီရင်၊ တရား စကား အရှက်အတင်ရှိလျှင်လည်း ကြီး သည့်စကား ကိုငယ် အောင်ငယ်သည့်စကား ကို ပပျောက် အောင်ဆဒ္ဒန်ဆင်မင်း ဝန်ခန့် တော်မူသည့်အင်ကို ထောက်၍ ဂတိသို့မလိုက် ဖြောင့်မတ်စွာစီရင်။

(5 August 1853)

(သက္ကရာဇ် ၁၂၁၅ခုဝါခေါင်လဆန်း ၁ရက်နေ့)

နေမျိုး သူရသင်္ကြန်ကိုငှင်း နည်း ပြန်တမ်း အပ်သည်၊ မဟာမင်း လှမင်း ကျော် ကိုငှင်း နည်း အပ်သည်၊ အောက်မား ငန် ဟောင်း

(မျိုး ကြည့်၊ ပု၊ ၆၁၁)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်၊ ဝန် ထောက်မဟာမင်း လှသီဟသူကိုမြင်း စုဝန်ခန့်တော်မူသည်၊ သို့ခန့်တော်မူ ကြောင်း လည်း မဟာမင်း လှသီဟသူသည်ဘိုး တော်ဘုရား လက်ထက်ဝန်စုဝန်ငန်း နှင့်သူ ကောင်း ပြုတော်မူသည်၊ နောင် တော်ဘုရား လက်ထက်တွင်လည်း ဝန် ထောက်အရာနှင့်သူ ကောင်း ပြုတော်မူသည်၊ ဘုရား ရွှေလက်ထက်တော်လည်း အမှုတော်ကို ဖြောင့်ဖြောင့်ရိုး ရိုး ကြိုး စား အား ထုတ်ထမ်း ရွက်သော ကြောင့်မြင်း စုကြီး ဝန်ခန့်တော်မူသည်၊ မြင်း စုကြီး ဝန်ဆိုသည့်အရာသည်ငါအသျှင်ဧကရာဇ်မင်း မြတ်တို့တွင် သွေး သောက်စုမြင်း စုအမှုထမ်း တို့ကိုစား ခွင့်စား တာလယ် မြေနှင့်အစုအဖွက်ချထား ထမ်း ရွက် စေရသည်၊ မပြတ်မလပ်လည်း အဝေး အနီး အမှုတော်ကိုမြင်း ရှိမြင်း မဲ့ထမ်း ရွက်ကြရသည်၊ အမှုထမ်း ကြီး ဖြစ်သည်၊ သွေး သောက်စုမြင်း တော်သည်တို့တွင်မြင်း စီး မြင်း ခေါင်း ပေး အပ်ခန့်ထား မြဲအတိုင်း ညီညွတ်စွာထမ်း ရွက်ကြ စေ၊ စီး ခွင်မလပ် စေနှင့်၊ တစုကသည်တစုသို့ ရော ထွေး ပေါင်း ရှက်မထမ်း မရွက် စေနှင့်၊ အ ပေါင်း ညီသား အများ ရာပြည့်ငှာ ကျော်ရှိလျှင်လည်း အမိန့်တော်တမ်း အတိုင်း ထမ်း အား ရှိသူတို့ကိုမြင်း စီး ခွင်နှင့်ထား ၊ မြင်း ပွါး ၍ထမ်း ရွက် စေ၊ စီး ခွင်စား တာ မြေမှာလည်း မြင်း စီး မြင်း ခေါင်း တို့ကို ပေး ချသနား တော်မူသည့်အတိုင်း လုပ်စါး ကြ စေ၊ သွေး သောက်စုမြင်း တော်သည်တို့တွင်အစုအရည်မတူရာ၊ တစုတငန်း သါး တို့မှာမ ရော မနှော မစပ်မရှက် စေနှင့်၊ မြင်း စီး ခွင်လပ်ရှိလျှင်လည်း သား ညီဆိုင်သင့်ရာစစ် ကြော၍ စီး ထမ်း စေ၊ သား ညီမရှိလျှင်လည်း အ ပေါင်း ကြီး ထမ်း ရည်ရှိသသူတို့ကိုစီး ထမ်း စေ၊ သွေး သောက်စုမြင်း တော်သည်တို့ကိုအမှုတော်ကိုထမ်း ကုန်နိုင် အောင်မစ၊ သွေး သောက်စုမြင်း တော်သည်တို့တွင်တရား စကား အရှက်အတင်ရှိလျှင်လည်း ကြီး သည့်စကား ကိုငယ် အောင်ငယ်သည့်စကား ကိုပပျောက် အောင်ဂတိသို့မလိုက်ညီညွတ်စွာစီရင်။

(5 August 1853)

(သက္ကရာဇ်၁၂၁၅ခုဝါခေါင်လဆန်း ၁ရက်နေ့)

(မျိုးကြည့်၊ ပု၊ ၆၁၈၊ မြစိန်၊ မြန်အုပ်၊ ၁၉၇၃၊ ၂၇-၈)

ဘုန်း တော်အလွန်ကြီး မြတ် တော်သမလွှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့် တော်ရှိသည်၊ မဟာမင်း လှ ကျော်ထင်ကို ဝန် ထောက်ခန့် တော် မူသည်၊ သို့ခန့်
တော်မူ ကြောင်း လည်း မဟာမင်း လှ ကျော်ထင်သည် ကျေး ဇူး သစ္စာ တော်နှစ်
ပါး ကို စောင့်သိရိုသေစ္စာအမှု တော်ကို ဖြောင့် ဖြောင့်ရိုး ရိုး ကြိုး စား အား
ထုတ်ထမ်း ရွက် မည့်သူယုံ မှတ်သနား တော် မူသည့် ရောင်း ရင်း ဘက်ကျွန် တော် မျိုး
ဖြစ် သော ကြောင့် ဝန်တို့ကို ထောက် မလျှံ့ ဆောင် စိမ့်မည် ဝန် ထောက်ခန့် တော် မူသည်
အရာသည်ငါအသျှင်ဧကရာဇ်မင်း မြတ်တို့တွင် ဝန်တို့သည်ပြည် ရေး ရွာ မှုမှ စ၍ခပ်
သိမ်း သော စီရင်ဘွယ်စီရင်ခင်း အလုံး စုံကို မလစ်မဟင်း ရ အောင် ရှေ့နောက်
မြှော် ထောက်၍ ခန့်ထား စီရင် ရန်အလွန်ကြယ် ဝန်း လှ လေသည်သို့ကျယ် ဝန်း လျှင်
လည်း ရုံ ဖန် ရုံ ခါ မေ့ကျန်သည့်အရာလည်း မေ့ကျန် လေတန်ရာသည်၊ ဝန်တို့စီရင်
ခန့်ထား သည့်အရာ များ တွင် မေ့ကျန်သည့်အရာ ရှိလျှင်သတိရှိသည့်အတိုင်း သည်အ
ရာ မှာ မည်သို့အစီရင်ခံ ရာတွင် မည်သို့စီရင်၍ ရှိသည်သည်အချက်များ မှာ မည်သို့
ရှိနိုး သံ တော်ဦး တင်ရာတွင်အမိန့် တော် ဗျာ ဒိတ် တော်အတိုင်း စီရင်ပြန်ဆိုမှာ
ထား ၍ ရှိသည်ပြသ၍အစီရင်ခံ၊ လွှတ် တော်ရုံး တော်သည်ကျွန် တော် မျိုး ဆင်း ရဲ
သား တို့ကိုး ကွယ်ရာဖြစ် သော ကြောင့်တ ယောက်ကိုတ ယောက်ညှည်း ပန်း နှိပ်စက်
သည့်အမှုမှ စ၍ ခပ်သိမ်း သောအမှုအ ကြောင်း အရာ ရှိ၍လွှတ် တော် မှာအစီရင်ခံ
သည်အမှု၊ အရပ်ရပ်နိုင်ငံ တော်မြို့ပြ ကျေး ရွာအနီး အ ဝေး များ ကအစီရင်ခံ
ရောက်သည့်အရာ များ မှာလည်း မ ထွေး မရှက်ရ၊ စင်ကြယ် အောင် မေး မြန်း
စစ် ကြော၍ ဝန်တို့ကိုအစီရင်ခံသင့်သည့်အရာ၊ ရွှေနား တော်ကြား ဆက်သွင်းသင့်
သည့်အရာ များ ကို စေ့ စေ့ငုငု ထောက် ရှု မေး မြန်း စစ် ကြောထွက်ဆိုချက်နှင့်စကား
အရကို ထောက်၍လျှံ့ ဆောင်ရမည်၊ မင်း ညီမင်း သား မှူး တော်မတ် တော် မှ စ၍အ
မှုထမ်း ကျွန် တော် မျိုး အ ပေါင်း တို့မှာလည်း အမှု တော်ကိုညည့် နေ့ကြိုး စား အား
ထုတ် မပြတ် မလပ်ထမ်း ရွက်၍သနား တော် မခံ ရကြွင်း ကျန်သည့်အရာ ရှိလျှင်လည်း
မည်သသူ မည်သို့အမှု တော်ကိုထမ်း ရွက် ရည် ရှိသည်အချက်များ ကိုလည်း ဝန်တို့ကိုပြသ၍
အစီရင်ခံ၊ အလုံး စုံစီရင်ဘွယ်စီရင်ခင်း ရှိသ မျှကို ဓမ္မ ဝတ်ရာဇ ဝတ် လောက ဝတ်

ကိုရွှေမ်း သိနား လည်သည်နှင့်အညီ မပြတ်မလတ်လှုံ့ဆော်စီရင်ရမည်။

(5 August 1853)

(သက္ကရာဇ် ၁၂၁၅ ခု ဝါခေါင်လဆန်း ၁ ရက်)

ဝန်ထောက်မဟာမင်းလှရာဇာ ၁ ငင်း ရေဝင်း ရင်းဘက်ထည့်သွင်း၍ မပါအရိုးအတိုင်းသာ ပေးအပ်သည်၊

မဟာမင်းလှမင်းထင်ကျော် ၁ ငင်း မင်းကြီးမဟာမင်းတင်ကျော်

သည် နေဝင်တော်ဘုရား လက်ထက်ရာကြီး ထူးကြီး နှင့်သူ ကောင်း ပြုတော်မူသည်၊

ရွှေလက်ထက်တော်တွင်လည်း အထူးသဖြင့်ယုံမှတ်သနား တော်မူသည့်ကျွန်တော်မျိုး

ဖြစ်သောကြောင့် ဝန်တို့ကို ထောက်မလှုံ့ဆော်စိမ့်မည် (ခန့်ထားသည်)။

ဦးရွှေမင်း

(မျိုးကြည့်၊ ပု၊ ၆၁၈၊ မြစိန်၊ မြန်အုပ်၊ ၁၉၇၃၊ ၂၀-၁)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့် တော်ရှိသည်၊ မင်း လှ ဇေယသူရကိုမြို့ဝန်ခန့် တော်မူသည်၊ သို့ခန့် တော်မူ
ကြောင်း လည်း မင်း လှ ဇေယသူရသည် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကို စောင့်
သိ ရို သေ စွာ ခန့်ထား တော်မူသမျှအမှု တော်ကိုကြိုး စား အား ထုတ်မ သွေ မဖီ
ထမ်း ရွက်သည်၊ ရှေး သို့လည်း ခန့်ထား တော်မူသမျှအမှု တော်ကိုစိတ်ပါကိုယ်ပါ
ထမ်း ရွက်မည့်သူယုံမှတ်သနား တော်မူသည့်ကျွန် တော်မျိုး မြစ် သော ကြောင့်မြို့
ဝန်ခန့် တော်မူသည်၊ မြို့ဝန်ဆိုသည့်အရာသည်ငါအသျှင်ဧကရာဇ်မင်း မြတ်တို့တွင်
ရာဇဝတ်နှင့် လျှော်စွာ စီရင်ရသသူဖြစ်၍ ဓမ္မဝတ်ရာဇဝတ် လောကဝတ်အ ကြောင်း
သုံး ပါး ကိုကျွမ်း သိနား လည်သသူ၊ ပစ္စုပ္ပန်သံသရာအကျိုး နှစ်ပါး ကို ထောက်ထား
နိုင်သသူတို့ကို ရွေး ချယ်ခန့်ထား တော်မူမြဲဖြစ်သည်၊ ရွှေပြည် တော်မြို့တွင်း မြို့ပြင်
မှ စ၍မြို့ဝန်တို့စီရင်စုတာကျနယ် လေး ရပ်တွင်မြဲမြန်နိုင်လုံ သေချာ အောင်မပြတ်
စစ် ကြော၊ ကြည်း ကြောင်း ရေ ကြောင်း ဘောက်ကား ရောင်း ဝယ်လာ ရောက်
သည့်ကုန်သည်တဲကား မှ စ၍ဆိုင်ကန္နား ရောင်း ဝယ်သသူတို့များ မှာလည်း အလေး
တောင်း တင်း စင်း ချိန်ခွင်များ ကိုတံဆိပ်ခပ်မှတ် ပေး အပ်သည့်အတိုင်း သာ
ရောင်း ဝယ်သုံး ဆောင်ကြ စေ၊ သာလွန်တိုး ပွါး ၍ မသုံး မ ဆောင် စေနှင့်၊
ဘောက်ကား ရောင်း ဝယ်သည့်ကုန်သည်တဲကား တို့မှာလည်း အင်နှင့်မတန်သာ
လွန်၍မ ကောက်မယူ စေနှင့်၊ ရွှေမြို့ တော်တံခါး တဆယ့်နှစ်ရပ်မှစ၍အ စောင့်
အ နေအဝင်အထွက်များ မှာလည်း မြဲမြဲလုံခြုံ အောင်လူစိမ်း လူရွှမ်း ရောင် ပေါင်
၍ မဝင်မထွက် စေနှင့်၊ တံခါး မှူး တံခါး သား တို့ကိုမှတ်စာအပ်၍ကြပ်ကြပ်စစ် ဆေး၊
မြို့တွင်း မြို့ပြင်ရပ်စုကွက်စုသား တို့မှာလည်း ခိုး သေး မီး ပွါး မ ပေါ် မရှိ စေရ၊
တရပ်တ ကျေး ရောက် ပေါက်ဘူး မြဲ မဟုတ်သသူတို့ကိုမလာ မ ရောက်မတဲမနို စေရ၊
ကြပ်ကြပ်စစ် ကြော စေ၊ ဆင်း ရဲသား ကျွန် တော်မျိုး တို့ကိုလည်း တ ယောက်ကိုတ
ယောက်လျှပ်စား ပေါက်စား ပြု၍ မနှိပ်မစက် စေနှင့်၊ လူစိမ်း လူရွှမ်း လူဆိုး လူ
သွမ်း တို့ကို တွေ့မိပို့အပ်လာလျှင်စင်ကြယ် အောင်စစ် ကြော၍ ရာဇဝတ်အ လျှောက်
သတ်တန်ဖြတ်တန်သသူဖြစ်လျှင် မည်သသူ မည်သို့ပြုကျင့်၍ စစ် ကြော ရာတွင် မည်သို့ထွက်

ဆိုသည်မည်သို့ကွပ်ညှပ်စီရင်မည်ဝန်တို့မှာအစီရင်ခံမြဲခံ၍ ရွေး စီရင်ထုံး နှင့် အညီကွပ်ညှပ်စီရင်၊ မိင်း လှ ကျော်သူကိုမြို့ဝန်ခန့်မှာ၍ ငင်း နည်း ၊ မင်း လှသန် ယ၁် ငင်း နည်း ၊ ပုဏ္ဏား ဝန်မင်း မင်း လှမဟာမင်း ကျော်၊ နေခက်တော် ပါမြင်း ဝန်မဟာမင်း လှသီရိတို့ကိုလည်း ငင်း နည်း ၊ မင်း ကြီး မဟာမင်း လှ ကျော်စွာ ငင်း ပြန်တမ်း နည်း ပြန်တမ်း အပ်ရသည်၊ မြင်း စုကြီး ဝန် မောင် ကလေး ကိုမြို့ဝန်ခန့်သည်ငင်း နည်း အပ်သည်၊ လင်း ဇင်း ဗိုလ်တဲခါး မှူး မြို့ဝန် ခန့်ငင်း နည်း ။

(5) August 1853

(သက္ကရာဇ်) ၁၂၁၅ခုဝါခေါင်လ(ဆန်း ၁ရက်)

(မျိုး ကြည့်၊ ပု၊ ၆၁၀၊ ၁၀၄၉)

အောင်ပင်လယ်ကန် အောက်ငသာစာရင်း သင်ပန်း ကုန်း တောခေါ်လယ် ပယ် ၁၂၀ဲကိုဘိသိက် တော်ဆက်ရှစ်ပါး ပုဏ္ဏား တို့နှင့်ဘိသိက် တော်ဆက် (ကိုး)ပါး ပုဏ္ဏား တို့ကအစား သနား တော်ခံစေ။

4 September 1853

(သက္ကရာဇ်) ၁၂၁၅ ခု တော်သလင်း လဆန်း ၂ရက် နေ့နား ခံမင်း ထင်မင်း ကျော်ရာဇာတွင်ပြန်။

( အောင်ငြိမ်း စါစု )

အမရပူရမြို့တော်အတွင်း အရှေ့ကိုလေးသန်းတံခါး အရှေ့ပြလမ်း အနောက်ကို ရန်မျိုးအောင်တံခါး လမ်း တောင်ကိုရန်နှင်တံခါး လမ်း မြောက်ကိုမြို့ရိုး ထိအတွင်း ဝင်း တမ်း လမ်း မြေများ ကိုအိမ်ရှေ့မင်း ကိုသနား တော်မူသည်၊ အိမ်ရှေ့မင်း ကချထား စေ၊ အမရပူရမြို့တွင်း မြို့ပြင်ဝင်း များ မှာဘကြီး တော်ဘုရား ခမည်း တော်ဘုရား လက်ထက်သူ ကောင်း ပြုသည့်အရာ ရှိ ဟောင်း တို့မှာ အမိန့်တော်နှင့်သနား တော်မူမှ ဝင်း နှင့်နေထိုင်စေ။

15 September 1853

(သက္ကရာဇ်) ၁၂၁၅ ခု တော်သလင်း လဆန်း ၁၃ ရက် နေ့ နား ခံမင်း လှမင်း ကျော်ထွင်ပြန်။

( တောင်ခွင်စါစု )

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်၊ ငါအသျှင်ဧကရာဇ်မင်းမြတ်သည်သာသနာတော်အစီးအပွါး တိုင်းနေပြည်သူရှင်လူအပေါင်းတို့အကျိုးစီးပွါးကိုမြှော်ထောက်တော်မူ၍အမရပူရရွှေမြို့တော်မှရွှေစက်တော်မြတ်ဖြန့်ချီတော်မူပြီးလျှင်ဘေး တော်အလေါင်းမင်းတရားခမည်း တော်ဘုရားတို့ရန်အပေါင်းကိုအောင်မြင်တော်မူရာရတနာသိဃ်ကုန်း ဘောင်ရွှေပြည်တော်ကြီးတွင်ထီးနန်းကနက်စိုက်ဆောက်စံနေတော်မူမည်ရည်ရွယ်တော်မူသည်ကိုသာသနာပြုဆရာတော်နှင့်တံဆိပ်တော်ရဆရာတော်တို့ကရတနာသိဃ်ကုန်း ဘောင်ပြည်ကြီးသည်ဘုမိအာဂသမ္ပတ္တိဂုဏ်၊ မနုဿသမ္ပတ္တိဂုဏ်စသည်တို့နှင့်ပြည့်စုံသည်ဖြစ်၍စံနေတော်မူသင့်သော်လည်း ဘွားတော်မူရာမယ်တော်ခမည်း တော်ဘိုး တော်ဘွား တော်ဘေး တော်မင်းမြတ်တို့စံနေတော်မူရာအမရပူရရွှေပြည်တော်ကြီးသည်နာနာပုဋ္ဌဘေဒနဂုဏ်၊ နဒီပဗ္ဗတသောဘိတဂုဏ်၊ အာရာမုယျာနောပဝနဂုဏ်တဠာကပေါက္ခရဏီသမ္ပန္နဂုဏ်၊ သုဘဝတ္ထုနိမ္မိတဂုဏ်၊ အာကိဏ္ဏဇနာနုဿဂုဏ်စသည်တို့နှင့်ပြည့်စုံ၍အာဠကမန္ဒာမည်သော နတ်မျိုးကဲ့သို့လောကီလောကုတ္တရာအကျိုးစီးပွါးဖြစ်ထွန်းရာပဋိရူပဒေသအရပ်ဖြစ်၍စံနေတော်မူသင့်ကြောင်းကိုကျမ်းဂန်ပါဠိအထွက်အရှိများနှင့်စာဆက်သွင်းသည်၊ မင်းညီမင်းသားမှူးတော်မတ်တော်ပုဏ္ဏားပညာရှိလူပညာရှိတို့ကလည်း သိုက်ဓါတ်နိမိတ်စံနည်းတံဆောင်အထောက်အထားများနှင့်အမရပူရရွှေမြို့တော်မှာစံနေတော်မူသင့်ကြောင်းကိုရှိခိုးသံတော်ဦးတင်သည်၊ ပြည်သူသတ္တဝါအပေါင်းတို့လည်းအမရပူရရွှေမြို့တော်တွင်စံနေတော်မူမည်ကိုတညီတညွတ်အာသာဆန္ဒဖြင့်ရှိကြသည်၊ ငါအသျှင်ဧကရာဇ်မင်းမြတ်သည်လည်းကိုယ်တော်၏အကျိုးစီးပွါးကိုတွက်တော်မမူ၊ ရဟန်းရှင်လူပြည်သူသတ္တဝါအပေါင်းတို့အကျိုးစီးပွါးသာသနာတော်မြတ်အစီးအပွါးများကိုဆောင်ရွက်တော်မူမည်ရည်ရွယ်တော်မူ၍မင်းအဖြစ်ကိုယူတော်မူသည်၊ ရာဇဓမ္မဆယ်ပါးတွင်သဝိရောဓနတရားနှင့်အညီဆရာတော်သဃ်ာတော်မင်းညီမင်းသားမှူးတော်မတ်တော်ပုဏ္ဏားပညာရှိလူပညာရှိတို့ကတညီတညွတ်ဆက်သွင်းတင်လျှောက်ကြသည်အတိုင်း ဘေးတော်ဘုရားခမည်းတော်

ဘုရားတို့အဆိုက်အရာတော်ဖြစ်သောအမရပူရရွှေမြို့တော်တွင်း စံနေတော်မူမည်၊ ကောင်းမြတ်သောမင်္ဂလာနေ့ရက်ကိုပညာရှိတို့က ရွေး ချယ်ဆက်သွင်းစေ။

15 September 1853

(သက္ကရာဇ်) ၁၂၁၅ခု တော်သလင်း လဆန်း ၁၃ရက် နေ့နံ ခံမင်း လှမင်း ကျော်တွင်ပြန်။

( တောင်ခွင်စါစု )

ရဲဘက်မြင်း ဝန်မြင်း စာရေး မြင်း ခေါင်း မြင်း စီး တို့နှင့်သံဘိုရွာအစီရင် သူကြီး ခေါင်း အကြီး တို့နန်း မတော်မိဘုရား ဝန်စာရေး တို့ကနန်း မတော် ဘုရား ဘွဲ့ပါ၊ အဲပြ၊ ခပို၊ ဆီး ကန်သာသား များ ကချောင်း ဆုံ၊ သံဘို၊ တံခွန် တိုင်၊ ပေါက်တော၊ တောင်ပြုး၊ မြင်း မွေး ကုလား ရွာ၊ မလဲကျင်း၊ မြစ်သါး၊ တံတား ဦး၊ တလုပ်မြို့၊ ထန်း သုံး ခွ၊ ယင်း တော်၊ စစ်ကိုင်း မြို့ ကျေး ရွာများ ကလူ ၃၇၀၊ မတ္တရာမြို့နေကြောရစ်၊ ငကြီး၊ ငလူကို့နှင့် ၁၃၊ ယင်း မာကန်ရွာ ငရွှန်း နှင့် ၆၊ စုစုလူ ၃၉၉ကို နေ့ညည့်လိုလျှင်ကောက်ငင်ကာရ အောင်အမှုထမ်း လူ ၃၀၀ စည်း ကြပ်ပြီး သျှင်စည်း ကြပ်သည့်အမှုထမ်း လူတို့ကိုမြို့သူကြီး တို့ကအနှုတ်အယူ အတား အဆီး အကပ်အနိုမရှိပါစေရ၊ တဝတည်း အမှုထမ်း လူ ၃၀၀ စည်း ကြပ်ထမ်း ရွက်ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း နန်း မတော်မိဘု ရား ဘွဲ့ပါလူ ၃၉၉တို့ကိုမြို့ရှင်ရွာရှင်တို့ကအနှုတ်အယူအတား အဆီး အနှောက်အရှက် မရှိစေနှင့်၊ နန်း မတော်မိဘုရား ဝန်ဝန်စာရေး ကြီး တို့ကလူ ၃၀၀ စည်းကြပ် ထမ်း ရွက်စေ။

18 October 1853

သက္ကရာဇ် ၁၂၁၅ ခုသတင်း ကျွတ်လပြည့်ကျော် ၁ ရက် နေ့ဘုရား အမိန့်တော် မြတ်ဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း စည်း ကြပ်ထမ်း ရွက်စေ၊ ဘုန်း တော်အလွန် ကြီး မြတ်တော်မူလှသောဘုရား ညီတော်အိမ်ရှေ့မင်း အမိန့်တော်ကိုဦး ထိပ်ရွက် ရသည့်ဖြစ်သည်အရှင်နန်း မတော်ဘုရား ဘွဲ့ပါလူ ၃၉၉တို့စာရင်း ပါဝင်သည့်သံဘို ရွာ၊ ငအိုး၊ ငချစ် ထွေး တို့နှင့်ဘွဲ့ရင်း လူ ၉ စည်း ကြပ်ထမ်း ရွက်လူတို့ကိုရဲဘက်မြင်း ဝန်မြင်း စာရေး မြင်း ခေါင်း မြင်း စီး ကျေး ရွာသူကြီး ခေါင်း အကြီး တို့က အတား အဆီး အနှောက်အရှက်မရှိစေနှင့်၊ အရှင်နန်း မတော်ဘုရား ဝန်စါရေးကြီး တို့ကအမိန့်တော်မြတ်ရင်း နှင့်အညီလူ ၃၀၀ စည်း ကြပ်ထမ်း ရွက်စေရမည်။

ဝန်မင်း များ စာ။

( ရွှေး ဟောင်း သုတေသန )

နန်းမတော်မိဘုရား ဝန်စာရေးကြီးတို့က နန်းမတော်မိဘုရား ဘွဲ့ပါ အဲပြု၊ ခပို၊ ဆီးကန်သားများက၊ ချောင်းဆုံ၊ သံဘို၊ တံခွန်တိုင်၊ ပေါက်တော၊ တောင်ပြုး၊ မြင်းမွေးကုလားရွာ၊ မလဲကျွင်း၊ မြစ်သား၊ တံတားဦး၊ တရုပ်မြို့၊ ထန်းသုံးခွ၊ ယင်းတော်၊ စစ်ကိုင်းမြို့ကျေးရွာများကလူ၃ဂ၀၊ မတ္တရာမြို့နေငကြာရစ်၊ ငကြီး၊ ငလူတို့နှင့်၁၃၊ ယင်းမာကန်ရွာငရွှန်းနှင့်၆၊ စုစုလူ၃၉၉ကို နေ့ညည့်လိုလျှင် ကောက်ငင်ရအောင်အမှုထမ်းလူ၃၀၀စီးကြပ်ပြီးလျှင်စည်းကြပ်သည့်အမှုထမ်းလူတို့ကိုမြို့ဝန်မြို့သူကြီးတို့က မနှုတ်အယူအတားအဆီးအကပ်အနိုမရှိပါစေရ၊ တဝတည်းအမှုထမ်းလူ၃၀၀စည်းကြပ်ထမ်းရွက်ပါရမည့်အကြောင်းနှင့်ရှိခိုးသံတော်ဦးတင်ချက်အတိုင်း နန်းမတော်မိဘုရား ဘွဲ့ပါ၃၉၉ကိုမြို့ရှင်ရွာရှင်တို့ကအနှုတ်အယူအတားအဆီးအနှောက်အရှက်မရှိစေနှင့်၊ နန်းမတော်မိဘုရား ဝန်စာရေးကြီးတို့ကလူ၃၀၀စည်းကြပ်ထမ်းရွက်စေ၊ စာရင်းကိုတင်စေ၍အမိန့်တော်အတိုင်း စာပေး ။

19 October 1853

သက္ကရာဇ်၁၂၁၅ခုသတင်းကျွတ်လပြည့်ကျော်၂ရက်နေ့ဝန်ရှင်တော်မကွေးမြို့စား မင်းကြီး၊ မြ တောင်မြို့စား မင်းကြီး မိန့်ချက်၊ ဝန်ထောက်တော်မြို့စား မင်းမှတ်။

(ရွေးဟောင်းသုတေသန)

20 November 1853

သက္ကရာဇ် ၁၂၁၅ ခုတန်ဆောင်မုန်း လပြည့်ကျော် ၅ ရက် နေ့အမရပူရ ရွှေမြို့တော်သို့ ဝင်တော်မူရာသည် ကောင်း မြတ် သော မင်္ဂလာအခါရ ကြောင်း နှင့် ပညာရှိတို့ ရွေး ချယ်ဆက်သွင်း ချက်အတိုင်း အမရပူရ ရွှေမြို့တော်သို့ ဝင်တော်မူ မည်ဆင်မြင်း ရထား ခြေသည်သူရဲ စစ်အင်္ဂါ လေး ပါး ဘောင် ဟော်သမ္ဗာန် တော် လှော်ကား တော်ခတ် လှေ လှော် လှေကြည်း ဘက် ရေဘက်အခင်း အကျင်း ဝင်းခင်း နောက် တော်လိုက်မှုစစ်ခန့်ထား စီရင်ရန်ရှိသည်များ ကိုပြီး ပြေ အောင်စီရင်၊ စာရင်း ကိုလည်း သွင်း ၊ အမရပူရ ရွှေမြို့တော်ကို ဝင်တော်မူရာမာရ်ငါး ပါး ကို အောင်မြင်တော်မူ သောမြတ်စွာဘုရား ရုပ်ပွါး တော်အသိတိရဟန္တာ ရုပ်ပွါး တော်ပိဋကတ်စာ တော်ဆရာ တော်သင်္ဃာ တော်များ ကိုတပ်ဦး တော်ကပင့် ဆောင် စေ။

29 October 1853

(သက္ကရာဇ်) ၁၂၁၅ ခုသတင်း ကျွတ်လပြည့်ကျော် ၁၂ ရက် နေ့နား ခံမင်း တင်ရာဇသီဟသူတွင်ပြန်။

( တောင်ခွင်စါစု )

29 October 1853

17 September 1853

သက္ကရာဇ် ၁၂၁၅ ခု တော်သလင်း လဆန်း ၁၅ ရက် နေ့နံနက်ညီလာခံတွင်အမိန့်တော်အတွင်း ဝန်ပုခန်းကြီး မြို့စား မင်း ၊ ရွှေတိုက်အတွင်း ဝန်မင်း ၊ ဝက်မစွတ်မြို့စား မင်း တို့ ရှေ့သံ တော်ဆင့်မင်း လှမင်း ထင်မှတ်၊ သက္ကရာဇ် ၁၂၁၅ ခု

20 November 1853

တန်ဆောင်မုန်း လပြည့်ကျော် ၅ ရက် နေ့အမရပူရ ရွှေမြို့တော်သို့ဝင်တော်မူရာသည် ကောင်း မြတ် သော မင်္ဂလာအခါရ ကြောင်း နှင့်ပညာရှိတို့ ရွေး ချယ်ဆက်သွင်း ချက်အတိုင်း အမရပူရ ရွှေမြို့တော်သို့ဝင်တော်မူမည်၊ ဆင်မြင်း ရထား ခြေသည်သူရဲ စစ်အင်္ဂါလေး ပါး ဘောင်တော်သမ္ဘာန်တော် လှော်ကား တော်ခတ် လှေ လှော်လှေ၊ ကြည်း ဘက် ရေဘက်အခင်း အကျင်း ဝင်း ခင်း နောက် တော်လိုက်မှစ၍ခန့်ထား စီရင်ရန်ရှိသည်များ ကိုပြီး ပြေ အောင်စီရင်၊ စာရင်း ကိုလည်း သွင်း ၊ အမရပူရ ရွှေမြို့တော်သို့ဝင်တော်မူရာမာရ်ငါး ပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရား ရုပ်ပွါး တော်အသီတိရဟန္တာ ရုပ်ပွါး တော်ပိဋကတ်စာ တော်သံဃာ တော်များ ကိုတပ်ဦး တော်ကပင့်ဆောင်စေ။

29 October 1853

(သက္ကရာဇ်) ၁၂၁၅ ခုသတင်း ကျွတ်လပြည့်ကျော် ၁၂ ရက် နေ့နံက်ညီလာခံတွင်အမိန့်တော်အတွင်း ဝန်ပုခန်းကြီး မြို့စား မင်း ၊ ယင်ပုံ လှေအုပ်မင်း ၊ ဝက်မစွတ်မြို့စား မင်း တို့ ရှေ့သံ တော်ဆင့်မင်း လှသိန်းသူ မှတ်။

29 October 1853

(သက္ကရာဇ် ၁၂၁၅ ခုသတင်း ကျွတ်လပြည့်ကျော် ၁၂ ရက် နေ့နား ခံမင်း ထင်ရာဇသီဟသူတွင်ပြန်)။

(တောင်ခွင်စါစု)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အ
မိန့်တော်ရှိသည်၊ ကြေး ငွေအသုံး အဆောင်များ မှာ ချိန်သပြာအလေး စည်း
လဲခြင်း ကြောင့်အဒိန္နာဒါန်မကင်း ၊ တဦး ကိုတဦး လှည့်ပတ်၍ မမှန်မကန် ငွေဆန်း
ငွေပြား မှတ်လုပ်သုံး ဆောင်ကြလျှင်အကုသိုလ်တရား ပွါး များ လျက်ငရဲတိရိစ္ဆာန်
ပြိတ္တာအသူရကာယ်အပါယ် လေး ပါး ဘုံ၌နစ်မွန်း ကုန်ရာသည်၊ ငါအသျှင်ဧကရာဇ်
မင်း မြတ်သည်သတ္တဝါအပေါင်း တို့အား သနား ခြင်း ကို ရှေ့ရှုလျက်မြတ်သော သမာ
ဆန္ဒဥဿဟ တော်ဖြင့်ရာဇဓမ္မစ သောဘုရား အလောင်း မင်း ကောင်း မင်း
မြတ်တို့ကျင့်အပ် သောတရား အပေါင်း ကိုမြဲမြန်စွာဖြည့်ကျင့်ရွက် ဆောင် တော်မူ
ပြီး လျှင်ရဟန်း ရှင်လူပြည်သူသတ္တဝါအပေါင်း တို့ကိုတရား နှင့်အညီထိမ်း သိမ်း စောင့်
ရှောက် တော်မူသည်၊ ပဋိယတ်ပဋိပတ်ပဋိဝေဒတည်း ဟူသောသနာ တော်ရေး
၌လည်း သာသနာ တော်အရောင်အဝါမညှိုး မနွမ်း စေရလွန်စွာ သောဥဿဟ
တော်ဖြင့်ချီး မြှင့်ပြုစု တော်မူသည်၊ လက်နက်နိုင်ငံ တော်ဖြစ် သောတိုင်း တော်
ပြည် တော်သည်လည်း အပြည်ပြည် ထောင်ထီး ဆောင်း မင်း အပေါင်း တို့ဦး ညွှတ်
ရာဖြစ်၍တိုင်း တပါး ကကုန်သည်တဲကား ဆင်း ရဲသား ကျွန် တော်မျိုး တို့ကူး သန်း
သွား လာ ဘောက်ကား ရောင်း ဝယ်ခိုမှီ ပေါက် ရောက်ရာတိုင်း ကြီး ပြည်ကြီး
ဖြစ်လာသည်၊ ပစ္စုပ္ပန်သံသရာအကျိုး နှစ်ပါး ပွါး များ ရာကို ထောက် မြှော် တော်
မူ၍အမရပူရမြို့တည် ဘား တော်အလောင်း မင်း တရား ကြီး ဘုရား လက်ထက်
တော်လည်း အရောင်း အဝယ်အသုံး အဆောင်များ ကို ကြေး ငွေမသုံး မဆောင်
စေရ၊ တိုင်း ကြီး ပြည်ကြီး အင်္ဂါနှင့်အညီဒင်္ဂါး ခတ်လုပ်သုံး ဆောင်ကြရသည်၊ ငါ့ရွှေ
လက်ထက် တော်လည်း သတ္တဝါအကျိုး စီး ပွါး များ စေခြင်း လောကတ္တစရိယအကျိုး ကို
ထောက် မြှော် တော်မူ၍သား တော်အစဉ် မြေး တော်အဆက်မြစ် တော်အညွန့်အဖွန့်
ရှည်စွာတည်တွန်း စေခြင်း ငှါကြေး ငွေကိုမှတ်လုပ်၍ မသုံး မဆောင်စေရ၊ ဒင်္ဂါး
အသုံး အဆောင်ကိုသုံး ဆောင်ကြစေ၊ ဒင်္ဂါး ခတ်လုပ်ရမည်မှာအမရပူရမြို့တည် ဘား
တော်အလောင်း မင်း တရား ကြီး ဘုရား လက်ထက် တော်ခတ်လုပ်သည့်အတိုင်း ငွေ
တော်ထုတ်၍ခတ်လုပ်စေ၊ တံဆိပ်အက္ခရာမှာ ခတ်လုပ် တော်မူသည့်ဒင်္ဂါး တွင်သာသ

1852
နှာ တော်နန်းတက်နှစ် ၂၃၉ ဖတဘက် ရွှေပြည်စိုး တံဆိပ်တဘက်အလေး တောင်း တင်း မှာ ရွှေပြည်စိုး အလေး ရွှေပြည်စိုး တံဆိပ်သင့်မြတ်ပါကြောင်း နှင့်ပညာ ရှိတို့ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ထုလုပ်ခတ်မှတ်စေ၊ အလေး တင်း ပမာ ဏမှာအမရပူရမြို့တည်ဘေား တော်အလောင်း မင်းတရားကြီး ဘုရား လက်ထက် တော်ပညတ်တော်မူသည့်အလေး တောင်းတင်း များ နှင့်ညီအောင်လုပ်ဆောင် ၍ ရွှေမြို့တော်ရပ်စုကွက်စုဆိပ်တည်ပွဲနိုင်ငံတော်မြို့ရွာများ ကို စေ့နှံ့အောင်ဆင့် ဆိုဝယ်ယူသုံး ဆောင်ကြစေ။

(သက္ကရာဇ် ၁၂၁၅ ခုတပို့တွဲလဆန်း ၁ရက် နေ့ပြန်)(29 January 1854)

(ရှေး ဟောင်း သုတေသန၊ ကုန်း၊တာ၊၁၉၆ရ၊စါ၁၇၂)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ မိန့် တော်ရှိသည်၊ ငါအသျှင်ကေရာဇ်မင်း မြတ်သည် လောကသမုတိနတ်မြတ် သော မင်း အဖြစ်သို့ ရောက် တော်မူလျှင်သာသနာ တော်စည်ပင်ထွန်း လင်း ၍ ရဟန်း ရှင်လူပြည်သူသတ္တဝါအ ပေါင်း တို့အကျိုး စီး ပွါး များ စေ ကြောင်း ကိုတရား သဖြင့် ထိန်း သိမ်း စောင့် ရှောက် တော်မူသည်၊ တိုင်း တော်ပြည် တော်သည်အမျိုး လေး ပါး တို့ ရောပြွမ်း ရာတိုင်း ကြီး ပြည်ကြီး ဖြစ်၍တိုင်း တပါး မှကုန်သည်တဲကား တို့ ကူး သန်း သွား လာ ဘောက်ကား ရောင်း ဝယ်လျက်ချမ်း သာစွာ ရွှေဘုန်း တော် မြတ်ကိုခိုလှုံကြရသည်၊ ဆင်း ရဲသား ကျွန် တော်မျိုး တို့ ကြေး ငွေအသုံး အ ဆောင်များ မှာအ လေး စည်း ချိန်မမှန်မကန် ငွေဆန်း ငွေပြား မှတ်လုပ်သုံး ဆောင်ကြ၍ ပစ္စုပ္ပန်သံသရာအကျိုး နှစ်ပါး မသင့်ဖြစ်သည်ကို ရွှေလက်ထက် တော်ပြည်သူတို့အကျိုး စီး ပွါး များ ၍သား တော်အစဉ် မြေး တော်အဆက်မြစ် တော်အဆွန့်အစွန့်ရှည် စွာတည်ထွန်း စေခြင်း ငှါတိုင်း ကြီး ပြည်ကြီး အင်္ဂါနှင့်အညီဒင်္ဂါး သုံး ဆောင်ကြစေ ပညတ် တော်မူသည်၊ တံဆိပ်အက္ခရာမှာသာသနာ တော်၅၀၀၀ပတ်လုံး မတိမ်မ မြုပ်တည်ထွန်း စေခြင်း အ ကြောင်း ကိုရည် တော်မူလျက်ခတ်လုပ် တော်မူသည့် ငွေ ဒင်္ဂါး တွင် ရွှေထီး ရွှေနန်း တိုင်း ကား နိုင်ငံအလုံး ကိုသိမ်း ရုံး စိုး စံ တော်မူ သည်နှစ်သာသနာ တော်နှစ်တဘက် ရွှေပြည်စိုး တံဆိပ် တော်တဘက်သင့်မြတ်ပါ ကြောင်း နှင့်ပညာရှိတို့ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း ရေး သား ခတ်မှတ် စေ ။

(သက္ကရာဇ် ၁၂၁၅ ခုတပို့တွဲလဆန်း ၁ရက် နေ့ပြန်)(29 January 1854)

( ရှေး ဟောင်း သုတေသန၊ ကုန်း၊တာ၊၁၉၆ရ၊စါ၁၇၂ )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအရှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည် ရွှေ ဖြည့်ဆည်း ဘူး တော်မူအပ် သော ပါရမီပုညသမ္ဘာရအ ဆောက်အဦး တော် ကြောင့် လောကသမုတိနတ်မြတ်သော မင်း အဖြစ်သို့ ရောက် တော်မူလျှင် ရွှေ ဘုရား လောင်း မင်း ကောင်း မင်း မြတ်တို့ကျင့်ထုံး ဖြစ် သော ရာဇဓံတရား ဆယ်ပါး အ ပေါင်း ကိုဖြည့်ကျင့်ရွက်ဆောင် တော်မူလျက်သာသနာ တော်မြတ်အကျိုး စီး ပွါး ရဟန်း ရှင်လူပြည်သူအပေါင်း တို့အကျိုး စီး ပွါး များ စေ ကြောင်း ကိုတရား သဖြင့်ကြည့်ရှု စောင့် ရှောက်တော်မူသည်၊ လောကတ္တစရိယအကျိုး ကို ထောက် မျှော် တော်မူ၍လည်း တိုင်း နိုင်ငံတော်အတွင်း ရွှေဘုန်း တော်မြတ်ကိုခိုမှီရှိ နေကုန် သောပြည်သူသတ္တဝါအ ပေါင်း တို့မပင်မပန်း ချမ်း သာ စေခြင်း ငှါပွဲကင်း အ ကောက်အစား အခွန်ဘဏ္ဍာ များကိုလွှတ်ငြိမ်း စေ၍အလုပ် တော်အ ဆောင် တော်အသုံး တော်ရှိသည်များ ကို ရွှေတိုက်တော်က ငွေ တော်ထုတ် ပေး သုံး ဆောင် တော်မူသည်၊ ဆင်း ရဲသား ကျွန် တော်မျိုး တို့ ကြေး ငွေအသုံး အ ဆောင်များ မှာလည်း အ လေး စည်း ချိန်မမှန်မကန်ငွေဆန်း ငွေပြား မှုတ်လုပ်သုံး ဆောင်ကြလျှင်အဒိန္နဒါန်မကင်း ဖြစ်၍ပစ္စုပ္ပန်သံသရာအကျိုး နှစ်ပါး မသင့်၊ အကုသိုလ်တရား ပွါး များ ရာ သောအ ကြောင်းဖြစ်သည်၊ ငါ့ ရွှေလက်ထက် တော်ပြည်သူတို့အကျိုး စီး ပွါး များ ၍သား တော်အစဉ်မြေး တော်အဆက်မြစ် တော်အဆွန့်အဓွန့်ရှည်စွာတည်တွန်း စေခြင်း ငှါတိုင်း ကြီးပြည်ကြီး အင်္ဂါနှင့်အညီ ဒင်္ဂါး သုံး ဆောင်ကြ စေ ပညတ် တော်မူသည်၊ ဘား တော်ဘုရား လက်ထက်ခတ်မှတ်သည့်အတိုင်း ငွေ တော်ထုတ်၍ ခတ်မှတ် စေ၊ တံဆိပ်အက္ခရာမှာသာသနာ တော်၅၀၀၀ပတ်လုံး မတိမ်မမြုပ်တည်တွန်း စေခြင်း အ ကြောင်းကိုရည် တော်မူလျက်ခတ်လုပ် တော်မူသည့် ငွေ ဒင်္ဂါး တွင် ရွှေထီး ရွှေနန်း တိုင်း ကားနိုင်ငံအလုံး ကိုသိမ်း ရုံး စိုး စံ တော်မူသည်သာသနာ တော်နှစ်၂၃၉၆တဘက် ရွှေပြည်စိုး တံဆိပ်တဘက်သင့်မြတ်ပါကြောင်း နှင့်ပညာရှိတို့ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း ရေး သား ခတ်မှတ် စေ။

(သက္ကရာဇ် ၁၂၁၅ ခုတပို့တွဲလဆန်း ၁ရက် နေ့ပြန်) (29 January 1854)

( ရွှေ ဟောင်း သု တေသန၊ ကုန်း၊**တာ၁၃ မြရ**၊ စာ၁၇၂ )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေ့အသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည် ရှေး ဖြည့်ဆီး ဘူး တော်မူအပ် သော ပါရမီပုညသမ္ဘာရ တော် ကြောင့် ရေ မြေသနင်း မင်း အဖြစ်သို့ ရောက် တော် မူလျှင်သာသနာ တော် ရေး နှင့်တကွပြည်သူသတ္တဝါအ ပေါင်း တို့အား တရား သဖြင့် ထိန်း သိမ်း ကြည့်ရှု စောင့် ရှောက် တော်မူသည်၊ မင်း အဖြစ်ကိုယူ တော်မူခြင်း လည်း လောကီစည်း စိမ်ချမ်း သာကိုအလိုရှိ၍ယူ တော်မူသည်မဟုတ်၊ သတ္တဝါအ ပေါင်း တို့ချမ်း သာရာမရလွန်စွာပင်ပန်း ချင်း ရှိကြသည်ကိုချမ်း သာရာရစေခြင်း ငှါပြဗ္ဗစိုရဘရား သနား ဂရုဏာရှိ တော်မူသဖြင့် လောကတ္တစရိယအကျိုး ကို ထောက် တော်မူ၍မင်း အဖြစ်ကိုယူ တော်မူခြင်း ဖြစ်သည်၊ လွှတ် တော်တွင်ပြည်သူတို့တရား စကား အရှက်အတင်ရှိသည်များ ကိုဂတိ လေး ပါး သို့မငဲ့မထွက်အမှန်အကန်ကြ အောင် စစ် ဆေး စီရင်မှုတိုင်း နိုင်ငံသာယာဝ ပြော၍သာသနာ တော်စည်ပင်ပြန့်ပွါး လျက်ပြည်သူသတ္တဝါအ ပေါင်း တို့ချမ်း သာခြင်း ပစ္စုပ္ပန်သံသရာအကျိုး နှစ်ပါး ပွါးများ ခြင်း အကြောင်း ဖြစ်ရာသည်၊ တရား ကိုစူး စမ်း စီစစ်၍ တော်တည့် ဖြောင့် မှန် အောင်စီရင်ခြင်း သည်နတ်ရွာနိဗ္ဗာန်လမ်း ကြောင်း ကောင်း မြတ် သော အကျိုး ထူး ရရာသည်ကို ထောက် တော်မူ၍ ဘေး လောင်း တော်သီရိဓမ္မာ သောက မင်း သည်ညီ တော်တိဿမင်း ကိုအိမ် ရှေ့နှင်း အပ်ပြီး လျှင်တိုင်း ပြည်ဝန်ကိုညီ ၍ ဆောင်ရွက် စေသကဲ့သို့လက်ရုံး နှလုံး သတိပညာ နှင့်ပြည့်စုံ သောညီ တော်ကိုအိမ် ရှေ့ နှင်း အပ်ပြီး လျှင်လွှတ် တော်သို့ဘက် စေ၍တိုင်း ရေး ပြည် မှုနှင့်တကွပြည်သူပြည်သား တို့တရား စကား အရှက်အတင်ရှိသည်များ ကိုဆုံး ဖြတ်စီရင် စေသည်၊ သို့ဆုံး ဖြတ်စီ ရင် စေခြင်း ဖြင့်လည်း သတ္တဝါအ ပေါင်း တို့အား သနား ဂရုဏာလွန်စွာရှိ တော် မူသည်ဖြစ်၍ ရောင့်ရဲ တော်မမူ ရှေး မဟာသုဒဿနစကြာ မင်း အာဒါသမုခမင်း နေမိမင်း စ သောဘုရား အလောင်း မင်း ကောင်း မင်း မြတ်တို့သည်လည်းမင်း စည်း စိမ်ကိုခံစား ၍ ကြောင့်ကြမဲ့နေ တော်မမူပြည်သူတို့တရား စကား အငြင်း အခုံရှိသည်များ ကိုတရား သဘင်သို့ထွက်၍ကိုယ်တိုင်ဆုံး မစီရင် ကြောင်း များ ကို ကျမ်း ဂန်ထွက်ရှိသည်၊ တိုင်း ခရိုင်နိုင်ငံ တော်သည်လည်း အမျိုး လေး ပါး တို့နိုမှိး

ရာရာဇဌာနီတိုင်းကြီး ပြည်ကြီး ဖြစ်၍ နိုင်ငံ တော်အတွင်း စီရင်ခွင့်စီရင် ဘွယ်အလွန်များ ပြား စွာရှိသည်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည်လည်း တိုင်း ရေး ပြည်မှုနှင့်တကွပြည်သူသတ္တဝါအ ပေါင်း တို့တဦး နှင့်တဦး တရား စကား အ ရှက်အတင်ရှိသည်များ ကိုမှန်ကန်ပြီး ပြတ်လွယ် အောင်လွှတ်သို့ထွက်၍ဆုံး ဖြတ်စီရင် တော်မူမည်၊ ဝင်း တော်ခင်း မြဲခင်း ၊ နား ခံတို့မှာ ဝန်တို့တက်လျှင်အတွင်း တော်သို့ဝင်မြဲဝင် စေ၊ အစုံအညီတက် မတက် ရောက်မ ရောက်ကိုလည်း ဗြဲတိုက်သံ ဆင့်နှင့်နား ခံတို့က စာရင်း မှတ်သား ပြီး လျှင်ဗြဲတိုက်သံဆင့်ကအတွင်း တော် မှာအစီရင်ခံ စေ၊ နား ခံတို့က ဝန်တို့မှာအစီရင်ခံ စေ၊ လွှတ်သို့ထွက် တော်မူ လျှင်ဝန်တို့နှင့်အတွင်း ဝန်အစုံအညီအိမ်ရှေ့မင်း နေရာနှင့်မနီး မဝေး နေ ၍ရာဇဝတ် ရေး တိုင်း ရေး ပြည် ရေး သာသနာ တော် ရေး လျှောက်ထား ရန် ရှိသည်များ ကို လျှောက်၊ တရား စကား လျှောက်ထား လဲဆိုရန်ရှိသည်ကိုလည်း အမှု သည် ရှေ့နေတို့ လျှောက်လဲ စေ၊ စကား နှစ်ပြင်ကို ထောက်၍အိမ်ရှေ့မင်း အတွင်း ဝန်တို့နှင့်ညှိနှိုင်း တိုင်ပင်ပြီး လျှင်ထုံး စံရှိရာ ဝန်တို့က ကောက်ယူစီရင်။

17 February 1854

(သက္ကရာဇ်) ၁၂၁၅ ခုတပို့တွဲလပြည့်ကျော် ၅ ရက် နေ့မှန်နန်း တော်တွင် အမိန့်တော်၊ အတွင်း ဝန်ပုခန်း ကြီး မြို့စား မင်း ၊ ယည်ပုံ လှေအုပ်မင်း ၊ လှေ သင်း အတွင်း ဝန်မင်း ၊ ဝက်မစွတ်မြို့စား မင်း တို့ ရှေ့သံ တော်ဆင့်မင်း လှသိန် သူမှတ်။

1 March 1854

(သက္ကရာဇ်) ၁၂၁၅ ခုတ ပေါင်း လဆန်း ၃ ရက် နေ့နား ခံ ပြော့ကြီး မှူး မင်း လှမင်း ကျော်တွင်ပြန်။

( တောင်ခွင်စာစု )

လွှတ်တော်အတွင်း တော်ရွှေရုံး နောက်ရုံး တရားရုံး မှစ၍ဆိုင်ရာဝန်အိမ် အဝေး မြို့ဝန်အရာရှိတို့မှာရုံး မှုရာမှုတရား စကား မှုများ ကို ကြေး ငွေအပိုအမိုမဟုတ်မမှန်စား ယူကြ သော ကြောင့်ငါ့ရွှေလက်ထက် တော်ပြည်သူသတ္တဝါအပေါင်း တို့အား ချမ်း သာ စေခြင်း ငှါ ကြေး ငွေအပိုအမိုမစား မယူကြ စေနှင့်၊ အမိန့် တော်ထုတ်ပြန်ပြဋ္ဌာန်း ပိုင်း ခြား ရှိ လေပြီး သည်ကိုအမိန့် တော်ထုတ်ပြန်ရာ မပါဆို၍လင်ကွာ မယား ကွာ မှုများ ကိုစီရင်စား ကြေး ငွေအပိုအမို တောင်းခံ ကြောင်း အရပ်ရပ်တရား မှုများ မှာလည်း မြေထုံး ဆို၍ ကြေး ငွေအပိုအမိုတောင်း ခံစား ယူကြ ကြောင်း များ နှင့်ရွှေနား တော်မြတ်ကြား သိ တော်မူရသည်၊ နောင်သည်ကဲ့သို့မကြား မသိရ စေနှင့်၊ အထက်ထုတ်ပြန် တော်မူသည့်အမိန့်တော်တမ်း အတိုင်း ကြပ်ကြပ်တည်း တည်း ဆင့်ဆိုစီရင်။

22 April 1854

(သက္ကရာဇ်) ၁၂၁၆ခု (ဦး )တန်ခူး လပြည့်ကျော် ၁၀ ရက်နေ့မှန်နန်းတော်တွင်း အမိန့်တော်အတွင်း ဝန်ဝက်မစွတ်မြို့စား မင်း လောင်း ရှည်မြို့စား မင်း တို့ရွှေသံ တော်ဆင့်မင်း လှသိင်္ခသူမှတ်။

23 April 1854

(သက္ကရာဇ်) ၁၂၁၆ခု (ဦး )တန်ခူး လပြည့်ကျော် ၁၁ ရက်နေ့နား ခမင်း တင်ရာဇသီဟသူတွင်ပြန်။

( တောင်ခွင်စါစု )

ရွှေပြည်ရန် အောင်မြင်ဝန်မင်းကြီး မဟာမင်းခေါင်ကျော်ထင်နှင့် ပုဂံမြို့ စီရင်စု ညောင်များ ရွာသူကြီးတို့ ပြောဆိုကြသည့် နယ်မြေမှုစကား ကိုစာဆက်သွင်းသည်မှာ ပုဂံမြို့ (သက္ကရာဇ် ၁၁) ၄၅ခု ၆၄ခု စစ်တမ်း [1782] တွင် တောင်ပိုင်းတမ်း [1802] ၁ရ၊ တောင်ဘက်တန် ၂ရ၊ ၄ ကျော်တန်း ၁၃၊ အညာ ၉ ရွာ၊ အကြေ ၉ ရွာ၊ ကျောင်း ၅ ရွာ၊ အစွန်း ၄ ရွာ၊ စုစု ရွာပေါင်း ဂ၄ သာ ထွက်ရှိသည်၊ ကျောက်ဆောက်မြို့ (သက္ကရာဇ် ၁၁) ၄၅ခု နယ်ဝင်စစ်တမ်း [1783] ထွက်ရွာစဉ်ကျယ်မှာ အချင်းဖြစ်ဆိတ်တိမ်း ကမ်းဖြူးလှိုင်း သာသုံးရွာ ပါရွာပေါင်း ၄၄ ရွာ ထွက်သည်ကို ရှင်းလင်းသိသာအောင် ပုဂံမြို့ ကျောက်ဆောက်မြို့ နယ်ပိုင်များကိုထုတ်စေရာ ညောင်များ ရွာသူကြီး ငအုန်းသည် ပုဂံမြို့ ကျောက်ဆောက်မြို့ နယ်ပိုင်များတွင် ဆိတ်တိမ်း ကမ်းဖြူး လှိုင်းသာ တက်သန်ကျင် အုန်းကျင့်ရွာများကို ပုဂံမြို့နယ်သို့ သွင်း၍ နှစ်မြို့နယ် တော်ပိုကမ္ပည်း လိပ်မှတ်များကို ပြုပြင်ရေး ကြောင်းကို သိသာသည်၊ အတွင်း တော်သို့မှာ တမ်းသွင်း၍ နယ်ပိုင်ကို အမှန်အကန်ကြ အောင်ပြင်စေမည်၊ အချင်းဖြစ်ဆိတ်ထိန်း ကမ်းဖြူးလှိုင်းသာ ကျေး ရွာနယ်မြေများကို ကျောက်ဆောက်မြို့ (သက္ကရာဇ် ၁၁) ၄၅ခု ၆၄ခု စစ် [1783] တမ်း [1802] ရွာစဉ်ကျယ်စာရင်းတွင် ပါဝင်သည့်အတိုင်း ကျောက်ဆောက်မြို့က ရယူစေမည်၊ ညောင်များ ရွာသူကြီး ငအုန်းသည် မြို့ရွာနယ်ပယ်မထွေးမရှက်စေရ၊ သမုတ်ပြဌာန်းပိုင်းခြား တော်မူသည့် နယ်ပိုင်ကို ပြုပြင်ရေးသားသူ ဖြစ်သည်၊ သင်းကိုကြားမြင်သမျှ ကြောက်ရွံ့ အောင်မြို့တွင်း မြို့ပြင် အစေ့အနှံ့ မောင်းကျော်၍ နာလှ အောင်ရိုက်ပြီး လျှင်လက်ကိုဖြတ်မည် စာဆက်သွင်း ချက်အတိုင်း သင့်ပြီ။

(သက္ကရာဇ်) ၁၂၁၆ ခု ကဆုန်လဆန်း ဂရက် နေ့သွင်း [4 May] ရင်း နားခံ စ [1854] မြောင်မှူး တွင်ပြန်။

( တောင်ခွင်စါစု )

(12 May) 1854

သက္ကရာဇ် ၁၂၁၆ ခု (ကဆုန်လပြည့်ကျော် ၁ ရက်နေ့) ဝန်ကြီး သတိုး မင်း ကြီး မဟာမင်း လှသီဟသူ၊ မင်း ကြီး မဟာရာဇာသင်္ကြန်၊ သတိုး မင်း ကြီး မဟာမင်း လှကျော်သူ၊ မင်း ကြီး မဟာမင်း လှစည်သူတို့ကိုသနား တော်မူသည့်အစီး အနင်း အဆောင်အရွက် ပေး အမိန့်တော်အတို ကောက်ဘုရား

ဖေါင်း ကတ္တီပါနီ ရွှေသား ပန်း ၁၂၊ တမာရွက် ထောင် ၁၂ ၁

ဘွဲ့သင်း ကျစ်တပ် ၁

ရွှေနား တောင်း မီး တွင်း ၁

ကတ္တီပါဝတ်လုံ့ဘဲဂံ ရွှေဖျင်ဒီတဆင့်တပ် ၁

ဘွဲ့ဖြူ ရွှေမြိတ်ဂံ ၁

ရွှေစလွယ် ၁၂ သွယ် ၁

မောက်တို ရွှေပိန်း ၊ ရွှေကုံး စိန်တောင် ၁၂၊ ရွှေထိပ် ရွှေထွတ်ငှက်မနား စိန်ပွင့် ၁၂၊ ပါး ကာနား ကာ ရှေ့ကာ နောက်ကာ မောက်ရူပါလည် ကွေး ကတ္တီပါနီယက်ပြား သတ်၊ မျည်း တိုကတ္တီပါစိမ်း ယက်ပြား သတ်၊ မျည်း ရှည်ကတ္တီပါ နက်ယက်ပြား သတ် ၁

ကွမ်း ခွက်လဘက်အိုး တကောင်း ပိတ်ရှစ် ထောင့်ပယင်း တပ်၊ ကွမ်း လိပ် သုံး မြွာပယင်း တပ် ၁

မိုး ကြိုး ထွေး အင် ၁

ကတ္တီပါအုံး ဝန်း ၁

ရွှေ ပေခ မောက် ၁

ဓါး ရွေး မရွေး ငယ် နောက်ပိတ်ပတ္တမြား စီ၊ အိမ်မည်သရီမှန်း သံပတ် ရတနံ့ပတ္တမြား စီ၊ ရင်း ဖျား သက္ကဒါန်ငုံခံပတ္တမြား စီ၊ ဆွဲကြိုး မုဒယက် ကန်တော့လက်ပံကွင်း အနား ပတ္တမြား တရစ်စီ၊ ဆောင်ဓါး မိုး ကြိုးဆင်၊ သက္ကလတ်အိတ်နီသွတ် ၁

ထီး နီ ရွှေ ညောင်ရွက် ၃ ဆင့်၊ ညောင်ရွက် ရေ ၃၆၊ အချက်အထွတ် ရွှေအရိုး ရွှေကြံဆစ် ၁

ကျိုင်း ၂ အချက်အထွတ် ရွှေ၊ အအုံ့အရွက်အရိုး အနီသုတ် ၁

ထမ်း စင်ခွက်ခါး ပန်း စက်အနား ဇော့ကွင်း ၊ အတွင်း ကြယ်၊ ကြာနု
တဆင့်ကမွတ်သံပွင့်တမြံချိုး ၊ ဘီနပ်ကုလား ပန်း ၊ အိမ်အတွင်း ညောင်ရွက်၊
အနား မန်း ကျည်း ရွက်၊ ဘဝါး ရွဲ၊ ဘောင်ထိပ်သံပွင့်ပန်း လှကြာ၊ အတွင်း
ညောင်ရွက်အနား မန်း ကျည်း ရွက်၊ ဘဝါး ရွဲ ထောင်ကြက်ရင်ကုလား ပန်း
တောင့်ကျေး စေတိုင်၊ အုံး တား ဘက်ဝန်း မြင်မိုရ်ကျေး စေတိုင်၊ အဖြေ
မြင်း နား ရွှေ၂စု၊ အနီတစု၊ ခါး အနီ ၁
မြင်း ကကိုင်း ညောင်ရွက်ရ၊ သံပရာခွံရက် ဘောက်က တောင်ဆွဲ၊ ဇက်ပါး
ကာ ရွှေဇာဝါပိန်း ၊ နင်း နှင်း သိပ်အိမ် မြောင်ရင်ပတ်ကွင်း ငွေဇာဝါ၊ က
တောင် ရွှေ ရေး ၊ ဇာမရီဂုပ်ပန်း ခက်ကိုက်အနား သံငုံ ရွှေပိန်း ၊ ဦး
ခက်ထိပ် ဆောင်း မြီး ဖွန်း ရင်ပတ်သက္ကလတ်ကြိုး ရွှေကြယ်တပ်၊ စီး နှီး သက္က
ဒါန်သက္ကလတ်တင်ရမ်း စက်ရွှန်း သုံး ဆင့် ၁
ဆင် ပေါင်း ဝန်း အချက်အထွတ် ရွှေ၊ အမိုး ရွှေ၂စု၊ အနီတစု၊ က တောင်
ရွှေပြည့်ရေး၊ကခွက် ရွှေ၂စု၊ အနီတစု၊ ရဲကခွက် ရွှေ၂စုအနီတစု၊ က တောင်
ရွှေပြည့်ရေး ၊ ၁
အလံကျည်လှံကျည်ရင်း ဖွား ရွှေဒိ၊ ဆင်ကြိုး သက္ကလတ်ဘဲကွပ်၊ စည်နီရ၊ စည်ပုတ်
၁၊ ပုံသာ ၁၊ ငွေနှဲကြီး ၁၊ ငွေနှဲငယ် ၂၊ ခရာ ၁၊ လင်း ကွင်း ၁
လှော်ကား နိုန န်းငှက်ပုံ့ရုပ်၊ အလယ်ဦလှပ်ဆံထုံး ပရိတ်ချည်သုံး ဆင့်ပဲ့ဘိဒုယင်
အနီအမအထွတ် ဝတ်ဆံ ရွှေ ညောင်ရွက် ရွှေထည့်၊ လုလင်တိုင်အနီအ ဖြေပန်း ဆုပ်
ပုံတိုင်လက်ခတ်အနီ၊ အလံဘဲနီ၊ အထွတ် ရွှေ၊ အလံရိုး အလံကျည်အနီသုတ်၊ ခဲကြိုး
ရွှေကန် တော့ အောင်း နီဦး ၁ပွင့်၊ ပဲ့၂ပွင့်၊ တက်မအနီ လှော်တက်အဖြူ၊
ခင်ဒုရင်အနီ၊ မှုတ်ရိုး ထောက်အနီသုတ်၊ လက်ရမ်း အဖြေပန်း ဆုပ်အနီ၊
ပွတ်လုံး အနီသုတ် ၁
အိမ်ခြံမြင်း ကြမ်း ယက်ကမွတ်သတ် ၁

( မှိုး ကြည့်၊ ပု၊ ၆၃၅၊ ကုန်း ၊ တတိယ၊ ၁၉၆၇၊ စာ၁၀၃-၄ )

မင်းသတိုး မင်းကြီး မဟာမင်းလှသီဟသူ၊ မင်းကြီး မဟာရာဇသင်္ကြံ၊ မင်းသတိုး မင်းကြီး မဟာမင်းလှကျော်သူ၊ မင်းကြီး မဟာမင်းလှစည်သူမှာလိုက်သည်၊ တလုတ်မြို့ဝန်မဟာမင်းခေါင်ကျော်ထင်၊ ပညာရှိဆီမီးခုံရွာစား အဝေးကျိဝန်မဟာနန္ဒသင်္ကြံကသနား တော်မြတ်ခံရသည့်ဆီမီးခုံရွာ၊ သာထွန်းရွာများ မှာ နယ်လေး ရပ်ရှစ်ရပ်အတွင်း အပေါ်ဝန်အကောက်အစား တရားကွမ်းဘိုး မှစ၍ရွာစား တို့စား ရိုး ထုံးစံရှိရာ စစ်ကြောစီရင် ကောက်ခံစားယူစေလွှတ်တော်ကအထက်စာချွန်ပေး အပ်သည့်အတိုင်း တဝတည်း စစ်ကြောစီရင်ကောက်ခံစား ယူပါမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်သည်၊ ဆီမီးခုံရွာသာထွန်း ရွာနယ်လေး ရပ်ရှစ်ရပ်အတွင်း အပေါ်ဝန်အကောက်အစား တရားကွမ်းဘိုး မှစ၍လွှတ်တော်ကအထက်စာချွန်ပေး အပ်သည့်အတိုင်း ထုံးစံရှိရာရွာစား ကတဝတည်း စစ်ကြောစီရင် ကောက်ခံစား ယူစေ၊ သက္ကရာဇ် ၁၂၁၆ ခုက
17 May 1854
ဆုန်လပြည့်ကျော် ၆ ရက် နေ့ဘုရား အမိန့်တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ပြန်ဆိုမှာထား ရမည်ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သောဘုရား ညီတော်အိမ်ရှေ့မင်း အမိန့်တော်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည်ဖြစ်၍အမိန့်တော်စာချွန်မှာစာပေး အပ်လိုက်သည်၊ ဆီမီးခုံရွာသာထွန်း ရွာနယ်လေး ရပ်ရှစ်ရပ်အတွင်း အပေါ်ဝန်အကောက်အစား တရား ကွမ်းဘိုး မှစ၍လွှတ်တော်ကအထက်စာချွန်ပေး အပ်သည့်အတိုင်း ထုံးစံရှိရာရွာစား ကအမိန့်တော်မြတ်ရင်း နှင့်အညီတဝတည်း စစ်ကြောစီရင် ကောက်ခံစား ယူစေရမည်။

24 May 1854
သက္ကရာဇ် ၁၂၁၆ ခုကဆုန်လပြည့်ကျော် ၁၃ ရက် နေ့အမှာတော်ရေး မင်းဦး နှော စာရေး ငဘိုး က ပေး အပ်သည့်လက်ခံ
(တိုး လှ စာစု)

27 May 1854

16 June 1854

သက္ကရာဇ် ၁၂၁၆ ခုနယုန်လပြည့်ကျော် ၆ ရက်နေ့ထီး ဆောင်း မင်္ဂလာမဟာဥကင်သဘွင့်တော်မူလျှင် ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း အရပ်ရပ်စော်ဘွား မြို့စား မြို့ဝန်စစ်ကဲဆိုင်ရာစုထိန်း စုအုပ်တို့ထံရာဇဝတ်မှုတရား စကားမှုမှစ၍အမှုကြီး ငယ်အပြစ်လေး ရပ်မ ၄ရွး ထောင်တန်း အကျည်း အမြောင်းအချုပ်ခံနေသူတို့နှင့်အဘွဲ့အနှောင်အထား ရှိသမျှသား ငှက်တရိစ္ဆာန်တို့ကို ဘေး မဲ့ပေး တော်မူမည်ဖြစ်သည်၊ ထောင်တန်း အကျည်း အမြောင်းအချုပ်အနှောင်အလှောင်အထား ရှိသမျှလူတို့နှင့်သား ငှက်တိရိစ္ဆာန်တို့ကိုတံဆိပ်နာမံခံတော်မူ၍ထီး ဆောင်း မင်္ဂလာမဟာဥကင်သဘွင့်တော်မူသည့်နေ့အခါတော်အတိုင်း တချိန်တခါတည်း ကုန်စင်အောင်လွှတ်ရမည်အကြောင်း နှင့် စေ့နှံ့အောင်ဝန်တို့ကမှာထား ဆင့်ဆိုစေ။

27 May 1854

(သက္ကရာဇ်) ၁၂၁၆ ခုနယုန်လဆန်း ၁ ရက်နေ့နားခံ ပြော့ကြီး မှူးမင်း လှမင်း ကျော်ထွင်ပြန်။

(တောင်ခွင်စါစု)

မင်း၊သတိုး မင်းကြီး မဟာမင်းလှသီဟသူ၊ မင်းကြီး မဟာရာဇသင်္ကြန်၊ မင်းသတိုး မင်းကြီး မဟာမင်းလှကျော်သူ၊ မင်းကြီး မဟာမင်းလှစည်သူမှာလိုက်သည်၊ တလုတ်မြို့ဝန်မဟာမင်းခေါင်ကျော်တင်၊ ပညာရှိဆီမီး ခုံရွာစား အဝေး ကျီဝန်မဟာနန္ဒသင်္ကြန်သနား တော်မြတ်ခံရသည့်ဆီမီး ခုံရွာ၊ သာထွန်း ရွာများ မှာနယ်လေး ရပ်ရှစ်ရပ်အတွင်းအပေါ်ဝန်အကောက်အစားတရား ကွမ်းဘိုး မှစ၍ရွာစား တို့စား ရိုး ထုံး စံရှိရာစစ်ကြောစီရင်ကောက်ခံစား ယူစေ၊ လွှတ်တော်ကအထက်စာချွန်ပေး အပ်သည့်အတိုင်း တဝတည်း စစ်ကြောစီရင်ကောက်ခံစား ယူပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်သည်၊ ဆီမီး ခုံရွာ၊ သာထွန်း ရွာနယ်လေး ရပ်ရှစ်ရပ်အတွင်း အပေါ်ဝန်အကောက်အစား တရား ကွမ်း ဘိုး မှစ၍လွှတ်တော်ကအထက်စာချွန်ပေး အပ်သည့်အတိုင်း ထုံး စံရှိရာရွာစား ကတဝတည်း စစ်ကြောစီရင်ကောက်ခံစား ယူစေ၊ သက္ကရာဇ် ၁၂၁၆ ခုကဆုန်လပြည့်ကျော် ၆ ရက်နေ့ဘုရား အမိန့်တော်မြတ်ကိုဦး ထိပ် [17 May 1854] ထက်ဆင်ရွက်ရသည့်အတိုင်း ပြန်ဆိုမှာထား ရမည့်ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သောဘုရား ညီတော်အိမ်ရှေ့မင်း အမိန့်တော်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်ဖြစ်၍အမိန့်တော်စာချွန်မှာစာပေး အပ်လိုက်သည်၊ ဆီမီး ခုံရွာ၊ သာထွန်း ရွာနယ်လေး ရပ်ရှစ်ရပ်အတွင်း အပေါ်ဝန်အကောက်အစား တရား ကွမ်း ဘိုး မှစ၍လွှတ်တော်ကအထက်စာချွန်ပေး အပ်သည့်အတိုင်း ထုံး စံရှိရာရွာစား ကအမိန့်တော်မြတ်ရင်း နှင့်အညီတဝတည်း စစ်ကြောစီရင်ကောက်ခံစား ယူစေရမည်။

(သက္ကရာဇ်) ၁၂၁၆ ခုကဆုန်လပြည့်ကျော် ၁၃ ရက်နေ့အမှာတော်ရေး [8 June 1854] မင်းဦး နှော၊ စာရေး ငတိုး က ပေး အပ်သည့်လက်ခံ။

(တောင်ခွင်စာစု)

စစ်တွေမြို့နေကုန်သည်ငရဘော်၊ ငဘတော်၊ ရဲကျော်သူကို့ငှက်တောင်ကုန် ၃၀၀၀၀ များကိုဆောင်ယူပြီး လျှင်ရွှေဘဝါး တော်အောက်လာရောက်၍ပါ ကုန်များကိုရတနာပုံတိုက်တော်တွင်စာရင်း ချမှတ်ရှိသည်မှာအဝေး မြို့ကျေး ရွာက ရွှေဘုန်း တော်မြတ်ကိုခိုလှုံရောင်း ဝယ်လို၍ ရွှေစက်တော်အောက်လာ ရောက်သူများဖြစ်သည်၊ ငရဘော်၊ ငဘတော်၊ ရဲကျော်သူတို့နှင့်ပါသည့်ငှက် တောင်ကုန်များကိုအကောက်တော်ထုံး စံတွင်သုံး စုတစု လျှော့၍ ကောက်ခံဆက် သွင်းစေ။

24 June 1854

(သက္ကရာဇ်) ၁၂၁၆ ခုနယုန်လပြည့်ကျော် ၁၄ ရက်နေ့ ရွှေတိုက်တော်တွင် အမိန့်တော်၊ အတွင်း ဝန်ဝက်မစွတ်မြို့စား မင်း လောင်း ရှည်မြို့စား မင်း တို့ ရှေ့သံတော်ဆင့်မင်း လှသိန်သူ မှတ်။

24 June. 1854

(သက္ကရာဇ်) ၁၂၁၆ ခုနယုန်လပြည့်ကျော် ၁၄ ရက်နေ့နား ခံစ မြောင်မှူး တွင်ပြန်။

( တောင်ခွင်စါစု )

သာသနာပြုဆရာ တော်ကအလုံခြုံအထက်တိုက် မောင်း တောင်ရွာနယ်အတွင်း တဘက်ဆည်ကန်မှာ ခိုမှီ နေထိုင်သည့်သား ငှက်တရိစ္ဆာန်တို့ကို ချမ်းသာစွာ နေထိုင်စေခြင်း ငှါဇီဝိတဒါန၊ အဘယဒါန၊ ကုသိုလ် တော်ကိုရည် တော်မူလျက် ဘေး မဲ့ချမ်းသာပေး တော်မူမည့်အကြောင်း နှင့် မေတ္တာရပ်ခံချက်အတိုင်း သတ္တဝါတို့အား ဘေး ရန်မရှိစေရ၊ တား မြစ် စောင့်ရှောက်ခြင်း တို့ဖြင့်လုံခြုံစေအပ် သော ရက္ခာဝရဏ ဂုတ္တိထရာကို ထောက် တော်မူ၍ ဘေး မဲ့ချမ်း သာပေး တော်မူသည်၊ မောင်း တောင်ရွာနယ်တွင်တဘက်ဆည်ကန်သို့လာ ရောက်မှီခိုရှိ နေသည့်သား ငှက်တရိစ္ဆာန်တို့ကိုအဖမ်း အဆီး အနှောင်အဖွဲ့အပစ်အခတ်အသတ်အညှစ် မရှိ စေနှင့်၊ ချမ်းသာစေ။

24 June 1854

(သက္ကရာဇ်) ၁၂၁၆ ခုနယုန်လပြည့်ကျော် ၁၄ ရက် နေ့ ရွှေတိုက် တော်တွင် အမိန့်တော်၊ အတွင်း ဝန်ဝက်မစွတ်မြို့စား မင်း တို့ ရှေ့သံ တော်ဆင့်မင်း လှသိန်သူမှတ်။

24 June 1854

(သက္ကရာဇ်) ၁၂၁၆ ခုနယုန်လပြည့်ကျော် ၁၄ ရက် နေ့နား ခံစ မြောင်မှူးတွင်ပြန်။

( တောင်ခွင်စါစု )

ဘား လောင်း တော်သီရိဓမ္မာ သောကမင်း သည် စေတီ ကျောင်း ရေတွင်း ရေကန်ရှစ် သောင်း လေး ထောင်စီလှူတော်မူသည်ကိုသာသနာ တော်အမွေခံမဖြစ်၊ ရင်နှိုက်ဖြစ် သောသား တော်ကိုသာသနာ တော်တွင်း သို့ချီး မြှင့်မှ သာလျှင်သာသနာ တော်၏အမွေခံဖြစ် ကြောင်း နှင့်ရှင်မဟာ မောဂ္ဂလိပုတ္တတိဿမထေရ်အမိန့်ရှိ တော်မူသည့်အတိုင်း သား တော်မဟိန္ဒမင်း သား ကိုအံ့ဘွယ်ရှစ်ပါး တို့နှင့်ပြည့်စုံ သောမြတ်စွာဘုရား သာသနာ တော်တွင်း သို့သာမဏေအဖြစ်ဖြင့်ချီး မြှင့် တော်မူသကဲ့သို့ငါအသျှင်ဧကရာဇ်မင်း မြတ်သည်လည်း သာသနာပြုမင်း ကောင်း မင်း မြတ်ဖြစ် တော်မူသည်နှင့်အညီသာသနာ တော်အတိုင်း ထက်အလွန်စည်ပင်ပြန့်ပွါး စေခြင်း ၊ သာသနာ တော်အမွေခံဖြစ် စေခြင်း အကြောင်း ကိုရည် တော်မူလျက်သား တော်မလွန်မင်း သား သတိုး မင်း လှဇေယျသူ၊ ပန်တိမ်း မင်း သား သတိုး မင်း လှသီဟသူ၊ သုံး ဆယ်မင်း သား သတိုး မင်း စော၊ မြင်ကွန်း မင်း သား သတိုး မင်း လှ ကျော်စွာတို့ကိုသက္ကရာဇ် ၁၂၁၆ ခုဝါဆိုလနား (25 June 1854 – 24 July 1854) တွင်း သျှောင်ထုံး မင်္ဂလာ ဆောင် တော်မူပြီး လျှင်မြတ်စွာဘုရား သာသနာ တော်တွင်း သို့ရှင်သာမဏေအဖြစ်ဖြင့်ချီး မြှင့် တော်မူသည်၊ အခမ်း အနား မှာခမည်း တော်ဘုရား လက်ထက်ညီ တော်အိမ်ရှေ့မင်း နား တွင်း သျှောင်ထုံး မင်္ဂလာအခမ်း အနား နည်း ခန့်ထား လုပ် ဆောင် စေ၊ လုပ် ဆောင်ရန်အခမ်း အနား များ လည်း မြေနန်း တော်တွင်ခင်း ကျင်း လုပ် ဆောင် စေ၊ စာရင်း ကိုလည်း သွင်း ။

(သက္ကရာဇ်) ၁၂၁၆ ခုနယုန်လပြည့်ကျော် ၁၄ ရက် နေ့ (24 June 1854) ရှေ့တိုက် တော်တွင် အမိန့်တော်၊ အတွင်း ဝန်ဝက်မစွတ်မြို့စား မင်း ၊ လောင်း ရှည်မြို့စား မင်း တို့ရှေ့သံ တော်ဆင့်ရတနာ လှကား တော်မှူး မင်း လှသီရိ ဇေယျသူမှတ်။

(တောင်ခွင်ဝါစု)

နိုင်ငံတော်အတွင်း ဆင်းရဲသား ကျွန်တော်မျိုး တို့လယ်ယာမှုများ ကြောင့်အလျှောက်အထား တရား အတွေ့အဆိုအချေအတင်နှင့်ရှိကြသည်များ မှာ မိုဃ်း လ အခါလုပ်ချိန်ကာလ ရောက်ပြီဖြစ်သည်၊ အလျှောက်အထား တရား ကိုလက်ခံ၍ မစစ်မကြောမစီရင်ကြစေနှင့်၊ လက်ရှိအတိုင်း လယ်ယာများ ကိုလုပ်ဆောင်နှင့်စေ၊ မပြီး မပြေလျှောက်ထါး ပြောဆိုလိုလျှင်အသီး အနှံရိတ်သိမ်း ပြီး မှ ပြောဆိုလျှောက်ထား ကြစေ၊ ရွှေဂုံး နောက်ရုံး တရား ရုံး မြို့ရှင်ရွာရှင်ဆိုင်ရာစုထိန်း စုအုပ် သွေးသောက်ကြီး ခေါင်း အကြီး တို့ကို စေ့နှံ့အောင်ဆင့်။

28 June 1854

သက္ကရာဇ် ၁၂၁၆ ခု ဝါဆိုလဆန်း ၄ ရက် နေ့ ဝန်ရှင်တော် မကွေး မြို့စား မင်းကြီး၊ မြဲတောင်မြို့စား မင်းကြီး နှစ်ပါး မိန့်ချက်၊ ဝန်ထောက်တော် ဗန့်မော်ဝန်မင်း မှတ်။

( တောင်ခွင်ဒါစု )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့်တော်ရှိသည်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည် ရှေး ဘုရား အလောင်းမင်း
ကောင်း မင်း မြတ်တို့ကဲ့သို့ ရာဇဓမ္မစ သောမင်း ကျင့်တရား အပေါင်း တို့ကို
ဖြည့်ကျင့်ရွက် ဆောင် တော်မူလျက်ပြည်သူသတ္တဝါအပေါင်း တို့အား တရား နှင့်အညီ
ထိန်း သိမ်း ကြည့်ရှုစောင့်ရှောက် တော်မူသဖြင့်ခမည်း တော်ဘုရား အရိုက်အ
ရာ တော်ဖြစ် သော ရွှေထီး ရွှေနန်း တိုင်း ကား နိုင်ငံအပေါင်း ကိုသိမ်း မြန်း
စိုး အုပ် တော်မူ၍ ဘား လောင်း တော်သီရိဓမ္မာ သောကမင်း ဒေဝါနံပိယဇိ
ဿမင်း စ သောသာသနာပြုမင်း တို့ကဲ့သို့ ရှေး ဖြည့်ဆည်း ဘူး တော်မူအပ် သော
ပါရမီ တော်သမ္မာဆန္ဒအရင်း ရှိသဖြင့်သာသနာ တော်မြတ်ကိုအတိုင်း ထက်အလွန်
စည်ပင်ပြန့်ပွါး အောင်ချီး မြှင့်ပူဇော် တော်မူသည်ကိုပြည်သူသတ္တဝါတို့အပေါင်း
အား လည်း အကုသိုလ်တရား မပွါး စေရ၊ နတ်ရွာနိဗ္ဗာန်လမ်း ကြောင်း ကောင်း
မြတ် သောကျင့်ဝတ်တရား တို့ကိုကျင့်ဆောင်ပွါး များ စေခြင်း ငှါတိုက်တွန်း ဆုံး မ
ပြသနှိုး ဆော် တော်မူသည်၊ အာဏာ တော်ထား ရာလွှတ် တော်ရုံး တော်မှစ၍ နိုင်
ငံ တော်အတွင်း အရပ်ရပ် စော်ဘွား မြို့စား မြို့ဝန်စစ်ကဲစုထိန်း စုအုပ်တို့ထံရာ
ဇဝတ်မှုတရား များ နှင့် ထောင်တန်း အကျည်း အမြောင်း ခံနေရသူတို့မှာအ
ပြစ်အလျှောက်စီရင်သင့် သော်လည်း အလောင်း အလျာတို့ဆုကြီး ပတ္တနာဗျာဒိတ်
ခါဝယ်သတ္တဝါအပေါင်း တို့အား ဘေး ဥပါဒ်ကင်း လွတ် စေလျက်ချမ်း သာခြင်း အတိ
ဖြစ်သကဲ့သို့တံဆိပ်နာမံခံ တော်မူ၍ထီး ဆောင်း မင်္ဂလာမဟာဥကင်သဘင့် တော်
မူသည့်မင်္ဂလာအခါ တော်နှင့်ကြုံကြိုက်သည်ဖြစ်သည်၊ ထောင်တန်း အကျည်း အမြောင်း
ခံနေရသူတို့ကိုအမှုကြီး ငယ်အပြစ်လေး ပေါ့ မရွေး မချယ်သတ္တဝါအပေါင်း တို့ကိုကိ လေ
သာတည်း ဟူ သောအနှောင်အဖွဲ့မှကင်း လွတ် အောင်ကယ်ဆယ် တော်မူနိုင်ခြင်း အ
ကြောင်း နိမိတ်ကိုရည် တော်မူလျက်အဘယဒါန၊ ဇီဝိတဒါန၊ အသဒိသကုသိုလ် တော်အ
ထူး ဖြစ်စေခြင်း ငှါထောင်တန်း အကျည်း အမြောင်း ခံနေရသူတို့နှင့်အဖွဲ့အနှောင်
အလှောင်အထား ရှိသည့်သား ငှက်တိရစ္ဆာန်တို့ကို ဘေး မဲ့ချမ်း သာပေး တော်မူ
သည်၊ ချမ်း သာစေ၊ ကုန်စင် အောင်လွှတ်။

16 June 1854

(သက္ကရာဇ်) ၁၂၁၆ ခုနယုန်လပြည့်ကျော် ၆ ရက်နေ့ထီး ဆောင်း မင်္ဂလာ မဟာဥကင်တော်အခန်းအနား တွင်အမိန့်တော်သံတော်ဆင့်မင်း လွှသိခ်သူမှတ်။

30 June 1854

(သက္ကရာဇ်) ၁၂၁၆ ခုနယုန်လပြည့်ကျော် ၆ ရက်နေ့နား ခံမင်း တင်ရာ ဇာသီဟသူတွင်ပြန်။

( တောင်ခွင်စါစု )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည်ပြည်သူသတ္တဝါအပေါင်း ကို ချမ်းသာစေကြောင်း လောကတ္တစရိယပါရမီတော်ကိုဖြည့်ဆောင်တော်မူလို၍ ရွှေထီး ရွှေနန်း တိုင်း ခရိုင်နိုင်ငံနှင့်တကွမြတ်သောမင်း အဖြစ်ကိုယူတော်မူပြီး လျှင် တိုင်း နေပြည်သူအပေါင်း တို့အကျိုး စီးပွါး များ စေကြောင်း ကိုကိုယ်တော်တိုင် ကြည့်ရှုရွက်ဆောင်တော်မူသည်၊ နိုင်ငံတော်အတွင်း ရှေ့မင်း တို့လက်ထက် မြေရေ တို့၌နှစ်ကာလအဓွန့်ရှည်စွာသိုမြှုပ်နှံထား သော ရွှေငွေရတနာဥစ္စာများ ကို ပြည်သူဆင်း ရဲသား တို့ကံအလျောက်တူး ဖေါ်ရကြသည်များ မှာဥစ္စာရှင်မရှိအသာမိကဖြစ်၍မင်း ၏ဘဏ္ဍာ အရာဖြစ်သင့်သော်လည်း သာသနာဒါယကာပါရမီဖြည့်တရား မင်း မြတ်ဖြစ်တော်မူသည့်နှင့်အညီ ရှေး ဘုရားလောင်း မင်း ကောင်း မင်း မြတ်တို့ကျင့်ထုံး ကို ထောက်တော်မူလျက်ငါ့ရွှေလက်ထက်တော် ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ကျေး ရွာများ မှာပြည်သူဆင်း ရဲသား တို့တူး ဖေါ်ရသည့်ရွှေငွေရတနာဥစ္စာများ ကိုမင်း ဘဏ္ဍာဆို၍အစစ်အကြောအသိမ်း အယူအနှောက်အရှက်မရှိစေနှင့်၊ ဥစ္စာရှင်မရှိအသာမိကဖြစ်သည့်အတိုင်း တူး ဖေါ်ရရင်း သူတို့ကရယူကြစေ။

18 July 1854

(သက္ကရာဇ်) ၁၂၁၆ ခု ဝါဆိုလပြည့်ကျော် ၉ ရက် နေ့ ရွှေတိုက်တော်တွင်အတွင်း ဝန်ဝက်မစွတ်မြို့စား မင်း လောင်း ရှည်မြို့စား မင်း ရှေ့သံတော်ဆင့်မင်းလှ သိခ်သူမှတ်။

19 July 1854

(သက္ကရာဇ်) ၁၂၁၆ ခု ဝါဆိုလပြည့်ကျော် ၁၀ ရက် နေ့နားခံစာ မြောင်မှူး တွင်ပြန်။

( တောင်ခွင်စါစု )

ဘုရား ကျောင်း ဝတ္တုကံမိုး မြေအရံအစောင့်ကျွန်သီး တော်တို့နှင့်မင်း မြေ
မင်း ကျွန် ရောနှောရှက်တင်၍ မသန့်မရှင်း ရှိသည်အရာများ သည်ရတနာ
သုံး ပါး နှင့်စပ်ဆိုင်သည့်အမှုဖြစ်၍ လောကဝတ်၊ ဓမ္မဝတ်အကြောင်း နှစ်ပါး
မသင့်ဖြစ်သည်၊ ဘား တော်ဆန္ဒန်ဆင်မင်း သခင်မင်း တရားကြီး လက်ထက်
1783
(သက္ကရာဇ်) ၁၁၄၅ ခု ၄၇ ခုနှစ်၊ နှစ်ဆယ့်လေး ဌာနမှစ၍ဘုရား ကျောင်း
1785
ဝတ်မိုး ဝတ် မြေကျွန်သီး တော်များ ကိုထပ်မံ၍ ကျောက်စာကမ္ဗည်း ထိုး မှတ်လျှ
ဒါန်း တော်မူသည်၊ ဝတ်မိုး ဝတ် မြေကျွန်သီး တော်များ သည်လည်း နှစ်ကာလ
ရှည်ကြာ၍ကမ္ဗည်း ကျောက်စာတိမ်း ရိမ်း ယိုယွင်း သဖြင့်မသန့်မရှင်း ရှိသည်
ကိုသန့်ရှင်း စင်ကြယ် အောင်နှစ်ဆယ့်လေး ဌာနနှင့်တကွအရပ်ရပ် ကျောင်း ဘု
ရား ဝတ်မိုး ဝတ် မြေကျွန်သီး တော်တို့ကိုသမိုင်း ကျောက်စာစစ်တမ်း ထွက်များ
နှင့်စစ်ဆေး ရှင်း လင်း ပြီး လျှင်သာသနာပြုဆရာ တော်ကြီး ကို လျှောက်ထား၍
ဝန်တို့ကသွင်း ။

21 July 1854
သက္ကရာဇ် ၁၂၁၆ ခု ဝါဆိုလပြည့်ကျော် ၁၂ ရက် နေ့နား ခံပြောကြီး မှူး မင်း၇
မင်း ကျော်ထွင်ပြန်။

( တောင်ခွင်စာစု၊ ခင်ဇော်ဝင်း စာစု )

အမိန့်တော်အတိုင်း အရပ်ရပ် ကျောင်း ဘုရား ဝတ်မိုး ဝတ်မြေ များ နှင့် (ကျွန်သီး တော်) သမိုင်း ကျောက်စာ စစ်တမ်း စာရင်း များ ကိုရှင်း လင်း သိသာအောင် တောင်း ၍ သွင်း ဦး ။

22 July 1854

သက္ကရာဇ် ၁၂၁၆ ခု ဝါဆိုလပြည့်ကျော် ၁၃ ရက် နေ့ ဝန်ရှင်တော်မကွေး မြို့စား မင်း ကြီး မှိုင်း လုံမြို့စား မင်း ကြီး မိန့်ချက် ဝန်ထောက်တော်သုံး ဆယ်မြို့စား မင်း မှတ်။

(ခင်ဇော်ဝင်း စာစု)

ဝန် ထောက်တို့သည် ဝန်တို့ မေ့ကျန်သည်ကို ထောက်မ လျှောက်ထား စေမည်ခန့် တော်မူသည်ဖြစ်လျက်မ ထောက်မမ၊ မ လျှောက်မထား သော ကြောင့်နိုင်ငံ တော်အတွင်း အရပ်ရပ်အစုအမှုထမ်း လူတို့ကိုသား တိုး မြေး ပွါး နှင့်တကွစာရင်း တောင်း၍ ပြည်သူဆင်း ရဲသား တို့ဆင်း ရဲပင်ပန်း ၎င်ကြောင်း ကို ရှေ့နား တော်မြတ်ကြား သိ တော်မူရသည်၊ ဝန် ထောက်တို့ကို နေလှန်း ရာဇဝတ်စီရင်။

13 August 1854
(သက္ကရာဇ်) ၁၂၁၆ခုဝါခေါင်လပြည့်ကျော် ၅ရက် နေ့နား ခံမင်း ထင် ရာဇသီဟသူတွင်ပြန်။
( တောင်ခွင်စါစု )

ဝန် ထောက်တို့ကို နေလှန်း ရာဇဝတ်စီရင်အမိန့် တော်ပါသည်မှာ တကြိမ်တခါဖြစ်
၍ ချမ်းသာပေး တော်မူသည်၊ ချမ်းသာစေအချုပ်ကလွှတ်။

13 August 1854

(သက္ကရာဇ်) ၁၂၁၆ ခုဝါခေါင်လပြည့်ကျော် ၅ ရက်နေ့နံ ၁း ခ မင်းထင်
ရာဇသီဟသူတွင်ပြန်။
( တောင်ခွင်စါစု )

အမရပူရ ရွှေပြည်တော်ကြီး အရှေ့မျက်နှာ သတ္တဝါအပေါင်းတို့အား ကျေးဇူးများစေခြင်း ငှါ ရှေးမင်းတို့ဆည်ဘို့ထားသော တမုတ်ဆိုးကန်တော်သည် နှစ်ကာလရှည်ကြာ၍ ယိုယွင်းတိမ်ကောသဖြင့် ကန်တွင်း ကန်အောက် ရေသောက်လယ်ပယ်အများ မလုပ်မဆောင်ရ ပြတ်လပ်ရှိသည်ကို သတ္တဝါအပေါင်းတို့အကျိုးစီးပွါးများလျက် ဌာဝရအစွန့်ရှည်စွာ ကောင်းမွန်ခိုင်ခန့်တည်ထွန်းစေခြင်းငှါ လက်ဝဲဝင်းမှူး မြေဒူးမြို့စားမင်းကြီး မဟာမင်းလှမင်းခေါင်ကို ကြီးကြပ်စေ၍ ဆည်ဘို့လုပ်ဆောင်တော်မူမည်၊ ဆည်ကိုလုပ်ဆောင်ရန်ရှိသည်ကို ပြည်သူဆင်းရဲသားတို့အား မထိမပါးစေရ၊ ငွေတော်ထုတ်ပေး လုပ်ဆောင်စေ၊ ကုန်ဝင်ရန်စာရင်းကိုလည်း လက်ဝဲဝင်းမှူးက ဆက်သွင်းစေ၊ တမုတ်ဆိုးကန်တော်ကိုစ၍ ဆည်ဘို့လုပ်ဆောင်တော်မူမည်မှာ ဌာဝရကုသိုလ်တော်ကြီး ဖြစ်သည်၊ ကောင်းမြတ်သောအခါနေ့ရက်ကို ပညာရှိတို့က ရွေးချယ်ဆက်သွင်းစေ။

24 August - 1854

သက္ကရာဇ် ၁၂၁၆ ခု တော်သလင်း လဆန်း ၂ ရက်နေ့ နား ခစ မြောင်မှူး တွင်ပြန်။

( တောင်ခွင်ဖါစု )

ကုန်သည်ဆင်း ရဲသား တို့ ရောင်း ဝယ်ကူး သန်း ကြသည်များ မှာအ လေး တောင်း တင်း စည်း ချိန်မမှန်မကန် ငွေဆန်း ငွေပြား သုံး ဆောင် ရောင်း ဝယ်ကြသည့် အရာများ သည်အကုသိုလ်ဖြစ်ထွန်း ၍ ပစ္စုပ္ပန်သံသရာအကျိုး စီး ပွါး ဆုတ် လျော့ ပျက်ယွင်း လျက်တိုင်း ကြီး ပြည်ကြီး ခ လေ့ထုံး စံနှင့် မညီမညွတ်ဖြစ်သည်၊ ရွှေမြို့တော်အတွင်း ပြင်ဆင် ခြေဘုံး ကျေး ရွာ ရှိကုန်သည်တို့ကို ငွေဆန်း ငွေပြား အနား ကြီး အနား သွယ်မသုံး မ ဆောင်အ လေး တောင်း တင်း စည်း ချိန်စည်း လဲခြင်း မပြု စေရ၊ ပညတ် တော်မူသည်၊ အ လေး တောင်း တင်း ငွေရိုး ငွေမှန်များ နှင့် တော်တည့် ဖြောင့်မတ်စွာ ရောင်း ဝယ်သုံး ဆောင် စေရမည်ဖြစ်သည်၊ ကုန်သည်တို့ကိုသူ ဌေး .သွေး သောက်ကြီး မဟာသီရိဓနရာဇကနိုင်နင်း အောင်စစ် ကြောဆင့်ဆို စေ၊ ကုန်သည်စာရင်း ကိုလည်း သူဌေး သွေး သောက်ကြီး မဟာသီရိဓနရာဇဆက်သွင်း စေ။

11 November 1854
(သက္ကရာဇ်) ၁၂၁၆ ခုတန် ဆောင်မုန်း လပြည့် ကျော် ရရက် နေ့ နား ခမင်း ထင်ရာဇသီဟသူတွင်ပြန်။

(တောင်ခွင်စါစု)

ကြောဆယ်ရွာသူကြီး အကြပ်အမှုထမ်း ကြေး (ထမ်း )ကြီး ငယ်တစုတို့၊ ကြောဆယ်ရွာကိုငသာအုပ်ထိန်း ဆောင်ရွက်စေရာအရပ်ရပ် ပေါ် ပေါက်ကြရောက်သည့် မင်း မှုတော်များ ကို ပြေကုန် အောင်မ ဆောင်မရွက်၊ စီရင်စု ကြောဆယ်ရွာများ မှာသော ကြေး ငွေအပိုအမိုခွဲခန့် တောင်း ခံယူပြီး လျှင်မ ဆောင်မရွက် တိမ်း ရှောင်ထွက် ပြေး သူဖြစ်၍ငသာကို သွေး သောက်ကြီး သူကြီး အရာကနှုတ်၊ ကြောဆယ်ရွာသူကြီး ရိုး ငပိန်တို့သား မြေး အမွေအဆက်အမွေခံ မှန်သူငသာတို့ကိုမျိုး ရိုး မှန်သည့်အတိုင်း ကြောဆယ်ရွာစီရင်စုနယ် မြေရပ်များ ကိုအုပ်ထိန်း ကြီး စိုး ဆောင်ရွက်စေသည်၊ သူကြီး ရိုး ငသာတို့ ဆင့်ဆိုရာနာခံ ဆောင်ရွက်ကြရမည်၊ သူကြီး ငသာတို့ လည်း ကြောဆယ်ရွာအစီရင်သူကြီး အကြပ်အမှုထမ်း ကြေး ထမ်း ကြီး ငယ်တစုတို့မှာရာဇဝတ် ရေး ကင်း လွတ်လုံခြုံ အောင်အုပ်ထိန်း ၍မင်း မှုတော် ပေါ် ပေါက်ကျ ရောက်သည် များကိုသိနါညီ မျှညီ နှိုင်းတိုင်းထွာခွဲ တောင်း ၍စီရင်စုနယ်အတွင်း ရာဇဝတ် ရေး ခိုး သေး မီး ပွါး မပေါ် မထွက် စေရ၊ ဆင့်ဆိုရာနာခံ ဆောင်ရွက်ရမည်။

(သက္ကရာဇ် ၁၂၁၆ ခု တန်ဆောင်မုန်း လပြည့်ကျော် ၁၁ ရက် နေ့) (15 November 1854) သေနတ်စုလက်ျာဗိုလ်ခုနစ်ရွာတိုက်စား မင်း မဟာမင်း လှမင်း ခေါင်ကျော်စော။
( ယောသမိုင်း ၊ စါ၄၈-၅၀ )

ကြောရွာအသည်အလာ ဝင်နေကပ်ပါး ကြေးထမ်းကြီး ငယ်တစုတို့၊ ထီးလင်းမြို့
သူကြီး ငအောင်ကျော်စီရင်စုအုံးတွဲရွာသူကြီး ငစံရင်း၊ ဆောမြို့သူကြီး ငရွှေ
သိန်း စီရင်စု ကျောက်ထုရွာသူကြီး ငမြတ်သင်း၊ ကြက်လိန်ရွာသူကြီး ငရွှေမင်း၊
ကျောက်ဆွဲရွာသူကြီး ငဘူး၊ အနောက်ဘက်တိုက်မင်း ရွာသူကြီး ငရွှေရည် စီရင်
စုတာရွာ ဟောင်းသူကြီး ငစံမင်း၊ ကန့်ကောရွာသူကြီး ငကြံနိုင် စီရင်စုတင်
သားသူကြီး ငရွှေပိုး၊ ကန်ရွာသူကြီး ငလှထွေး၊ မုံးစိုရွာသူကြီး ငစိုး၊ တော
မရွာသူကြီး ငမင်းရှောင် စီရင်စုဆင်စွယ်ရွာသူကြီး ငလင်း၊ ခေါင်းတုံရွာ
သူကြီး ငကင်း၊ စမိတ်ရွာသူကြီး ငနီလာ၊ ကြောရွာသူကြီး ငသာတိုး စီရင်စုတဲ
နိမ့်ရွာသူကြီး ငတော၊ ဂွဲရွာသူကြီး ငမြတ်ထွေး၊ ညဉ့်ရှောက်ရွာသူကြီး ငယော
လာ၊ စကားရွာသူကြီး ငသာလှေး၊ မြင်းသားရွာသူကြီး ငရွှေမှုံ၊ အင်းနား
ရွာသူကြီး ငဘိုးကြီးတို့ကမြို့ကျေးရွာများကို ဘောဘိုးဘတို့(သက္ကရာဇ်၁၁)[1783]၄၅ခု၆၄ခု
စစ်တမ်းစာရင်း (ဆက်)သွင်းကြီးစိုး ဆောင်ရွက်ပါသည်၊ မရှိလျှင်ဆက်ခံကြီး[1802]
စိုး၍ ရွှေလက်ထက် တော်တိုင်လက်ရှိလက်မကွာမင်းမှုတော်ရပ်ရှိသည်များကို
ဆောင်ရွက် ပြေကုန်ရှိပါသည်၊ ကြီးစိုး ဆောင်ရွက်မြဲ ဆောင်ရွက်ရပါမည့်အကြောင်း
နှင့်ရှိခိုးသံတော်ဦးတင်ချက်အတိုင်း ငအောင်ကျော်၊ ငစံရင်း၊ ငရွှေသိန်း၊
ငမြတ်သင်း၊ ငရွှေမင်း၊ ငဘူး၊ ငရွှေရည်၊ ငစံမင်း၊ ငကြံနိုင်၊ ငရွှေပိုး၊
ငလှထွေး၊ ငစိုး၊ ငမင်းရှောင်၊ ငလင်း၊ ငကင်း၊ ငနီလာ၊ ငသာတိုး၊
ငတော၊ ငမြတ်ထွေး၊ ငယောလာ၊ ငသာလှေး၊ ငရွှေမှုံ၊ ငဘိုးကြီးတို့ကိုလက်ရှိ
ကြီးစိုးမြဲကြီးစိုးစေ။

သက္ကရာဇ်၁၂၁၆ခုတန်ဆောင်မုန်းလပြည့်ကျော်၁၁ရက်[15 November 1854]နေ့ဘုရားအမိန့်
တော်မြတ်ကိုဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း လက်ရှိကြီးစိုးမြဲကြီးစိုးစေ၊ ဘုန်း
တော်အလွန်ကြီးမြတ်တော်မူလှသောဘုရား ညီတော်အိမ်ရှေ့မင်း အမိန့်တော်ကို
ဦးထိပ်ရွက်ရသည်ဖြစ်၍ ကြောရွာမှာငသာတိုးကိုလက်ရှိကြီးစိုးမြဲကြီးစိုးစေသည်၊
ကြောရွာအသည်အလာ ကြေးထမ်းကြီးငယ်တစုတို့သူကြီး ငသာတိုးဆင့်ဆိုရာနာခံ
ထမ်းရွက်ကြရမည်၊ သူကြီး ငသာတိုးလည်း ကျေးရွာကိုစည်ပင်ဖြစ်ပွါးသာယာ
အောင်သိမ်းသွင်းပြုစု၍မင်းမှုတော်ရပ်ရှိသည်များကို ကျေးရွာနေအသည်

အလာတို့မှာသာနာညီမျှခွဲခန့်ပြီး လျှင်အမိန့်တော်မြတ်ရင်း နှင့်အညီ ပြေကုန် အောင်ကြီး စိုး ဆောင်ရွက်ရမည်။

15 November 1854

(သက္ကရာဇ် ၁၂၁၆ ခုတန်ဆောင်မုန်း လပြည့်ကျော် ၁၁ ရက်နေ့)

ဝန်မင်း မျှား စာ။

( ဃောသမိုင်း ၊ ၈၄၇ - ၅၀ )

စား တော်ကွမ်း ရေကိုင် အောင်ပင်လယ်လမိုင်း စာရေး မင်း လှမင်း သီရိ ရာဇာ သေလွန်သည်ကို တော်ရည်တူ သေလွန်ရာသင်္ဂြိုဟ်သည့်နည်း လွှတ်ကလုပ် ဆောင် သင်္ဂြိုဟ် စေ။

16 November 1854

(သက္ကရာဇ်) ၁၂၁၆ ခုတန် ဆောင်မုန်း လပြည့်ကျော် ၁၂ ရက် နေ့နား ခံ မင်း တင်ရာဇာသီဟသူတွင်ပြန်။

(တက်ဗဟို ၄၅၂၁၇)

နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ရွာသူကြီး အစုသွေး သောက်ကြီး မြင်း ခေါင်း မြင်းစီး ဒိုင်း ခေါင်း အဝန်း တို့ကိုလွှတ်တော်ဆိုင်ရာများ ကအလျှောက်မခန့် မထားကြစေနှင့်၊ ခန့်ထား ရန်ရှိသည်များ ကို ရွေးနား တော်ကြား တင်လျှောက် ခန့်ထား စေအမိန့်တော်ထုတ်ပြန် တော်မူ၍ ရှိသည်ကိုလက်ဝဲဝင်း အစုမှာဒိုင်း ခေါင်း လဲပြောင်း ခန့်ထား ကြောင်း များ နှင့် ရွေးနား တော်မြတ်ကြား သိ တော်မူရသည်၊ နောင်သည်ကဲ့သို့မကြား မသိရစေနှင့်၊ ဝန်စုမှူး စုဆိုင်ရာများ ကိုနိုင်နင်း အောင်မြစ်၊ လက်ဝဲဝင်း ရွေးပြည်ရန် အောင်မြင်း အစုလက်ရှိဒိုင်း ခေါင်း အဝန်း မြင်း ခေါင်း မြင်း စီး လူတို့စာရင်း ကိုလည်း သွင်း ။

(သက္ကရာဇ်) ၁၂၁၆ ခုပြာသိုလပြည့်ကျော် ၂ ရက် နေ့နား ခစ မြောင်မှူး တွင်ပြန်။ 4 January 1855

(တောင်ခွင်စာစု)

မင်းကွန်း တောရဆရာ တော်ဘဝတပါး ပြောင်းသွား သည်ကိုပ တောက်
ရွှောင်ဆရာ တော်ဘဝတပါး ပြောင်းသွား ရာသဂြိုဟ်သည့်နည်း လွှတ်ကလုပ်
ဆောင်သဂြိုဟ်စေ။

14 January 1855

(သက္ကရာဇ်) ၁၂၁၆ ခုပြာသိုလပြည့်ကျော် ၁၂ ရက် နေ့နား ခစ မြောင်မှူး
မင်းယင်မင်း ကျော်ရာဇာတွင်ပြန်။

(တက်ဗဟို ၄၅၂၁၇)

မော်ခါး ရွာအစီရင်သူကြီး ခေါင်း ကြေး ထမ်း ကြီး ငယ်တစုတို့၊ ကျီဝန်ဝန်စု အခွန်တော်ဆက် မော်နိုင်း ရွာမှာ ငမွေး ကြိုင်ကို ရွှေမှူး၊ ခေါက်စင်း ရွာမှာ ငပိုကို ရွှေမှူး၊ နန်း မား ရွာမှာ ငမှိုင်း ကို ရွှေမှူး၊ မော်ခါး ရွာမှာ ငမြတ်စိမ့်ကို ရွှေမှူး၊ ကွမ်း တောင်ရွာမှာ ငစောပုံကို ရွှေမှူး၊ ကင်း ရွာမှာ ငမိုး ကို ပေါမှိုင်း၊ ဟဲနုရွာမှာ ငရွှေရန်ကို ငွေခွန်မှူး၊ ခုံတောင်ရွာမှာ ငရွှေနိုကိုထမုံ၊ တမန်း သည်း ရွာမှာ ငကြွန်ကို ပေါမှိုင်း၊ နှောင် ကောက်ဆယ်ရွာ မှာ ငသာအင်ကို ရွှေမှူး၊ မဲတောင်ရွာမှာ ကျော်စံလှကို ရွှေမှူး၊ ဂနန်း မ ရွာမှာ ငစံပြည့်ကို ရွှေမှူး၊ မန်အင်း ရွာမှာ အောင်မြတ် ကျော်ကို ရွှေမှူး၊ ငရနဲ့မြို့ ရွှေအမှုထမ်း တို့မှာ ငစောလှကို ရွှေမှူး အရာနှင့်လက်ဝှိမှူး ကြီး မြဲမှူး ကြီး ထမ်း ရွက်စေ၊ သက္ကရာဇ် ၁၂၁၆ ခုတပို့တွဲလပြည့် ကျော် ၂ ရက် 3 February 1855 နေ့ဘုရား အမိန့် တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ကျီဝန်ဝန်စုအခွန် တော်ဆက် မော် ခါး ရွာမှာ ငမြတ်စိမ့်ကို ရွှေမှူး အရာနှင့်လက်ဝှိမှူး ကြီး မြဲမှူး ကြီး ထမ်း ရွက်စေ၊ ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သောဘုရား ညီ တော်အိမ်ရှေ့မင်း အမိန့် တော်ကိုဦး ထိပ်ရွက်ရသည်ဖြစ်သည်၊ ကျီဝန်ဝန်စုအခွန် တော်ဆက် မော်ခါး ရွာ မှာ ငမြတ်စိမ့်ကို ရွှေမှူး အရာနှင့်လက်ဝှိမှူး ကြီး မြဲမှူး ကြီး ထမ်း ရွက်စေသည်၊ မော်ခါး ရွာ နေ ကြေး ထမ်း ကြီး ငယ်တစုတို့လည်း ရွှေမှူး ငမြတ်စိမ့်ဆင့်ဆိုရာ နာခံထမ်း ရွက်ကြရမည်၊ ရွှေမှူး ငမြတ်စိမ့်လည်း အမိန့် တော်မြတ်ရင်း နှင့်အညီ ကျေး ရွာကိုသာယာဖြိုးဝပ်ဖြစ်ထွန်း အောင်သိမ်း သွင်း ပြုစုပြီး လျှင်အခွန် တော် မင်း မှုတော် ပေါ် ပေါက်ကျ ရောက်သည်များ ကို ကြေး ထမ်း ကြီး ငယ်တစုတို့မှာသာ နာညီမျှခွဲခန့် ကောက်ခံ ဆောင်ရွက်ဆက်သွင်း တမ်း ရွက်ရမည်။

(သက္ကရာဇ် ၁၂၁၆ ခုတပို့တွဲလပြည့် ကျော် ၂ ရက် နေ့) (3 February 1855)

ဝန်မင်း များ စာ။

(ဆင်တဲစာစု)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အာမိန့်တော်ရှိသည်၊ ကိုဝန်ဝန်စု မောင်ခါး ရွာမှာငမြတ်စိမ့်ကို ရွှေများ အရာနှင့်လက်ရှိများ မြဲများ ကြီး ထမ်း ရွက် စေ။

3 February 1855

(သက္ကရာဇ် ၁၂၁၆ ခုတပို့တွဲလပြည့်ကျော် ၂ ရက် စ ~ နနေ့)

(ဆင်တဲစာစု)

မော်ခါး ရွာအစီရင်သူကြီး ခေါင်း အကြီး ကြေး ထမ်း ကြီး ငယ်တစုတို့၊ ကျီဝန်ဝန်စုအခွန်တော်ဆက် မော်ခါး ရွာကိုငမြတ်စိမ့်ကို ရွှေမှူး ခန့်ဘုရား အမိန့်တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည်ဖြစ်၍ ရွှေလွှတ်တော်ကစာချွန် ပေး အပ်ရှိသည်အတိုင်း မော်ခါး ရွာအစီရင်သူကြီး ကြေး ထမ်း ကြီး ငယ်တစုတို့ ရွှေမှူး ငမြတ်စိမ့်ဆင့်ဆိုရာနာခံထမ်း ရွက်ကြရမည်၊ ရွှေမှူး ငမြတ်စိမ့်လည်း မှူး စု မော်ခါး ရွာနယ် မြေအတွင်း အခွန် တော်ဆက်အမှုထမ်း တို့ကိုသာယာဖြစ်ပွါး အောင်သိမ်း သွင်း ပြုစု၍ ရာဇဝတ် တော် ရေး မပေါ်မထွက် စေရမင်း မှုတော်ရပ်ရှိသည်များ ကိုသာနာညီမျှခွဲခန့် ကောက်ခံပြီး လျှင်ဆိုင်ရာဆင့်ဆိုရာနာခံ ဆောင်ရွက်ဆက်သွင်း ရမည်။

(သက္ကရာဇ် ၁၂၁၆ ခုတပို့တွဲလပြည့်ကျော် ၂ ရက် နေ့) 3 February 1855

အတွင်း ဝန်မင်း များ စာ၊ ကျီဝန်စါရေး မင်း ခေါင်ရဲလှ ကျော်စါ။

(ဆင်တဲစါစု)

29 March 1855

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည် ရှေး ရှေး သော ပါရမီပုည သမ္ဘာရအ ဆောက်အအုံ တော် ကြောင့်မြတ် သော မင်း အဖြစ်သို့ ရောက် တော်မူ လျှင်အ လောင်း အလျာ စကြာ မန္ဓာတ်မင်း တို့ကျင့်ထုံး ဖြစ် သော ရာဇဓမ္မမင်း ကျင့်တရား အ ပေါင်း တို့ကိုဖြည့်ကျင့်ရွက် ဆောင် တော်မူလျက်သာသနာ တော်မြတ် အစီး အပွါး များ စေ ကြောင်း ရဟန်း ရှင်လူပြည်သူသတ္တဝါအ ပေါင်း တို့ချမ်း သာ စေ ကြောင်း များ ကို ထောက် တော်မူ၍ ဘေး လောင်း တော်ဘိုး လောင်း တော် ရှေး မင်း မွန်တို့သွန်စံ ရင်း အရိုး အစဉ်ထုံး စံ ဥပ ဒေကို မပြစ် မပယ်ပြည်သူတို့ နှင့်လိုက် လျော စွာ ပြုခြင်း အဝိရောဓနတရား ရှင်ဖြစ် တော်မူသည်နှင့်အညီ နှစ် လရက်ဥတုရာတုအပိုင်းအခြား နေသွား လသွား နက္ခတ်တိသိရာသီမှန်ကန်ညီညွတ် စေခြင်း ရှိသက္ကရာဇ်၁၂၁၇ခုနှစ် ဝါထပ်သင့်မသင့်များ ကိုဆရာ တော်သင်္ဃာ တော် [1855] မင်း ညီမင်း သား များ တော်မတ် တော်လုပညာရှိတို့နှင့်ညီလာသဘင် တော်တွင်း ဆွေး နွေး နှိုင်း ရှည် တော်မူရာအယူဝါဒကွဲပြား ကြ သော ကြောင့်သာသနာပြုဆရာ တော်ကြီး မှာ လျှောက်ထား လျှင် ဗေဒင်အရာ နှိုက် လေ့လာကျွမ်း ကြင်သည့်ညာဏ် နန္ဒာ ဘိပတ္တိတပရမမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ် တော်ရ ညောင်ကန်ဆရာ တော် ဆုံး ဖြတ်ရာပြီး ပြတ်သင့် ကြောင်း နှင့် မိန့်ဆိုချက်အတိုင်း ညောင်ကန်ဆရာ တော် က ၁၂၁၇ခုနှစ်ဝါဆိုလအတွင်း ရက်ဗိုလ်အဓိမာသ်ပြု၍ စန္ဒရမာသသို့တက်သဖြင့် [1855] မေ ထုန်ရာသီနှိုက်အမှ ဝါသိနှစ်ထပ်မြင် သော ကြောင့်ပြု သောအဓိမာသ်ကို ဝါဆိုလတွင်ထပ် လျှင်အာသဋ္ဌ ပုဗ္ဗ မိရာသီ စောင့်နက္ခတ်များ နှင့်ညီညွတ်မှန်ကန်မည်ဖြစ်၍ ပဌမ ဝါဆိုလရက်၃၀၊ ဒုတိယ ဝါဆိုလရက်၃၀၊ ပြုပြီး လျှင် ဝါထပ်သင့် ကြောင်း ကိုသုတ်မဟာ ဝါအဋ္ဌကထာအဘိဓာန်ဋီကာ လောက်ထွက်ရိုး ဗေဒင်သိဂိုသူဂိုယသိဒ္ဓန္တကျမ်း နီဒဏ္ဍ ယသိဒ္ဓန္တကျမ်း သိဒ္ဓန္တ ရောမဏိကျမ်း ရာဇမတ္တဏ်စ သော လောက် လောကုတ္တရာကျမ်း ဂန်အ ထောက်အထား ပါထပ်ရိုး အတိတ်ထုံး စံအတွက်အရှိများ နှင့်စာဆက်သွင်းချက် အတိုင်း သက္ကရာဇ်၁၂၁၇ခုနှစ်ဝါဆိုနှစ်လထပ်ပြီး လျှင်ဒုတိယ [29 July] ဝါဆိုလပြည့်ကျော် [1855] ၁ရက် နေ့ ရွှေပြည် တော်မှစ၍ နိုင်ငံ တော်အတွင်း သတင်း သုံး နေသည့်ရဟန်း သင်္ဃာ

တော်တို့တညီတညွတ် ပူရိမဝါကပ်ဆိုရမည့်အကြောင်း နှင့် ဝန်တို့ကသာသနာပြုဆရာတော်ကြီး မှာ လျှောက်ထား စေ၊ ထီး ရန်နန်း ရန် စော်ဘွား မြို့စား အဝေး မြို့ဝန်စစ်ကဲမြို့ရွာသူကြီး တို့ကိုလည်း စေ့နှံ့ အောင်ပြန်ဆိုမှာထား စေ။

(သက္ကရာဇ်) ၁၂၁၆ ခု (နှောင်း) တန်ခူး လဆန်း ၁၂ ရက် နေ့နား ခံ ပြော ကြီး မှူး ထွင်ပြန်။

29 March 1855

(တောင်ခွင်စါစု)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား
5 April 1855
သက္ကရာဇ် ၁၂၁၆ ခု ( နှောင်း ) တန်ခူး လပြည့်ကျော် ၄ ရက် ၅ နေ့ကျီဝန်ဝန်စု
နန့်သီဌာမှာ င ရွှေကြိုး ကို ရွှေမှူး အရာနှင့်လက်ရှိကြီး စိုး မြဲကြီး စိုး စေ။
( သန့်စင်စါစု )

မောင်ခါး ရွာအစီရင်သူကြီး ကြေး ထမ်း ကြီး ငယ်တစုတို့၊ မောင်ခါး ရွာ ရွှေမှူး 1783
ငရွှေကြီး က မောင်ခါး ရွာကိုဘိုး ငကော် (သက္ကရာဇ်၁၁) ၄၅ခု ၆၄ခုစာရင်း
ဆက်သွင်း မှူး ကြီး စီရင်ပါသည်၊ မဏ္ဍိလျှင်သား ငရွှေဝင် မှူး ကြီး စီရင်ပါသည်၊ မ 1802
ဏ္ဍိလျှင်သား ငရွှေပန်း မှူး ကြီး စီရင်ပါသည်၊ မဏ္ဍိလျှင်ညီငမြတ်စိမ့် မှူး ကြီး စီရင်
ပါသည်၊ မဏ္ဍိလျှင်ကျွန် တော်ခမည်း တော်ဘုရား လက်ထက်ကသည်ယခုဘုရား ရွှေ
လက်ထက် တော်တိုင်လက်ဏ္ဍိလက် မကွာ မှူး ကြီး စီရင်ပါရသည်အတိုင်း ဆိုင်ရာဝန်စာ
ပေး အပ်ပါမည့်အကြောင်း နှင့်အစီရင်ခံသည်ဖြစ်သည်၊ မောင်ခါး ရွာမှာငရွှေ
ကြီး တို့လက်ဏ္ဍိဝန်စာ ပေး အပ် မှူး မြဲ မှူး ကြီး စီရင် ဆောင်ရွက် စေသည်၊ မောင်ခါး
ရွာအစီရင်သူကြီး ခေါင်း အကြီး တို့ ရွှေမှူး ငရွှေကြီး ဆင့်ဆိုရာနာခံ ဆောင်ရွက်
ကြရမည်၊ ရွှေမှူး ငရွှေကြီး လည်း ရာဇဝတ် တော် ရေး မပေါ်မထွက် စေရ၊
ကျေး ရွာ စည်ပင်သာယာဖြစ်ထွန်း အောင်သိမ်း သွင်း ပြုစု၍မင်း မှုတော် ပေါ်
ပေါက်ကြ ရောက်သည်များ ကိုဆိုင်ရာဆင့်ဆိုရာနာခံ ဆောင်ရွက်မှူး ကြီး စီရင်ရ
မည်။

(သက္ကရာဇ်၁၂၁၆ခု နှောင်း တန်ခူး လပြည့်ကျော်၄ရက်နေ့) (5 April 1855)

ရွှေတိုက်ဝန် ကောလင်း မြို့စား မင်း မင်း ကြီး မဟာသက် တော်ရှည်စာ။

(ဆင်တဲစါစု)

ရေပွဲမိဘုရား စား သည့် မော်ခါးရွာမက် တောင်ရှိ ခေါက်စင်းရွာစိန့်နန်း ရွာများကို လယ်ဝန်သံ တော်ဆင့်ကအုပ်ထိန်း ဆင့်ဆို စေဘုရား အမိန့် တော်မြတ်ကိုဦး ထိပ် ထက်ဆင်ရွက်ရသည်ဖြစ်၍အ ဆောင်ကိုင်လုလင် စေလွှတ်ချ ခေါ် စေပြီး လျှင်အခွန် တော်များ ကို မေး မြန်း ရာပုခန်း မင်း ကြီး အိမ်ဦး တွင်ချိန်ပြီး ဖြစ် ကြောင်း နှင့်အစစ်ခံ၍ မှုခင်း မရှိပြန် စေသည်။ မော်ခါး ရွာအစ်ရင်သူကြီး ခေါင်း အ ကြီး တို့ မော်ခါး ရွှေမှူး ငကြီး ဆင့်ဆိုရာနာခံထမ်း ရွက်ကြရမည်။ မော်ခါး ရွှေ မှူး ငကြီး လည်း ကျေး ရွာဖြစ်ထွန်း အောင်သိမ်း သွင်း ပြုစုပြီး လျှင်ဆက်သပြီး သတင်း ကျွတ်လတိုင် ရောက်လျှင်အခွန် တော်များ ကိုမကြွင်း မကျန်မတိမ်း မရိမ်း စေရ၊ ဆိုင်ရာဝန်အိမ်သို့လာ ရောက်ဆက်သရမည်။

(သက္ကရာဇ် ၁၂၁၆ ခု နှောင်း တန်ခူး လပြည့် ကျော် ၄ ရက် နေ့) (5 April 1855)

ဆိုင်ရာ ဆောမြို့စား လယ်ဝန်သံ တော်ဆင့်မင်း စာ။

(ဆင်တဲစါစု)

မော်ခါး ရွာအစ်ရင်သူကြီး ခေါင်းအကြီး ကြေးထမ်းအသည်အလါဝင် နေကပ်ပါး အမှုထမ်း ကြီး ငယ်တစုတို့၊ ငကြီး ကအံဘ မော်ခါး ရွာ ရွှေမှုး ငမြတ်စိမ့် သေဆုံး ရှိပါသည်၊ မော်ခါး ကျေး ရွာကိုအဘအ မွေခံမှုး ကြီး ငိုးရှိသါး မှန်သည် နှင့်အညီဆက်ခံမှုး ကြီး ပြုစုထိန်း အုပ်စ်ရင်ပါရမည့်အကြောင်း နှင့်အစ်ရင်ခံချက်အတိုင်း မော်ခါး ကျေး ရွာမှာ ရွှေမှုး ငမြတ်စိမ့် သေကြီး စိုး ငိုး ရာသား မှန်သူငကြီး ကိုကျေး ရွာလက်ရှိရင်း တိုင်း ဆက်ခံမှုး ကြီး ပြုစုထိန်း အုပ်ဆင့်ဆိုနာခံ ဆောင်ရွက်စေ သည်၊ ငကြီး မှုး ကြီး ထိန်း အုပ်ဆင့်ဆိုစီရင် ဆောင်ရွက်ရာနာခံထမ်း ရွက်ကြရ မည်၊ ရွှေမှုး ငကြီး လည်း မော်ခါး ကျေး ရွာကိုသာယာစည်ပင်ဖြစ်ထွန်း အောင် သိမ်း သွင်း ပြုစု၍ နယ်လေး ရပ်ရှစ်ရပ်အတွင်း ရာဇဝတ် ဘော်ရေး မပေါ်မ ထွက်စေရ၊ ကင်း လွတ်လုံခြုံ အောင်ဆင့်ဆိုစည်း ကြပ်ပြီး လျှင်ကြ ရောက်သမျှအခွန် တော်မင်း မှုရပ်မျာ: ကိုဆိုင်ရာဆင့်ဆိုရာနာခံ၍ ပြေကုန် အောင် ဆောင်ရွက် ရမည်။

(သက္ကရာဇ် ၁၂၁၆ ခု နှောင်း တန်ခူး လပြည့်ကျော် ၄ ရက်နေ့) (5 April 1855)

ကျို ဝန်မင်း မင်းကြီး မဟာသီဟသူ ၏

(ဆင်တဲ စာစု)

ဈေကပ်မာန်၊ ပြည်စုန် လှေအစုအမှုထမ်း လူ ၆၀ ကျော်သား တို့သည်မင်း အဆက်ဆက်အား မဲ့ပေး တော်မူသည့် တောင်သမတ်အင်း အတွင်း ရေး ပိုး ရေမှူး သား ငါး တံရိုဿာန်များ ကိုပိုက်ကွန် လှေ လောင်း များ နှင့်ဘတ်ယူသတ်ညှင်းကြသော ကြောင့် ရှေ့ရုံး ကဘမ်း ဆီး စစ်မေး ရာဘမ်း ယူ ကြောင်း ဖြောင့်ဆိုရှိသည်၊ အစုအမှုထမ်း လူတို့ကိုရာဇဝတ် တော် ကြောင်း ကင်း လွတ် အောင်မအုပ်မထိန်း မတား မမြစ်နိုင်သူ လောကပိမာန် လှေပဲ့နင်း ငရွှေရ၊ ပြည်စုန် လှေပဲ့နင်း ငရွှေမင်း တို့ကို နောင်မဝံ့ အောင် မောင်း ကြော်၍အဆုံး စီရင်၊ ငါး ဘမ်း လူတို့ကိုလည်း ရိုက်၍လွှတ်။

5 April 1855

သက္ကရာဇ် ၁၂၁၆ ခု ( နှောင်း )တန်ခူး လပြည့်ကျော် ၄ ရက် နေ့နား ခစ မြောင်းမှူး တွင်ပြန်။

( တောင်ခွင်စါစု )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အာ မိန့် တော်ရှိသည်၊ ရွှေပြည် တော်မှ စ၍ နိုင်ငံ တော်အတွင်း စော်ဘွား မြို့စား မြို့ဝန် စစ်ကဲသူကြီး ကလန်တို့မြို့မှုရွာမှုတွက် နှင့် ဆောင်ရွက်ရန် ချေး ယူသည့် ကြွေး မြီအစုအမှုထမ်း တို့ ချေး ယူသည့် ကြွေး မြီ များ နှင့်ပြည်သူဆင်း ရဲသား ကျွန် တော်မျိုး အပေါင်း တို့တဦး နှင့်တဦး ချေး ငှါး ရှက်တင်ကြသည့် ကြွေး မြီ များ ကိုအပ်နှံ တောင်း ထုတ်ကြသည့်အရာ များ သည်မြီရှင်အား ငှါ၍မြီစား အား နည်း ဆင်း ရဲပင်ပန်း ခြင်း ကြောင့် မပေး မဆပ်နိုင်သူလည်း ရှိရာသည်၊ မြီရှင်အားနည်း ၍မြီစား အား ရှိလျက် မပေး မဆပ်ကပ်ခိုတိမ်း ရှောင် နေသူလည်း ရှိရာသည်၊ မြီစား တို့ကတဖြည်း ဖြည်း ပေး ဆပ်လျက်မြီရှင်တို့ နှစ်လ များ သည်ကိုတွက် ချက်ပြီးလျှင် သက္ကရာဇ်ပြန်လှန်ထား ခြင်း အလေး စည်း ချိန်ပြန်ခြင်း ရင်း ပွါး တပိုး အပြန် ပြန်အပေး အဆပ်ကိုခံခြင်း များ သည်ပစ္စုပ္ပန်သံသရာအကျိုး နှစ်ပါး မသင့်ဖြစ် သည်၊ မရရ အောင်ကြိုး ဆောင် ချေး ယူသည့် ကြွေး မြီရပ်များ ကိုမပေး မဆပ်စေ နှင့်ဆိုရလျှင်မြီရှင်မြီစား နှစ်ဦး သား တို့အကျိုး ယုတ် လျော့ရာသည်၊ ကြွေး မြီအ ဟောင်း အသစ်မရွေး အပ်နှံ တောင်း ခံကြလျှင်လည်း မြို့ရွာအစုအမှုထမ်း တို့မ ငြိမ်မဝပ်ဆင်း ရဲပင်ပန်း ရှိရာသည်ကို ထောက်၍ နိုင်ငံ တော်အတွင်း အရပ်ရပ် မြို့ရွာများ မှာမြို့မှုရွာမှုတွက် ချေး ယူသည့် ကြွေး မြီအစုအမှုထမ်း တို့တွင်တင်ရှိသည့် ကြွေး မြီများ နှင့်ပြည်သူဆင်း ရဲသား ဆင်း ရဲသား ကျွန် တော်မျိုး အပေါင်း တို့ တဦး နှင့်တဦး ချေး ငှါး ရှက်တင်ကြသည့် ကြွေး မြီများ ကိုလွှတ် တော်ရုံး တော်ဆိုင် ရာဝန်အိမ်ပြင်အိမ်အဝေး မြို့ဝန်စစ်ကဲမြို့ရွာသူကြီး ကလန်တို့ကလက်ခံ၍အ တောင်း အထုတ်အချုပ်အကိုင်မရှိ စေနှင့်၊ တောင်း ခံရန်ရှိလျှင်အမိန့် တော်မြတ်ကိုခံ၍ တောင်း ခံစေ။

20 April 1855

(သက္ကရာဇ်) ၁၂၁၇ ခုကဆုန်လဆန်း ၅ရက် နေ့နား ခံ ပြော့ကြီး မှူး မင်း လှမင်း ကျော်ထွင်ပြန်။

( တောင်ခွင်စါစု )

ပုဏ္ဏား ပညာရှိရာမမူဟန် ဆွေမျိုး ကစွန်၊ ငရွှေမောင်၊ ဒါမူဒရ၊ ကာလာစံ၊ ဒါမောဒရတို့ကိုပုဏ္ဏား အုပ်ရာမဇာဂနတ်တို့ကအနှောက်အယှက်မရှိပါစေရ၊ ပုခန်းကြီး မြို့စား ဝန်ကြီး၏အအုပ်ကိုခံ၍ထမ်း ရွက်ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ပုဏ္ဏား ပညာရှိရာမမူဟန် ဆွေမျိုး ကစွန်၊ ငရွှေ မောင်၊ ဒါမူဒရ၊ ကာလာစံ၊ ဒါမောဒရတို့ကိုပုဏ္ဏား အုပ်ရာမဇာဂနတ်တို့က အနှောက်အယှက်မရှိစေနှင့်၊ ပုခန်းကြီး မြို့စား ဝန်ကြီး၏အအုပ်ကိုခံ၍ထမ်း ရွက်စေ။

(သက္ကရာဇ်) ၁၂၁၇ ခုကဆုန်လပြည့်ကျော် ၉ ရက် နေ့နံ့ား (9 May 1855) ခမင်းထင် ရာဇသီဟသူတွင်ပြန်။

( အောင်ငြိမ်း စါစု )

အတွင်း ကိုယ်ရံတော် သေနတ်အစုအမှုထမ်း ခြောက်ကြောင်း သေနတ်အမှုထမ်း မှ စ၍အရပ်ရပ်အစုအမှုထမ်း လူတို့မှာ ကြွေး မြီကုန်ဘိုး ဖြတ်စာတွက်ကျွန် ပေါင်လယ် ပေါင်ယာ ပေါင်လယ် မြေစုအမှု ဟောင်း တရား စကား ရှိသည်များ ကိုအအပ်အနှံအ တောင်း အထုတ်အချုပ်အကိုင်မရှိ စေနှင့် ခြောက်လအတွင်း ရပ်ဆိုင်း စေ။

1 June 1855

သက္ကရာဇ် ၁၁၁၇ ခုနယုန်လပြည့်ကျော် ၂ ရက် နေ့နား ခံစ မြောင်မှူး မင်း တင်မင်း ကျော်ရာဇာ တွင်ပြန်။

(သစ်ဆိမ့်စါစု)

ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း အရပ်ရပ်အတွင်း အစုအမှုထမ်း ဆင်း ရဲသား ကျွန်တော်မျိုး တို့မှာ မိုဃ်းလံအခါဖြစ်၍လုပ်ချိန်တိုင် ရောက်ရှိသည်ကိုလယ် ယာ မြေမှုများ ကြောင့်တရား စကား ပြောဆိုကြရလျှင်အလုပ်လပ်လျှား လုပ်သီး လုပ်စာအများ ပျက်လပ်ရန်ရှိသည်ဖြစ်သည်၊ ရှေ့ရုံး နောက်ရုံး တရား ရုံး အဝေး မြို့ရွာဆိုင်ရာ ဝန်အိမ်ပြင်အိမ်စုတ်မ်း စုအုပ်တို့ကလယ်ယာ မြေမှုအ လျှောက် အထား တရား စကား များ ကိုလက်ခံ၍ မစစ်မကြောမစီရင်ကြစေနှင့်၊ လက်ရှိ သူတို့ကလုပ်ဆောင်နှင့်စေ၍အလျှောက်အထား တရား မပြီး မပြတ်မရှင်း မလင်း ရှိသည်များ ကို (သက္ကရာဇ်) ၁၂၁၇ ခုအသီး ခွန်ရိတ်သိမ်း ပြီး မှရှင်း လင်း 1855 ပြော ဆိုကြစေ၊ စေ့နှံ့အောင်ဆင့်။

6 June 1855

သက္ကရာဇ် ၁၂၁၇ ခုနယုန်လပြည့်ကျော် ၇ ရက်နေ့အိမ်ရှေ့ဘုရား အမိန့်တော်၊ ဝန်ရှင်တော်မကွေး မြို့စား မင်းကြီး မှိုင်း လုံမြို့စား မင်းကြီး၊ မြဲ တောင်မြို့စားမင်း ကြီး၊ ပုခန်းမြို့စားမင်းကြီးမိန့်ချက်၊ ဝန်ထောက်တော်စို့၄ဝဒိုင်းဝန်မင်းမှတ်။
(သစ်ဆိမ့်စါစု)

I May 1855
(သက္ကရာဇ်) ၁၂၁၇ ခုကဆုန်လပြည့် ကျော် ၁ ရက် နေ့ည နေအချိန်နန်း မစနု
ဆောင်တော်တွင်မကွေး မြို့စား မင်းကြီး၊ မှိုင်းလုံမြို့စား မင်းကြီး၊ ပု
ခန်းကြီး မြို့စား မင်းကြီး တို့က ကြွေး မြီ တောင်း ခံရန်ရှိသည်များ ကိုအမိန့်
တော်ခံရာပြည်သူဆင်း ရဲသား တို့ ကြွေး မြီများ ကိုလည်း အမိန့်တော်တွင်ထည့်
သွင်း စေ၊ ဘုရား အမိန့်တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း (သက္က
2 May 1855
ရာဇ် ၁၂၁၇ ခုကဆုန်) လပြည့် ကျော် ၂ ရက် နေ့နနက်ညီလာခံပြီးတိုက် တော်အစု တွင်
မကွေး မြို့စား မင်းကြီး၊ မှိုင်းလုံမြို့စား မင်းကြီး၊ မြတောင်မြို့စား မင်း
ကြီး၊ ပုခန်း မြို့စား မင်းကြီး၊ အတွင်း ဝန် လောင်း ရှည်မြို့စား မင်း၊ လှ
သင်း အတွင်း ဝန်မင်း၊ ဗန့်မော်အတွင်း ဝန်မင်း တို့ ရှေ့အထက်ပြန်သည့်ဘုန်း
တော်ချီ ကြွေး မြီအမိန့် တော်တွင်ပြည်သူဆင်း ရဲသား ကျွန် တော်မျိုး အပေါင်း တို့
တဦး နှင့်တဦး ချေး ငှါး ရှက်တင်ကြသည့် ကြွေး မြီများ ကိုသွတ်သွင်း၍ မှတ်ရင်း
သံ တော်ဆင့်မင်း လှသန်သူ မှတ်ရသည်၊ ၄င်း အမိန့် တော်ပြင်ရန်ကိုပြန်ရင်းနား
ခံ ပြော့ကြီး မှူး ကို ခေါ်၍ပြင်သည်၊ ရှေ့ပြည် တော်မှ စ၍ နိုင်ငံ တော်အတွင်း အ
ရပ်ရပ်မြို့ရွာ နေဆင်း ရဲသား ကျွန် တော်မျိုး တို့ဆင်း ရဲပင်ပန်း သည့်အခါကို
ထောက် တော်မူ၍ ကြေး ငွေအခွဲအခန့်အ တောင်း အခံမရှိ စေရ၊ ငြိမ်ဝပ်ချမ်း
သာ စေခြင်း ငှါအရပ်ရပ်ကုန် တော်များ ကို ငွေ တော်ထုတ် ပေး ဝယ်ယူ တော်မူ
၍တိုင်း တပါး မှ ရွှေဘုန်း တော်မြတ်ကိုခိုလှုံလာ ရောက်သည့်တရုပ်ကုလား တို့ကို
ရောင်း ချ တော်မူပြီး လျှင်အမြတ် ငွေ တော်နှင့်သာအသုံး တော်ရှိရာထုတ် ပေး
သုံး ဆောင် တော်မူမည်၊ ရွယ်ရည် တော်မူသည့်အတိုင်း ငွေ တော်ထုတ် ပေး ဝယ်
တော်မူသည်ကိုမြို့ဝန်စစ်ကဲမြို့ရွာသူကြီး စုထိန်း စုအုပ်တို့ကထုတ် ပေး သည့် ငွေ တော်
နှင့်ကုန်ရှိသူတို့မှာသာ ဝယ်ယူဆက်သွင်း ရမည်ကိုကုန်ရှိသည့်မြို့ရွာ နေဆင်း ရဲသား
တို့မှာထမ်း ခြေရင်း အတိုင်း ဂန်ထား ၍ ဝယ်ယူ တောင်း ခံဆက်သွင်း ကြောင်း
စာရင်း ချ မှတ်သည်၊ ကုန်မြို့ရွာတွင်မထွက်မရှိသည်ကိုအခြား မြို့ရွာများ မှာဝယ်
ယူကြ၍အဘိုး ဈေး နှုန်း မညီသယ်ယူချ ဆောင်ရသည်၊ စရိတ် ကြေး ငွေများ ကိုခွဲခန့်
တောင်း ခံပြီး လျှင်အလို တော်ရှိဆက်သွင်း ကြ ကြောင်း မ ရောင်း မချလိုသည့်ကုန်
သည်တို့ကိုအဝယ် တော်ခံ၍ ရောင်း ချရမည်ဆင့်ဆို ဝယ်ယူဆက်သွင်း ကြ ကြောင်းများ

နှင့်ရွှေနား တော်မြတ်ကြား သံ တော်မူရသည်၊ သည်ကဲ့သို့မကြား မသိရ စေနှင့်၊ အရပ်ရပ်ကုန် တော်များ ကိုအဘိုး ဈေး နှုန်း ပေါက်ရှ ငွေ တော်ထုတ် ပေး ဝယ် ယူ တော်မူသည်၊ အဝယ် တော်ခံမြို့ရွာမြို့ဝန်စစ်ကဲမြို့ရွာသူကြီး စုထိန်း စုအုပ်တို့ကို စေ့နှံ့အောင်ပြန်ဆိုမှာထား စေ။

16 June 1855

(သက္ကရာဇ်) ၁၂၁၇ခုပဌမဝါဆိုလဆန်း ၃ရက် နေ့နား ခံစ မြောင်မှူး တွင်ပြန်။

( တောင်ခွင်စါစု )

ရာဇဝတ်တော်ကြောင်း ကိုကြူး လွန်ပြုကျင့်သူတို့မှာ အသက်ဘေး သင့်သူတို့ကိုသာ ဆုံး ရှုံး အောင်စီရင်သင့်သည်၊ သေပြစ်သေဒဏ်သို့မရောက် မောင်း ကြော် သင့်သည့်အမှု၊ ကွက်မှတ်သင့်သည့်အမှု၊ ရာဇဒဏ်ခတ်သင့်သည့်အမှုမှစ၍အရပ်ရပ် ရာဇဝတ်တော်ကြောင်း နှင့်စီရင်သည့်အမှုများ မှာ ရာဇဝတ်အပြစ် လေး ပေါ့ ကိုထောက်၍အပြစ်အား လျော်စွာ ဒဏ်ပေး ခြင်း ရွေး ထုံး ဥပဒေရှိရာသာ ဖြစ်စေရမည်ကို မောင်း ကြော်ရာဇဝတ်စီရင်သူတို့မှာ မောင်း ကြော်၍ရိုက် ရာလက်လွန် သေဆုံး ကြောင်း များ နှင့် ရွှေနား တော်မြတ်ကြား သိတော်မူရ သည်၊ နောင်သည်ကဲ့သို့ သေဆုံး ကြောင်း ကိုမကြား ရစေနှင့်၊ မောင်း ကြော် ရာဇဝတ်စီရင်သည့်အမှုများ မှာ ရွေး အစဉ် မောင်း ကြော်မြဲအတိုင်း သာ မောင်း ကြော်စေ။

သက္ကရာဇ် ၁၂၁၇ ခု ဒုတိယဝါဆိုလဆန်း ၆ ရက်နေ့နား [19 July 1855] ခံစ မြောင်မှူး မင်းတင်မင်းကျော်ရာဇာတွင်ပြန်။

( တောင်ခွင်စါစု )

မြတ်စွာဘုရား ဘုံး တော်မဟာကဆွန်မင်း ဆည်ဘုံ့တည်လုပ် တော်မူသည့်မိတ္တီလာ ကန်တော်ကြီး သည်သာသနာ တော်အစဉ်ထီး နန်း မင်း အဆက်ဆက်တည်ထွန်းလျက် ဘေား တော်အမရပူရပဒ္မမြို့တည်ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး ဘုရား ထွက်စံ တော်မူ၍ထပ်မံဆည်ဘုံ့လုပ် ဆောင် တော်မူသည့်ကန် တော်ကြီး ဖြစ်သည်၊ ကန် တော်အတွင်း ခိုမှီ နေသည့် ရေပိုး ရေမွှား သား ငှက်တိရိစ္ဆာန်တို့ကို ဘေား အန္တရာယ် မရှိစေ၍အပရိယာန်ယရက္ခာစဂုဏဝုတ္တိတရား နှင့်အညီအဘယဒါနဇီဝိတဒါနကု သိုလ် တော်ပွါး များ စေခြင်း ငှါ ဘေား မဲ့ချမ်း သာ ပေး တော်မူသည်၊ ကန် တော် အတွင်း ခိုမှီရှိ နေသည့် ရေပိုး ရေမွှား သား ငှက်တိရိစ္ဆာန်တို့ကိုအဘမ်း အဆီး အ နှောင်အဖွဲ့အပစ်အခတ်အသတ်အညှစ်မရှိစေနှင့်၊ ချမ်း သာ စေ ဘေား မဲ့ ပေး တော်မူသည်၊ ကန် တော်နယ် မြေအပိုင်း အခြား ကိုလည်း ကုသိုလ် တော်ဒွါဝရအ ဓွန့်ရှည်စွာတည်ထွန်း အောင် ကျောက်တိုင်စိုက်မှတ်၍ မိတ္တီလာမြို့သူကြီး ကထိန်း သိမ်း စေ၊ ကျောက်တိုင်စိုက်မှတ်သည့်ကန် တော်နယ် မြေပုံစံကိုလည်း သွင်း ။

9 September 1855

သက္ကရာဇ် ၁၂၁၇ ခု ဝါခေါင်လပြည့်ကျော် ၁၃ ရက် နေ့နား ခမင်း ထင်ရာဇာ သီဟသူတွင်ပြန်။

( တောင်ခွင်စါစု )

အင်္ဂလိပ်မင်း ကဆက်သရန်ရာဇသံလက်ဆောင်တော်များ နှင့်အင်္ဂလိပ်ဝန်ကြီး
အာရတာပါရဝီ အွေရာ ဓွေ့ဘဝါး တော်အောက် ရောက်သည်ကိုသက္ကရာဇ်၁၂၁၇ခု
13 September 1855
တော်သလင်း လဆန်း ၃ရက်နေ့ မြနန်း တော်ပြဿဒ်ဥက္ကင်ရာဇပလ္လင်တော်
တွင်အဆက်အသခံတော်မူမည်၊ အခမ်း အနား အခင်း အကျင်း ခန့်ထား စီရင်
ရန်ရှိသည်များ ကိုပြီး ပြေအောင်စီရင်၊ စာရင်း ကိုလည်း သွင်း ။

10 September 1855
(သက္ကရာဇ်) ၁၂၁၇ခု ဝါခေါင်လပြည့်ကျော် ၁၄ရက်နေ့နား ခစ မြောင်
မှူး တွင်ပြန်။

( တောင်ခွင်စာစု )

(26) October 1855

သက္ကရာဇ် ၁၂၁၇ ခုသတင်း ကျွတ်လဆီမီး မြင်း မိုရ်ဆင်ယည်မြင်း ယည် ရွှေဆင် သဘော်တိုက်ကျိုကျူအလှူတော်များ ကိုနှိုး ဆော်မြဲနှိုး ဆော်လုပ် ဆောင်လှူဒါန်း စေမည်၊ ဝါကျွတ်ကန်တော့ပွဲတက်မှာ စော်ဘွား မြို့စား အဝေး မြို့ဝန်တို့ကိုယ့် မြို့ရွာမှာ စောင့်ထိန်း စေ၍ညီသား အမတ်စစ်ကဲအရာရှိသင့်ရာဆက်သမြဲရှိ ခိုး ကန်တော့လက် ဆောင်တော်များ နှင့်ကန်တော့ပွဲ တော်မှီ ရွှေဘဝါး တော် အောက်လာ ရောက်ဆက်သ စေမည်၊ မင်း ညီမင်း သား မှူး တော်မတ်တော်သူ ဌေး သူကြွယ်မြို့ရွာသူကြီး မြင်း ခေါင်း မြင်း စီး ဒိုင်း ခေါင်း အဝန်း အစုအငန်း သွေး သောက်ကြီး တို့ကိုလည်း နှိုး ဆော်မြဲနှိုး ဆော်ကန်တော့ဆက် စေမည်၊ စာ ရင်း ရုံထား ဆက်သွင်း ချက်အတိုင်း သင့်ပြီ ။

20 September 1855

(သက္ကရာဇ်) ၁၂၁၇ ခု တော်သလင်း လဆန်း ၁၀ ရက် နေ့ နှား ခံစ မြောင်မှူး ထွင်ပြန် ။

( တောင်ခွင်စာစု )

16 October 1855

သက္ကရာဇ် ၁၂၁၇ ခုသတင်း ကျွတ်လဆန်း ၆ ရက် နေ့ကြပ်ပြင် စို့သူကြီး နေမျိုး မဏိ ဝဇ္ဇနသီဂိရာဇာတင် ပေး သည့်မိုး ကုတ်ကြပ်ပြင်ကသည်း ကျေး ရွာ နယ် မြေ တော တောင် စောင့်အမိကရနတ်စာရင်း

| | | |
|---|---|---|
| ဘိုး မင်း တောင်တော် နတ် | ၁ | မှာ လဘက်မပါရ၊ ထမင်း မုန့်ယိုအချိုအဆိမ့်ငှက် ပျောပွဲ စုံ များ နှင့် နတ် တော် (9 December 1855) လတကြိမ်၊ ကဆုန် (16 April 1855) လတကြိမ်နှစ်စဉ်တင်ရပါသည်။ |
| ၎င်း နှမ တော်အကြီး နတ် | ၁ | မှာ ၎င်း |
| ၎င်း နှမ တော်အငယ်နတ် | ၁ | မှာ ၎င်း |
| ဆင်ဖြူရှင်နတ် | ၁ | မှာ ၎င်း နည်း တန် ဆောင်မုန်း (9 November 1855) လမှ တင်ရပါသည်။ |
| ကမ္ဘာရှင်နတ် | ၁ | မှာ တကျွန်း ပုဆိုး ၆၊ ငါး ကျော် ခေါင်း |
| ဇော်နန်း ကျော်နတ် | ၁ | မြီး စုံ၊ မုန့်ဖြူမုန့်နီ၊ ထန်း ညက်နှင့် ကောက် |
| မြို့တောင်နတ် | ၁ | ညှင်း ဆန်နှင့်ကြိုသည့်ရှမ်း ထမန်းများ နှင့် |
| ရမုံး ရှင်မနတ် | ၁ | နတ် တော် (9 December 1855) လတကြိမ်၊ နယုန် (16 May 1855) လတကြိမ်တင်ရ |
| ဘိုမင်း ထွန်တိုနတ် | ၁ | ပါသည်၊ နတ်တင်သည့်ကာလ နတ်ထိန်း မှာ |
| ကျောက်သုံး လုံး နတ် | ၁ | ဘဲ ပေါင်း ဘီ၊ ဘဲအကြီ၊ ပ လေကတ်နီ ခေါင်း ပေါင်း ပေါင်း ရှိတင်ရပါသည်။ |

ပေါင်း ၁၀

( တင်စါစု၊ တောင် လေး လုံး စါစု )

အမိန့်တော်ရေး မင်းလှကျော်ထင်၊ အမှာရေး မင်းလှမင်းထင်ကျော်သူ၊ မင်းလှမင်းထင်စည်သူတို့ကို စာရေးကြီးတို့နည်း အစီးအနင်း အဆောင်အရွက်သနားတော်ခံစေ။

အမိန့်တော်ရေး ဦးစံရ၊ အမှာရေး ဦးနော၊ ၎င်း ဦးစအာစဉ်အတိုင်း မှတ်။

17 October 1855

သက္ကရာဇ် ၁၂၁၇ ခုသတင်းကျွတ်လဆန်း ၇ ရက်နေ့နား ခစ မြောင်မှူး မင်းထင်မင်းကျော်ရာဇာတွင်ပြန်။

( မကွေး လှစါစု )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့် တော်ရှိသည်၊ ဘိုး မင်း တောင် တော်နတ်၊ နှမ တော်အကြီး နတ်၊ နှမ တော်
အငယ်နတ်၊ ဆင်ဖြူရှင်နတ်၊ ကမ္ဘာရှင်နတ်၊ တော်နန်း ကြီးနတ်၊ မြို့ တောင်နတ်၊
ရမုံး ရှင်မနတ်၊ ဘိုမင်း ထွန်တိုနတ်၊ ကျောက်သုံး လုံး နတ်မှစ၍ မိုး ကုတ်ကြပ်ပြင်
ကသည်း ကျောက်တွင်း တော်နယ် မြေ တော တောင် စောင့် နေကုန် သော နတ်အ
ပေါင်း တို့ငါ့အသျှင်ဧကရာဇ်မင်း မြတ်သည် ရွှေး ဘိုး လောင်း တော် ဘေး ဘောင်း
တော်မင်း ကောင်း မင်း မြတ်တို့ကဲ့သို့ ရာဇဓမ္မမင်း ကျင့်တရား အ ပေါင်း ကို
ဖြည့်ကျင့်ရွက် ဆောင် တော်မူလျက်အမပူရ ရွှေပြည် တော်ကြီး နှင့်တကွ ရွှေထီး ရွှေ
နန်း တိုင်း ကား နိုင်ငံအ ပေါင်း ကိုစိုး အုပ် တော်မူ၍သာသနာ တော်မြတ်အကျိုး
စီး ပွါး သား တော်အစဉ် မြေး တော်အဆက်မြစ် တော်အဆွန့်အစွန့်ရှည်စွာပြည်
ရွာတိုင်း ကား ပွါး များ စည်ပင်မည့်အ ကြောင်း ရွှေး ဘုရား အ လောင်း မင်း
ကောင်း မင်း မြတ်တို့ဖြည့်အပ် သော ဒါနသီလအစရှိ သော ပါရမီတို့ကိုဖြည့် တော်မူ၍
ဆုထူး ဆုမြတ်ကိုပန်ဆင် တော်မူသည့်နှင့်အညီအသုံး တော်အ ဆောင် တော်ရှိသည်များ
ကိုလည်း ပြည်သူဆင်း ရဲသား တို့အား မထိမပါး စေရ ကြေး တော် ငွေ တော်ထုတ်
ပေး သုံး ဆောင် တော်မူသည်၊ သတ္တဝါတို့အစီး အပွါး ကိုရှာ တော်မူ သော ကြောင့်
ရည်ရွယ် တော် မူသမျှသည်အလို တော်အတိုင်း ပြည့်စုံ ပြေကုန်ရသည်ချည်း ဖြစ်သည်၊ မိုး
ကုတ်ကြပ်ပြင်ကသည်း ကျေး ရွာနယ် မြေရှိပတ္တမြား ကျောက် တော်များ ကိုတူး ဘော်
ဆက်သ စေမည် စေခန့် တော်မူသည်၊ နတ်တို့အား လည်း အပရိဟာနိယတရား နှင့်
အညီ ရွှေး အစဉ်တင်ကြား ပသမြဲအသွယ်အရာတို့ဖြင့်တင်ကြား ပသ တော်မူသည်၊ စေ
ခန့် တော်မူသည်တွင်ကျွန် တော်မျိုး တို့ကိုတစုံတရာ ဘေး အန္တရာယ်အစွန်း အငြိမရှိ
စေရ၊ နိုင်နင်း အောင်တား မြစ် စောင့် ရှောက်လျက်ထူး မြတ်သည့်ပတ္တမြား
ကျောက် တော်အများ တူး ဘော်ရလွယ် ကြောင်း ကောင်း သောကြည့်ရှု စောင်မ
ဘန်ဆင်း သည်ဖြစ်၍အလို တော်ရှိသည်အတိုင်း ပြီး ပြည့်စုံလွယ် ကြောင်း ကို ကောင်း
စွာကြည့်ရှု စောင်မကြရမည်၊ အမိန့် တော်ပြန်သည့်ကာလ ဝတ်သန့်ဝတ် ကောင်းဝတ်
ဆင်၍ မတ်တတ်ရပ်ပြီး လျှင်သုံး ကြိမ်သုံး ခါဘတ်ပြန်ရသည်။

၄င်း အမိန့်တော်ကိုသံတော်ဆင့် ရွှေပြည်လယ် တော်အုပ်မင်း လှသိမ်းသူ စီကိုး ရေး
17 October 1855
သား၍ သက္ကရာဇ် ၁၂၁၇ ခုသတင်း ကျွတ်လဆန်း ၇ ရက် နေ့လဘက်ရည် ဆောင်
တော်တွင်အတွင်း ဝန် လောင်ရှည်မြို့စား မင်း ဇန့်မော်အတွင်း ဝန်မင်း တို့
အစုံအညီတွင်သံတော်ဆင့်မင်း လှသိမ်းသူဘတ် လျှောက်အမိန့် တော်ခံပြီး (သက္ကရာဇ်
17 October 1855
၁၂၁၇ ခုသတင်း ကျွတ်လဆန်း ၇ ရက် နေ့) ရွှေတိုက်ဝန်စာ ရေး မင်း လှမင်း
ထင် ကျော်သူအပ်။

(တင်စါစု၊ တောင် လေး လုံး စါစု)

ရွှေတိုက်ဝန်၊ ရွှေတိုက်စိုး ၊ ရွှေတိုက်ကြပ်၊ ရွှေတိုက်စာရေး ၊ မိုး ကုတ်ကြပ်ပြင် ကသည်း ကျောင်း တွင်း တော်နယ်မြေဘော တောင်စောင့်၊ ဘိုး မင်း တောင် တော်နတ်၊ နှမတော်အကြီး (နတ်)၊ နှမတော်အငယ်နတ်၊ ဆင်ဖြူရှင်နတ်၊ ကမ္ဘာ ရှင်နတ်၊ တော်နန်းကျီနတ်၊ မြို့တောင်နတ်၊ ရမုံး ရှင်မနတ်၊ ဘိုမင်း တွန်တို နတ်၊ ကျောက်သုံး လုံး နတ်များ ကိုပသရန်တကျွန်ပုဆိုး ထည် ရေ ၆၊ ဘဲ ပေါင်း ဘီ ထည် ရေ ၁၊ ဘဲအင်္ဂျီထည် ရေ ၁၊ ပလေကပ်နီပိုင် ရေ ၁ များ ကို ရွှေတိုက်ဝန် စာရေးသူ ရဲ့ စာရေးတို့ထုတ်ယူလိုလျှင် မှတ်သားပေး ရမည်။

17 October 1855

(သက္ကရာဇ်) ၁၂၁၇ ခုသတင်း ကျွတ်လဆန်း ၇ ရက် နေ့ဘွား ဘက် ကျော် ငတာကိုစာအပ်သည်။

(တင်စာစု၊ တောင် လေး လုံး စာစု)

ကျောက်တော်တူး တော်ရာစာရင်း ကျအမိကရနတ်တို့ကိုပသတင်ကြား သည့်

နတ်ထိန်း ဝတ်ဆင်ရန်

| | |
|---|---|
| ဘဲပေါင်း ဘီ | ၁ |
| ဘဲအင်္ကျီ | ၁ |
| ပလေကတ်နီပိုင်ရေ | ၁ |

ပေါင်း

နတ်တင်ကြား ပသရန်

| | |
|---|---|
| တကျွန်း ပုဆိုး ထည်ရေ | ၆ |

ပေါင်း

စုစု

ပဏ္ဏမြား ကျောက်တော်တူး သွား လူစာရင်း

| | |
|---|---|
| မင်း ထင်မင်း လှရန်အောင် | ၁မှ၁သူရဲစာ ရေး |
| င ကောက်ရ | ၁မှ၁ ငှင်း လူ |
| ငသာရင် | ၁မှ၁ငှင်း |
| ငဘူး | ၁မှ၁ငှင်း |
| ငနီ | ၁မှ၁ငှင်း |
| င ရွှေအိပ် | ၁မှ၁ငှင်း |
| ပေါင်း | ၆ |
| မင်း လှမင်း တင်ကျော်သူ | ၁မှ၁ ရွှေတိုက်ဝန်စာ ရေး |
| င နေထွန်း | ၁မှ၁ငှင်း လူ |
| ငပြွက် | ၁မှ၁ငှင်း |
| ငရုံ | ၁မှ၁ငှင်း |
| ငလူကလေး | ၁မှ၁ငှင်း |
| င ရွှေလှော် | ၁မှ၁ငှင်း |
| ပေါင်း | ၆ |

| | |
|---|---|
| နေမျိုး တမန် ကျော် ခေါင် | ၁ |
| င ကျော် | ၁ |
| ငထွန်း | ၁ |
| ပေါင်း | ၃ |
| ဆရာ ငအိုတုတ် | ၁ |
| ပေါင်း | ၄ |
| င ရွှေ အောင် | ၁ |
| ငပွား | ၁ |
| ငအုန်း | ၁ |
| ပေါင်း | ၃ |
| စုစု | ၁၉ |

(17 October 1855)

(သက္ကရာဇ် ၁၂၁၇ ခုသတင်း ကျွတ်လဆန်း ၇ ရက် နေ့)

(တင်စါစု၊ တောင် လေး လုံး စါစု)

မိုး ကုတ်ကြပ်ပြင်ကသည်း နယ်တွင်း ကျေး ရွာ များ မှာ ပတ္တမြား ကျောက် တော်တူး သွား သူအကြီး အကြပ်တို့ကို ပေး အပ်သနား တော်မူသည့် ငွေ တော်အထည်အလိပ်

ကျောက် တော်တူး ဂုန်ထား မတူ ရွင်း သံတူ စို့ တန်ဆာ စာရင်း

ကျောက် တော်တူး ခလုတကိုယ်လျှင်

တ နေ့ ၂၂ ဲကျလူ ၁၀၀တလသင့် ငွေ

| | |
|---|---|
| ၇၅ဝ၊ ၂လသင့် ပေး ငွေ ရွက်နီ | ၁၅။ |
| ကျောက် တော်တူး အကြီး အကြပ် | |
| လူတို့စား သုံး ဂုန်စရိတ် ပေး ငွေ ရွက်နီ | ၁၅။ |
| ပေါင်း | ၃၀။ |

ကျောက် တော်တူး လူ၁၀၀ကိုသနား တော်မြတ်ခံ စေရန်

| | |
|---|---|
| သ ဘော်ာ ကေန်ပုဆိုး ထည် ရေ | ၁၀၀ |
| အင်္ကျီနက်ထည် ရေ | ၁၀၀ |
| ပ ဝါပိုင် ရေ | ၁၀၀ |
| ပေါင်း | ၃၀၀ |

ကျောက် တော်တူး ဘော်ဂုန်တံဆာ စုံ

| | |
|---|---|
| ထား မစင်း ရေ | ၁၀၀ |
| သံတူး ရွင်း ကြီး ငယ် | ၂၆ |
| တူရွင်း ပြား ကြီး | ၁၀၀ |
| လွန်ပူ | ၆ |
| စို့ | ၁၀ |
| သံတူကြီး ငယ် | ၁၉ |
| ကျောက်ခွဲဂုန်ယမ်း ပြီး ချိန် | ၂၅ |
| ပေါင်း | |

(ဇာင်စာစု၊ ဇော ၁င်လေး လုံး စာစု)

သူရဲစာရေး မင်းထင်မင်းလှ ရန်အောင်၊ ရွှေတိုက်ဝန်စာရေး မင်းလှ
မင်းထင်ကျော်သူတို့ မိုးကုတ်ကြပ်ပြင်ကသည်း ကျေးရွာများကို သူရဲစာရေး
မင်းထင်မင်းလှ ရန်အောင်၊ ရွှေတိုက်ဝန်စာရေး မင်းလှမင်းထင်ကျော်
သူတို့က အုပ်ထိန်း၍ ပတ္တမြားကျောက်တော်များကို တူးဘော်ဆက်သစေ၊ မိုးကုတ်
ကြပ်ပြင်ကသည်း ကျေးရွာများမှာလည်း ကျောက်တော်တူးဘော်သည့်အတွင်း
မင်းမှုမင်းခင်း စရိတ်ကြေး ငွေအသေး အဘွဲ့အခွဲအခန့် မရှိစေနှင့်၊ လွတ်
ငြိမ်းစေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း မိုးကုတ်
ကြပ်ပြင်ကသည်း ကျေးရွာများမှာ ပတ္တမြားကျောက်တော်တူးဘော်ဆက်သရန်
ကျောက်တူးလူ ၁၀၀၊ လူတကိုယ်လျှင်အခ ငွေတနေ့ံကျတလသင့် ငွေ ၇၅ဝိ၊ ၂လသင့်
ငွေတော် ၁၅။ ကျောက်တူး အကြီးအကြပ်လူတို့စား စရိတ်ငွေတော် ၁၅။ ၂စု ငွေ
တော် ၃၀နှင့် ကျောက်တူးလူ ၁၀၀တို့ကိုသနား တော်မြတ်ခံစေရန်သော်ာကေနံ
ပုဆိုး ၁၀၀၊ အင်္ကျီနက် ၁၀၀၊ ပဝါပိုင် ရေ ၁၀၀၊ ကျောက်တော်တူး ဘော်သည်ကါ
လထုံး စံရှိရာနတ်တင်ကြား ပသရန်တကျွန်း ပုဆိုး ၆၊ ဘဲပေါင်း ဘီ ၁၊ ဘဲအင်္ကျီ ၁၊
ပလေကတ်နီပိုင် ရေ ၁၊ ကျောက်တော်တူး ရာသုံး ရန်ထား မစင်း ရေ ၁၀၀၊
သံတူကြီး ငယ် ၁၉၊ တို့ချောင်း ရေ ၁၀၊ သံတူရွင်း ၂၆၊ တူရွင်း ပျားကြီး ၁၀၀၊
လွန်ပူ ၆၊ ယမ်း ပြီး ချိန် ၂၅ ပေး အပ်၍ နတ်တင်ကြား ပသရန်အမိန့်တော်များ
နှင့်အကြီးအကြပ်ခန့်ထားသွား စေသည်ဖြစ်သည်၊ မိုးကုတ် ကျောက်တွင်း တော်သို့
ရောက်လျှင် ကျေးရွာနယ်ပယ်တွင်း ရှိလူတို့ကို မင်းမှုမင်းခင်း စရိတ်ကြေးငွေ
အသေး အဘွဲ့အခွဲအခန့် မရှိစေရ၊ အမိန့်တော်အတိုင်း အုပ်ထိန်း ဆင့်ဆို၍ ကျေး
ရွာနယ်တွင်း ရှိလူ ၁၀၀ကိုလူတကိုယ်လျှင်တနေ့ံကျ ငွေတော် ပေး ကမ်း ငှါး ရမ်း
ပြီး လျှင်ထုံး စံရှိရာနတ်တို့ကိုလည်း တင်ကြား မြဲတင်ကြား ၍ ပါသည့်အမိန့်တော်ကို
အရာရှိလူကြီး အစုံအညီအရှိအသေအလေး အနာပြု၍သုံး ကြိမ်သုံး ခေါက်ပြန်ဆိုမြဲပြန်
ဆိုရမည်၊ ပတ္တမြား ကျောက်တွင်း တော်များကို တူး ဘော်ရာမပျောက်မပျက်
မလစ်မဟင်း စေရ၊ ပါသည့်လူကြီး တို့ခွဲဝေစောင့်ကြပ်တူး ဘော်သည်တွင်ထွက်ရ
ကျောက်တော်များ ကို စာရင်း အသေအချာမှတ်သား ပြီး လျှင် ကျောက်တော်တူး
ဘော်သည့် နေ့ရက်လ၊ ကုန်သည့်စရိတ် ငွေတော်စာရင်း များ နှင့်သင့်ရာလူကို

တင်စာ လျှောက်စာ ပေး အပ်အဆက်အသလာ စေရမည်၊ အကြီး အကြပ်လူတို့မှာလည်း ကျေး ရွာ နေအမှုထမ်း လူတို့မှာ ကြေး ငွေပန္နာလက် ဆောင်သစ်သီး သစ်ပွင့်မှစ၍တစုံတခုမ တောင်း မခံမစား မယူနှင့်၊ ကျောက်တူး ခ ပေး ရန် ငွေ ၁၅။ ပြင်သနား တော်မူသည့် ငွေ ၁၅။ ကမှတ်သား စား သုံး ၍တညီတညွတ်တည်း အမှုတော်ကို ပြေကုန် အောင်ထမ်း ရွက်ကြရမည်၊ မှတ်စာ ပေး အပ်သည်ကို မတည်၊ ပဏ္ဍမြား ကျောက် တော်တူး ဘော်ရာ ပျောက်ပျက်လစ်လပ်သည်၊ ကျေး ရွာ နေလူတို့မှာတစုံတခု ကြေး ငွေပန္နာလက် ဆောင်စား ယူသည်ကြား သိရလျှင်ရာဇဝတ်စီရင်မည်။

၄င်း အမိန့် တော်ကိုသံ တော်ဆင့် ရွှေပြည်လယ် တော်အုပ် မင်းလှသိခ်သူစီကုံး ရေး
18 October 1855
သား ၍သက္ကရာဇ် ၁၂၁၇ ခုသတင်း ကျွတ်လဆန်း ၈ရက် နေ့ပြိုတိုက် တော်တွင်အတွင်း ဝန် လောင်ရှည်မြို့စား မင်း ၊ ဗန့် မော်အတွင်း ဝန်မင်း တို့မှာဘတ် လျှောက်အစီရင်ခံရာသင့်ပြီအပ်မိန့်ချက်နှင့်သူရဲစာ ရေး မင်း လှမင်း တင် ရန် အောင် ရွှေတိုက်ဝန်စာ ရေး မင်း လှမင်း ထင် ကျော်သူတို့ကိုအပ်။

(တင်စိစု၊ တောင်လေး လုံး စိစု)

မိုး ကုတ်ကြပ်ပြင်ကသည်း နယ် မြေ ကျေး ရွာ များ မှာ ပတ္တမြား ကျောက် တော် အတူး အ ဘော်သွား သူသူ ရဲ စာ ရေး မင်း ထင်မင်း လှ ရန် အောင်၊ ရွှေတိုက် ဝန် စာ ရေး မင်း လှ မင်း ထင် ကျော်သူတို့သို့ ပေး အပ်သနား တော်မူသည် ကျောက် တော်တူး ခစား စရိတ် ငွေ တော်၊ နတ်ပသရန်အထည်အလိပ် ကျောက် တော်တူး ဘော်ရန်ထား မတူရွင်း သံတူလွန်ပူ စို့တန်ဆာ စုံတင် ဆောင်ရန် လှေ လောင်း အကျည်း လူ ဆောင်လူ များ ကိုသိမ်း တော စီရင် စုသ ပိတ်ကျင်း ရွာဆိပ်ကမ်း ရောက် လိုက်ပို့ စေ၊ ဘုရား အမိန့် တော်မြတ်ကိုဦး ထိပ်ထက်ဆင် ရွက်ရသည်၊ မင်း ကြီး များ မှာ အစီရင်ခံ၍ဆင့်ဆိုလိုက်ပို့ စေ ရ မည် ဝန် ထောက်မင်း တို့။

18 October 1855

(သက္ကရာဇ်) ၁၂၁၇ ခုသတင်း ကျွတ်လဆန်း ၈ ရက် နေ့နား ခမင်း တင် ရာဇသီဟသူတွင်ပြန်။

(တင်စါစု၊ တောင်လေး လုံး စါစု)

ငါအသျှင်ကေရာဇ်မင်း မြတ်သည်ရာဇပြကတေ့ဖြစ်သော မင်း ကျင့်တရား အပေါင်း တို့ကိုမမေ့မလျော့ဖြည့်ကျင့်ရွက်ဆောင် တော်မူလျက် နေမိမင်း မဟာသီလဝမင်း စသော ရှေး ပါရမီဖြည့်မင်း ကောင်း မင်း မြတ်တို့ကဲ့သို့မင်း ညီမင်း သား မျိုး တော်မတ် တော်မှ စ၍တိုင်း နေပြည်သူလူအပေါင်း တို့အား စား ကျေး မြို့ရွာအရာဌာနအမည်အရည်အ ဆောင်အရွက် ရွှေငွေဥစ္စာလယ်ယာမိုး မြေစ သောပစ္စုပ္ပန်စီး ပွါး ဒါနသီလစ သောတမလွန်စီး ပွါး နှစ်ပါး သောချီး မြှင့်ချင်း တို့ဖြင့်ချီး မြှင့် တော်မူသည်၊ သာသနာ တော်မြတ်စီး ပွါး များ စေကြောင်း ကိုလည်း ကောင်း မြတ် သောသမာဆန္ဒဥဿာဟဖြင့်ချီး မြှင့်ပြုစု တော်မူသည်၊ တိုင်း ရေး ပြည် ရေး ပြည် ရေး စီရင်ခွင့်ရှိသည်များ ကိုလည်း ရှေး ထုံး စံဥပဒေကျ အောင် အမိန့် တော်ပြန်၍ ခန့်ရန်စီရင် စေသဖြင့်သာသနာ တော် ရေး တိုင်း ရေး ပြည် ရေး အလုံး စုံ ရွှေနှလုံး တော်ရည် တော်မူရာပြီး ပြည့်စုံ၍တိုင်း နိုင်ငံသူရှင်လူ သတ္တဝါအပေါင်း တို့ချမ်း သာစွာ ရွှေဘုန်း တော်မြတ်ခိုလှုံကြရသည်၊ နောင် တော် ပုဂံမင်း လက်ထက်မှုး မတ်ပြုသူတို့ကျင့်ဝတ္တရား အကြား အမြင်မရှိအရါကြီးငယ် နေရာ နိမ့်မြင့်ကိုမထောက်၊ ရိုသေထိုက်သူကိုမရို သေမကြိုး မနှိမ့်ပြုကျင့်ကြသည်အရာများသည် တိုင်း ကြီး ပြည်ကြီး ဓလေ့ထုံး စံနှင့်မညီဖြစ်သည်၊ လောကဗ္ဗအသက်ဂုဏ်ကြီး မြင့် သော သူတို့ကိုအရိုအ သေအ လေး အမြတ်ပြုခြင်း သည်ဘုရား စ သောသူ တော် ကောင်း တို့ချီး မွမ်း နှစ်သက်အပ် သော ဝုဍ္ဎာပစာယနကျင့်ဝတ်တရား ဖြစ်သည်၊ ငါ့ရွှေလက်ထက် တော်အမှုထမ်း အရာထမ်း အရည်အ လျောက်သူ ကောင်း ပြု တော် မူသည့်ဝန်ကြီး အ တွင်းနေ့မှ စ၍ မှုး ကြီး မတ်ကြီး မှုး လတ် မတ်လတ် မှုး ငယ် မတ်ငယ်တို့မှာ ရို သေထိုက်သူတို့ ကိုမရိုမ သေမကြိုး မနှိမ့်မပြုမကျင့်ကြ စေနှင့်၊ ရာဇဓမ္မ လောကအ ကြောင်း သုံး ပါး သင့်တင့်ညီညွတ်၍ ပစ္စုပ္ပန်သံသရာအကျိုး နှစ်ပါး ပွါး များ စေခြင်း ငှါအရာကြီး ငယ် နေရာနိမ့်မြင့်ကို ထောက်၍ မှုး မတ်တို့ကျင့်ဝတ္တရား တို့နှင့်အညီအရိုအ သေကျင့် ဆောင် စေ၊ အမိန့် တော်ကိုမတည်ရို သေထိုက်သူတို့ကိုမရိုမ သေမကြိုး မနှိမ့်ပြုကျင့်လျှင်ပြုကျင့်သူ တို့ကိုရာဇဝတ်ဒဏ်စီရင်။

(သက္ကရာဇ်) ၁၂၁၇ ခုသတင်း ကျွတ်လဆန်း ၁၂ ရက် နေ့ (22 October 1855) သတော်ဆင့်မင်း လှသိခ်သူမှတ်။

( တောင်ခွင်စါစု )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား
သက္ကရာဇ် ၁၂၁၇ ခုတန်ဆောင်မုန်း လပြည့်ကျော် ၇ ရက် ၆ နေ့ ငွေမှုကိုတရား 30 November 1855
မြို့သူကြီး ခန့်တော်မူသည်၊ အသည်ငယ်သားတို့အမှုတော်ကိုထမ်းကုန်၍လုပ်စား ဆောင်
စား စီးပွါး ဖြစ်အောင်မစစီရင်။
(သန့်စင်စါစု)

တရားမြို့ ကျေး ရွာအစီရင်သူကြီး ခေါင်း အကြီး အသည်အလါ ကြေး ထမ်း ကြီး ငယ်
တစုတို့၊ ငရွှေမှုံကတရားမြို့ကိုဘိုး ငဝင်း သား ငမွှင့်တို့ (သက္ကရာဇ်၁၁) ၄၅ ခု 1783
၆၄ ခုစစ်တမ်း စာရင်း ဆက်သွင်း ကြီး စိုး ပါသည်၊ မရှိလျှင်ငဘော်ဆက်ခံကြီး 1802
စိုး ပါသည်၊ မရှိလျှင်ငရွှေဘူး ဆက်ခံကြီး စိုး ပါသည်၊ မရှိလျှင်ဘကြီး တော်ဘုရား
လက်ထက် တော်ကသည် ရွှေလက်ထက် တော်တိုင်ဆက်ခံကြီး စိုး ၍ ရတနာသိင်္ဃမြို့သို့ထွက်စံ
တော်မူရာအမှုထမ်း လူ ၂၀၀ ကျော်နှင့်လက်ဝဲဝင်း တော်မှူး အအုပ်ကိုခံ၍ထမ်း
ရွက် ပြေကုန်ရှိ နေသည်အတွင်း ဖြတ်စာနှင့်ပြတ်ကင်း သူငဟော် ( ငါး က ) အတင်း
တိုက်သိမ်း ယူပြီး လျှင်မြို့စား နှင့်ပူး ပေါင်း ၍လက်ရှိဖြစ်ဟန်တင် လျှောက်ကြီး စိုး
သော ကြောင့်လွှတ် တော်မှာ လျှောက်ထား ရှင်း လင်း ကြရာမင်း လေး ဆက်
မြောက်လက်ရှိလက်မက္ခာကြီး စိုး သူဖြစ် ကြောင်း ကိုမင်းကင်းလေး မြို့ဝန်ကြီး တို့
ကထွက်ဆိုရှိပါသည်၊ ဘေး ဘိုး ဘရိုး ရာမပျက်ကရာမြို့သူကြီး အရာဆက်ခံကြီး စိုး
ထမ်း ရွက်ပါရမည့်အ ကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်သည်၊ ငဟော်ငါး ကိုတ
ရားမြို့သူကြီး အရာကနှုတ်၊ (သက္ကရာဇ်၁၁) ၄၅ ခု ၆၄ ခုစစ်တမ်း စာရင်းဆက် 1783
သွင်း ကြီး စိုး ၍အရိုး သား မြေး မှန်သူအ ဆောင် တော်မြဲငရွှေမှုံကိုတရားမြို့သူ 1802
ကြီး ခန့်။

30 November 1855

သက္ကရာဇ်၁၂၁၇ ခုတန် ဆောင်မုန်း လပြည့် ကျော်၇ရက် နေ့ဘုရား အမိန့်
တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ငဟော်ငါး ကိုတရားမြို့သူကြီး အရာ
ကနှုတ်၊ အဆောင် တော်မြဲငရွှေမှုံကိုတရားမြို့သူကြီး ခန့်ဘုန်း တော်အလွန်ကြီးမြတ်
တော်မူလှ သောဘုရား ညီ တော်အိမ် ရှေ့မင်း အမိန့် တော်ကိုဦး ထိပ်ထက်ဆင်ရွက်
ရသည်ဖြစ်၍ ရွှေလွှတ် တော်ကအမိန့် တော်တ ကြောင်း စာချွန်နှစ် ကြောင်း စါချွန်
တော်အသည်ဝန်စာ ပေး အပ်ရှိသည်ဖြစ်သည်၊ ငဟော်ငါး ကိုတရားမြို့သူကြီး အရာ
ကနှုတ်၍အ ဆောင် တော်မြဲငရွှေမှုံကိုတရားမြို့သူကြီး အရာခန့်ထား ကြီး စိုး စေ၊
တရားမြို့ ကျေး ရွာအစီရင်သူကြီး ခေါင်း အကြီး အသည်အလာ ကြေး ထမ်း ကြီး ငယ်တ
စုတို့မင်း မှုတော်ရှိလျှင်တရားမြို့သူကြီး ငရွှေမှုံဆင့်ဆိုရာနာခံ ဆောင်ရွက်ရမည်၊
တရားမြို့သူကြီး ငရွှေမှုံလည်း မြို့ ကျေး ရွာကိုစည်ပင်သာယာ အောင်သိမ်း သွင်း ပြု
စု၍ကျ ရောက်သည့်မင်း မှုတော်ကိုမြို့ ကျေး ရွာမှာသာနာညီမျှခွဲခန့် ကောက်ခံ

ဆောင်ရွက်ရမည်။

အကောက်ဝန် ရွှေတိုက်စိုး မင်း မဟာမင်းလှရာဇာစာ။

အသည်ဝန်မင်း မဟာသီဟသူရ စါ၊ ဝန်မင်း မျှား စါ

( သန့်စင် စါစု )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ မိန့် တော်ရှိသည်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည်ကိုယ်ကျိုး ကိုယ်စီး ပွါး ကိုသာ ငဲ့၍မင်း အဖြစ်ကိုယူ တော်မူသည်မဟုတ်၊ ဘေး လောင်း တော်အဇာတသတ်မင်း ကာလာ သောကမင်း ၊ သီရိဓမ္မာ သောကမင်း စ သောသာသနာပြုမင်း တို့ကဲ့သို့ ရှေး ရှေး သောကိုယ် တော်၏အဖြစ်၌မပြတ် လေ့လာကျင့် ဆောင် တော်မူခဲ့ဘူး သောသမ္မာဆန္ဒ တော်အရင်း ရှိသဖြင့်သာသနာ တော်ကိုချီး မြှင့်ပြုစု တော်မူလို သည်နှင့်အညီကျင့် ဆောင်နိုင်ခဲ သောရာဇဓမ္မအ ပေါင်း တို့ကိုမတိမ်း မယိမ်း မ လစ်မလပ် စေရ၊ ကျင့် ဆောင် တော်မူ၍မြတ် သောတရား တို့၌တည် တော်မူလျက် မှူး တော်မတ် တော်မှုထမ်း ရာထမ်း တို့ကိုလည်း အ လောင်း တော်မ ဟော်သထာ၊ ဝိဓူရ၊ နန္ဒီ သေနစ သော ရှေး မှူး ကောင်း မတ် ကောင်း တို့ကဲ့သို့ရာဇဓမ္မ လေ ကအ ကြောင်း သုံး ပါး တို့၌တည် စေခြင်း ၊ မင်း မိဘုရား မင်း ညီမင်း သား မှ စ၍ပြည်သူလူအ ပေါင်း တို့ကိုလည်း ဒါနသီလစ သောသူ တော် ကောင်း တရား တို့၌ တည် စေခြင်း ၊ ရဟန်း တော်တို့ကိုလည်း ပါတိ မောက်ပြခြင်း ၊ ညာ တော ဝိဘင်း ဆောင်ခြင်း စ သောသာသနာ တော်မြတ်၏မူလဘူတတရား ထင်ရှား ရှိလျက် မေ့ မေ့ လျော့ လျော့ပြုကြ သော ကြောင့်ယိုယွင်း တိမ်မြုပ် ရှိသည်ကိုဝိနည်း ပညတ် တော်နှင့် ညီ အောင်အား ထုတ် ဆောင်ရွက် စေခြင်း ၊ အနုဂ္ဂဟနှစ်ပါး ဖြင့်သာသနာ တော် ကိုအလွန်အကြူး ချီး မြှင့် တော်မူခြင်း စ သောသာသနာ တော်စည်ပင်အံ့သည်ကိုသာ ရည်ရွယ် တော်မူလျက်သာသနာနုဂ္ဂဟဓမ္မရာဇာဖြစ် တော်မူ သောမြတ် သောမင်း အဖြစ်ကိုယူ တော်မူသည်၊ သာသနာ တော်ဆိုသည့်အရာသည်ဝိနည်း တရား ထင်ရှား ရှိသည့်အတိုင်း ရဟန်း တော်တို့ ကောင်း မွန် အောင်မကျင့် ဆောင်ကသာသနာ တော်ညှိုး နွမ်း သည်၊တဂါး တော်ကိုမကျင့် မဆောင် သောတ ယောက် သောအလဇ္ဇီသည်အလဇ္ဇီအ ထောင်ကိုဖြစ် စေ၍သိသနါ တော်ကိုဖျက်ဆီး နိုင်သည်သို့သာသနာ တော်ညှိုး နွမ်း ပျက် စီး ကြောင်း ဖြစ် သောအလဇ္ဇီတို့အ မူအကျင့်ဟုဆိုအပ် သော

(၁) ရွှေ ငွေ၊ မာသက၊ ကဟာပဏဟူ သော လေး ပါး သောနိဿဂ္ဂိယဝတ္ထု၊ ပုလဲ၊ ပတ္တမြား ၊ ကျောက်မျက်ရွဲ၊ ခရုသင်း ၊ ကျောက်သလင်း ၊ သန္တာ၊ ပတ္တမြား နီ၊

ပတ္တမြား ပြောက်၊ စပါး မျိုး ခုနစ်ပါး ၊ ကျွန်မိန်း မ၊ ကျွန် ယောကျ်ား ၊ ကျွဲ နွား ခွေး ကြက် ဝက်၊ လယ်ယာ၊ ပန်း အရုံ၊ သစ်သီး အရုံ စသော ဒုက္ကဋ ဝတ္ထုတို့ကို ရှာမှီး ခြင်း ၊ ခံခြင်း ၊ အနီး၌ထား သည်ကို သာယာခြင်း ၊ သိုမှီး သိမ်း ဆီး ခြင်းတည်း ဟူ သော အလဇ္ဇီဓမ္မ၊

(၂) နိသဂ္ဂိယ ဝတ္ထုချင်း ချင်း လဲလှယ် ရောင်း ဝယ်ခြင်း ၊ နိသဂ္ဂိယ ဝတ္ထုဖြင့် ဒုက္ကဋ ဝတ္ထုကို လဲလှယ် ရောင်း ဝယ်ခြင်း ၊ နိသဂ္ဂိယ ဝတ္ထုဖြင့် ဆွမ်း ဆန် ဖျင် စသော ကပ္ပိယ ဝတ္ထုတို့ကို လဲလှယ် ရောင်း ဝယ်ခြင်း ၊ ဒုက္ကဋ ဝတ္ထုချင်း ချင်း လဲလှယ် ရောင်း ဝယ်ခြင်း ၊ ဒုက္ကဋ ဝတ္ထုဖြင့် နိသဂ္ဂိယ ဝတ္ထု၊ ကပ္ပိယ ဝတ္ထုတို့ကို လဲလှယ် ရောင်း ဝယ်ခြင်း ဟူ သော အလဇ္ဇီဓမ္မ၊

(၃) ရဟန်း တို့ ပရိက္ခရာကို ရောင်း ချ၍ ရ သော ရွှေ ငွေ စ သော နိသဂ္ဂိယ ဝတ္ထုတို့ကို ကိုင်ခြင်း ခံခြင်း ဟူ သော အလဇ္ဇီဓမ္မ၊

(၄) ရဟန်းကို ကပ္ပိယ ပရိက္ခရာဖြင့် ကဝိသည် စ သော် လူတို့ထံ ကွမ်းအစ် ၊ ထုံး ဘူး ၊ ကန့်ကူ ၊ ပုရပိုက် စ သော် ကပ္ပိယ ဝတ္ထုတို့ကို လဲလှယ် ရောင်း ဝယ်ခြင်း ဟူ သော် အလဇ္ဇီဓမ္မ။

(၅) ပန်း ပေး ခြင်း ၊ သစ်သီး ပေး ခြင်း ၊ ကသယ်မှုံ့ ပေး ခြင်း ၊ မြေညက် ပေး ခြင်း ၊ တံပူ ပေး ခြင်း ၊ ဝါး ပေး ခြင်း ၊ ဆေး ပေး ခြင်း ၊ သလုံးမြင်း ခေါင်း ဖြင့် ဒါယကာတို့အ စေအပါး ကိုခံခြင်း ၊ ဤ ရှစ်ပါး သော ကုလ ဒူသကတို့ကို ပြု ခြင်း ဟူ သော အလဇ္ဇီဓမ္မ၊

(၆) ဝါး ပေး ခြင်း စ သော နှစ်ဆယ့်တပါး သော အနေသနတို့၌ အကျိုး ဝင် သော လူတို့ကို ထမင်း ကျွေး ခြင်း ၊ မုန့် ပေး ခြင်း ၊ ကွမ်း ဆေး တည်ခြင်း ၊ နေရာ ခင်း ၍ အရိုအသေ ပြုခြင်း ၊ ဗေဒင် ဟောခြင်း ၊ ဆေး ကုခြင်း စ သော အလဇ္ဇီ ဓမ္မ၊

(၇) အသက် မွေး ခြင်း ဟူ သော ကြောင်း ကြောင့် ပညတ် တော်မူအပ် သော ခြောက်ပါး သော သိက္ခာပုဒ်ကို လွန်ကျူး ခြင်း ၊ အံ့ဩ ဖွယ်ကို ဖြစ် စေ၍ လပ်ကို ရှာမှီး ခြင်း ၊ ပစ္စည်း ရခြင်း ၏ အကြောင်း ကို ပြောဆို၍ လပ်ကို ရှာမှီး ခြင်း ၊ ရအပ်ပြီး သော အနည်း ငယ် သော လပ်ကို ပေး သဖြင့် မရ သေး သော များ စွာ သော လပ်တို့ကို တောင့်တ ရှာမှီး ခြင်း စ သော ယုတ်မာ သော သဘော၏ အစွမ်း ဖြင့် ဖြစ် သော

မိစ္ဆာဇီဝဟူ သောအလဇ္ဇီဓမ္မ၊

(၈)ဆင်စီး မြင်းစီး ရထားစီး စသော မဂ်ဖိုလ်တို့မှ ဖီလာဖြစ်သော တိရိစ္ဆာနဝိဇ္ဇာအတတ်၌အကျုံး ဝင်သောပြတား ကိုသေ အောင်ပြုခြင်း ၊ ပြာချခြင်း ၊ မဲ စေခြင်း စသည်တို့ကိုဆို သောတိရစ္ဆာနဝိဇ္ဇာ လောကာယတကျမ်း ကိုရဟန်း တို့သင် လည်း မသင်အပ်၊ သူတပါး ကိုလည်း မပြအပ်၊ ပြုလည်း မပြုအပ်၊ ကြေး ငွေမပါ၊ သစ်မြစ်သစ်ရွက်စ သော ဆေး တို့ဖြင့်သာပြတား ကို သေ စေခြင်း ၊ ပြတား ကို ပြာကျ စေခြင်း ၊ ပြတား ကိုခဲ စေခြင်း စ သောအတတ်တို့ကို လေ့လည်း မ လေ့ကျက် အပ်၊ သူတပါး တို့ကိုလည်း မပြအပ်၊ လုပ်လည်း မလုပ်အပ်၊ လေ့ကျက်ပြသပြုလုပ် သော ရဟန်း တို့သည်ခွန်း တိုင်း ခွန်း တိုင်း ပ ယော ဂတိုင်း ပ ယော ဂတိုင်း ဒုက္ကဋ်အာ ပတ်သင့်ခြင်း ဟူ သောအလဇ္ဇီဓမ္မ၊

(၉) ငွေနှင့် ကြေး ကိုစပ်၍ စပ်တူအဂ္ဂိရပ်လုပ်သူတို့သည်လုပ် ဆောင်ရန် ငွေကိုခံ ကတည်း ကပင်နိဿဂ္ဂိယ ပါစိတ်အာ ပတ်သင့်သည်၊ ခဲ ကြေး နီကို ငွေနှင့်စပ်၍သုံး ဆောင် သောအခါနိုး ခြင်း နှစ်ဆယ့်ငါး ပါး တွင် ထေယျာဝဟာရ၌အကျုံး ဝင် သောကုဋက ယာမပဏာဝဟာရဖြင့်ဆုံး ဖြတ်အပ်သည်၊ ကြေး နီဒီကို ငွေ မွေး ထင် စေ၍သုံး ဆောင်ကြလျှင်ပါရာဇိကဖြင့်ဆုံး ဖြတ်အပ်သည်ဟု ( ကျမ်း ဂန်၌ )လာသည်ကိုပြုကျင့် ကျူး လွန်ခြင်း ဟူ သောအလဇ္ဇီဓမ္မ၊

(၁၀)ထိုး ကွင်း လက်ဖွဲ့ခါး လွဲ့အင်း အိုင်ထား ပြီး လုံ့ပြီး စ သောအတတ်မျိုး တို့သည် မဂ်ဖိုလ်၏ဖီလာတိရိစ္ဆာနဝိဇ္ဇာ လောကာယတကျမ်း ၌အကျုံး ဝင် သော ကြောင့်ရဟန်း တို့မကျင့်အပ်သည်ကိုကျင့်ခြင်း ဟူ သောအလဇ္ဇီဓမ္မ၊

(၁၁)ထိုအတတ်ကိုမှီး ၍ရ သောပစ္စည်း တို့ကိုလည်း ရဟန်း တို့မသုံး ဆောင်ထိုက်ဘဲ သုံး ဆောင်ခြင်း ဟူ သောအလဇ္ဇီဓမ္မ၊

(၁၂)အနာမရှိဘဲရထား ပေါင်း ချုပ်၊ လှည်း ၊ ထမ်း စင်၊ သံလျှင်း စ သောယဉ် တို့ကိုရဟန်း တို့မစီး အပ်သည်ဖြစ်လျက်စီး ခြင်း ဟူ သောအလဇ္ဇီဓမ္မ၊

(၁၃) ခြေကွဲခြင်း ၊ ခြေအသား စွန်း ထွက်ခြင်း ၊ အလွန် မြေကြမ်း ခြင်း ၊ အလွန် ပူခြင်း ဟူ သောအ ကြောင်း မရှိဘဲဖိနပ်စီး ၍ ရွာတွင်း သို့မဝင်အပ်လျက်ဝင်ခြင်း ဟူ သောအလဇ္ဇီဓမ္မ၊

(၁၄)အလုံး စုံဖြူသောဘိနပ်၊ လူတို့အသုံး အဆောင်နှင့်တူသော သမဏသာရုပ္ပ မဖြစ်သော နီသော သည်းကြိုး ၊ မည်း သောသည်းကြိုး တပ်သော ဘိနပ်တို့ကို ရဟန်း တို့အခြင်း ခပ်သိမ်း မစီး အပ်ဘဲ စီး ခြင်း ဟူသော အလဇ္ဇီဓမ္မ၊

(၁၅) ပြောက်ကျား သောသဘော်ကော်ဇော၊ တရုတ်ကော်ဇောတို့သည် တရား ဟောပလ္လင်၊ ဆွမ်း စား ဇရပ်အိမ်၌ လူတို့ခင်း သည်ကို ကြည့်၍ ဘုမ္မတ္ထရဏ ပြုပျက်ကပ္ပိ ယအခင်း ဖြင့်မခင်း ဘဲအိပ်ခြင်း ထိုင်ခြင်း ဌါမအပ်မထိုက်သည်ကို လွန်ကျူး ကျော် နင်း ခြင်း ဟူသော အလဇ္ဇီဓမ္မ၊

(၁၆)ကို ်ပူ မျက် စေ့နာ၊ သည်း ခြေနာစသော အနာတည်းဟူသော အကြောင်း မရှိဘဲ ရဟန်းတို့ ထီး မဆောင်း အပ်လျက် ဆောင်း ခြင်း ဟူသော အလဇ္ဇီဓမ္မ၊

(၁၇)ကခြင်း သီခြင်း တီး မှုတ်ခြင်း နှင့်စပ်သော ဆိုင်း က ခြေသည် ရုပ်စုံဇာတ် ဘုံ ရှုစသော အလုံး စုံသော သဘင်မျိုး တို့ကို မိမိပယောဂဖြင့်လည်း မယှည်စေအပ်၊ မိမိပယောဂ မဟုတ်သော ကခြင်း သီခြင်း တီး မှုတ်ခြင်း တို့ကိုလည်း ကြည့်ရှုနား ထောင်ခြင်း ကို မပြုအပ်၊ ရာဂစသော ကိလေသာဖြစ်ကြောင်း ဖြစ်သော ကုသိုလ် အဖို့ကို ဖျက်ဆီး တတ်သော သာသနာတော်၏ ဆန့်ကျင်ဘက်ဆူး ငြောင့်သဘွယ်ဖြစ်သော သဘင်ခံခြင်း ၊ ဘာရတ၊ ရာမစသည်တို့ကို ပြောဟောနာခံခြင်း ၊ လက်ခုပ်တီး ခြင်း ၊ စည်ပုတ်တီး ခြင်း ၊ အိုး စည်တီး ခြင်း ၊ က ခြေသည်တို့ကို စေခြင်း ၊ သံချောင်း ကစား ခြင်း ၊ အရိုး ဆေး ကစား ခြင်း ၊ စာထောင်ကစား ခြင်း ၊ ဖဲရိုက်အံ ခတ်စစ်တုရင် ဆင်တိုက်မြင်း တိုက်ကျွဲတိုက်နွား တိုက်ဆိတ်တိုက်သိုး တိုက် ကြက်တိုက်ခါတိုက်ကြည်း သား ရိုက်တုတ် ပေါက်လက် ပွေ့သတ်ကစား ခြင်း ၊ စစ်ထိုးခြင်း၊ ဗိုလ်ရေတွက်ခြင်း ၊ စစ်သည်စုခြင်း ၊ ဆင်မြင်း ရထား ခြေသည်တို့ကို ကြည့်ရှုခြင်း ၊ မီး ဖြူမီး ဝါစသော မီး မျိုး မီး ပတုံး စသော ရှူမီး မျိုး ၊ မီး အိမ်ပျံ၊ ဒုံး ရှူ၊ ပြောက်ခွဲစသော အလုံး စုံသော အမှုတို့သည် ဝိသုကဖြစ်၍ ရဟန်း တို့မအပ်သော အမှုကို လျှက်လွန်ကျူး ကြော်နင်း ပြုလုပ်စီရင်ကြည့်ရှုနား ထောင်ခြင်း ဟူသော အလဇ္ဇီ ဓမ္မ၊

(၁၈)မြစ်နား ရဟန်း တို့လည်း လှော်လှေပြုပြင်၍ ကစား လိုသော စိတ်ဖြင့်ထိုမှ ဤမှ မသွား လာအပ်သည်ကို သွား လာခြင်း ဟူသော အလဇ္ဇီဓမ္မ၊

(၁၉)ယါဝဇီဝကဖြစ်သော်ထို နေ့အကပ်ခံအပ်သော်ကွမ်း ဆေး တို့ကို နေ့လွဲအခါအနာ တည်း ဟူ သော အကြောင်း မရှိဘဲသုံး ဆောင်ခြင်း ငှါအကပ်ခံခြင်း ၌ငှင်း ၊ မျှိုတိုင်း မျှိုတိုင်း တို့၌ငှင်း ဝိကာလ ဘောဇနသိက္ခာပုဒ်၏အနက္ခရာပတ်ဖြင့်ဒုက္ကဋ်အာပတ်သင့်သည်၊ ယမန်နေ့၌အကပ်ခံပြီး သောကွမ်း ဆေး တို့ကိုနံနက်အခါ၌အနာတည်း ဟူ သောအကြောင်း မရှိဘဲအာဟာရအလို့ငှါအကပ်ခံခြင်း ၊ မျှိုခြင်း တို့၌ သန္နိဓိကာရကသိက္ခာပုဒ်၏အနက္ခရာပတ်ဖြင့်ဒုက္ကဋ်အာပတ်သင့်သည်၊ ထိုကွမ်း ဖက် ဆေး ဖက်ကွမ်း သီး ဖက်မကင်း သောခံတွင်း ဖြင့်ကွမ်း ဆေး တို့ကိုသုံး ဆောင် သောအခါတို့၌လည်း မျှိုတိုင်း မျှိုတိုင်း သန္နိဓိပါစိတ်အာပတ်သင့်သည်၊ ဆွမ်း စား ပြီး သော်အာမိသမကင်း သောခံတွင်း ဖြင့်ကွမ်း ဆေး တို့ကိုသုံး ဆောင် သောအခါတို့၌လည်း မျှိုတိုင်း မျှိုတိုင်း သန္နိဓိပါစိတ်အာပတ်သင့်သည်၊ နေ့လွဲအခါယမန်နေ့အကပ်ခံပြီး သောကွမ်း ဆေး တို့ကိုအနာတည်း ဟူ သောအကြောင်း မရှိဘဲသုံး ဆောင်ခြင်း ငှါအကပ်ခံခြင်း မျှိုခြင်း တို့၌ ဝိကာလ ဘောဇနသိက္ခာပုဒ်သန္နိဓိသိက္ခာပုဒ် နှစ်ပါး ဖြင့်ဒုက္ကဋ်အာပတ်နှစ်ချက်စီသင့်သည်ဖြစ်၍ယမန်နေ့ကအကပ်ခံ သောကွမ်း ဆေး တို့ကိုအကြောင်း မရှိဘဲအချင်း ခပ်သိမ်း မသုံး ဆောင်အပ်၊ ထိုနေ့အကပ်ခံ သောကွမ်း ဆေး တို့ကို နေလွဲအခါအကြောင်း မဲ့မသုံး ဆောင်အပ်သည်ကိုသုံး ဆောင် ခြင်း တည်း ဟူ သောအလဇ္ဇီဓမ္မ၊

(၂၀)ဥကျောင်း ပူနာ၊ ကုတ်ဟီး ချောင်း ဆိုး ကြီး နာ၊ ထိပ်ကပ်နာဟူ သော အကြောင်း မရှိဘဲအနှိုး တံ၊ ဆေး လိပ်တို့ကိုမသောက်မရှူအပ်၊ ယမန်နေ့အကပ်ခံ သောအနှိုး တံ၊ ဆေး လိပ်၊ ထိုနေ့အကပ်ခံ သောအနှိုး တံ၊ ဆေး လိပ်တို့ကို သောက် သောဂဟန်း အား ကွမ်း ဆေး တို့၌ဆိုခဲ့ပြီး သည်အတိုင်း အာပတ်သင့်သည်ကိုမရှောင် မကြည်ဘဲပြုကျင့်ကျူး လွန်ခြင်း ဟူ သောအလဇ္ဇီဓမ္မ၊

(၂၁)ထင်ရှား ရှိ သောဂဟန်း ကိုမပန်မကြား မူ၍ ရှောင်တခင်ပြုအပ် သော ကိစ္စမရှိဘဲ နေလွဲအခါရွာတွင်း သို့မဝင်အပ်သည်ကိုဝင်ခြင်း ဟူ သောအလဇ္ဇီဓမ္မ၊

စ သောအလဇ္ဇီအဖြစ်ကိုပြုတတ် သောသိက္ခာပုဒ်တို့ကို လေး စား မမူသဗ္ဗညုမြတ်စွာဘု ရား ရှေ့မျက်နှာ တော်ကိုမထောက်မကြောက်တသက်လျှာမျှလပ်ပူ ဇော်သက္ကာရကို ငဲ့၍ဂဟန်း ကောင်း တို့အသွင်အပြင်၊ အဝတ်ကား အရဟတ္တဓဇမြတ် သောအဝတ်၊

အကျင့်ကား (မြတ်စွာဘုရား)သာသနာတော်(၏)ဆူး ငြောင့်(တံကျင်)သဘွယ်(ကဲ့သို့)ယုတ်မာလှသောအကျင့်ဖြစ်၍သာသနာတော်ကိုဖျက်ဆီး တတ်သောအလဇ္ဇီပုဂ္ဂိုလ်တို့ကိုအား ပေး အား မြှောက်ပူဇော်လှူဒါန်း သူတို့သည်လည်း အလဇ္ဇီနှင့်ပေါင်း ဖက်၍သာသနာတော်ကိုဖျက်ဆီး သည်မည်(လေ)သော ကြောင့်အမိန့်တော်တွင်ပါရှိသည့်အလဇ္ဇီဓမ္မကိုလွန်ကျူး ကျော်နင်း ၍ကျင့်သောအလဇ္ဇီပုဂ္ဂိုလ်တို့ကို ရွှေမြို့တော်မှစ၍နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ ကျေး ရွာ နေလူတို့(ကို) မကိုး ကွယ်မလှူဒါန်း ကြစေနှင့်၊ မြို့ရှင်ရွာရှင်တို့ကမြို့(နေ)ရွာ နေလူတို့ကိုနိုင်နင်း အောင်တား မြစ်စေ၊ ကိုး ကွယ်ရင်း ဖြစ်၍ကိုး ကွယ်လိုလျှင်အလဇ္ဇီဓမ္မကိုစွန့်စေ၍အပြစ်အားလျှော်သောဝိနည်း ကံဖြင့်ကုစား စေပြီး မှကိုး ကွယ်လှူဒါန်း မြဲလှူဒါန်း စေ၊ အလဇ္ဇီပုဂ္ဂိုလ်မှန်း သိလျက်အမိန့်တော်အာဏာတော်ကိုမတည်၊ ကိုး ကွယ်လှူဒါန်း အား ပေးအား မြှောက်ပြု၍သာသနာတော်ကိုဖျက်ဆီး သူတို့ကိုအများ ကြောက်ရွံ့၍သာသနာတော် ဘေး ရန်ကင်း ငြိမ်း အောင်တင်း တင်း ကြပ်ကြပ်ဝန်တို့ကစီရင်၊ ထီး ရုံနန်း ရုံ စော်ဘွား မြို့စား မြို့ဝန်မြို့သူကြီး တို့ကို စေ့နှံ့ အောင်ပြန်ဆိုမှာထား စေ။

15 February 1856

သက္ကရာဇ် ၁၂၁၇ ခုတပို့တွဲလဆန်း ၁၀ ရက်နေ့နား ခံမင်း ထင်ရာဇသီဟသူတွင်ပြန်။

(ဆင်တဲစာစု၊ နယ်တမယ်စာစု၊ သောင်း စာစု၊ မျိုး ကြည့်၊ ပု၊ ၁၄၆၃၊ ရန်ကုန်ကဝိမျက်မှန်ပုံနှိပ်မှု ၁၉၁၃၊ မန္တလေး မြန်မာတာရာပုံနှိပ်မှု ၁၉၂၁၊ ရန်ကုန်ပြည်ကြီး မဏ္ဍိုင်ပုံနှိပ်မှု ၁၉၂၅)

(15 February 1856)

ရှာမှန်သူကြီး (သက္ကရာဇ် ၁၂၁၇ ခုတပို့တွဲလဆန်း ၁၀ ရက်နေ့) အမိန့်တော်နှင့်စီရင်စုနယ်တွင်း ရှိရဟန်းသင်္ဃာတို့ကို စေ့နှံ့အောင် လျှောက်ထားရမည်၊ ရဟန်းသင်္ဃာတော်တို့အမိန့်တော်အတိုင်း မတည်ကျူးလွန်ကျင့်ကြံရှိလျှင်မည်သည့်ရဟန်းသင်္ဃာတော်တို့ကျူးလွန်ကျင့်ကြံသည့်အကြောင်းအရာများကိုနာယကဦးစီး ဆရာကြီးများထံ လျှောက်ထားရန်မြို့ရုံးလာရောက်အစစ်ခံချမှတ်အစီရင်ခံရမည်၊ ဆင့်ဆိုသည်ကိုမတည်စီရင်စုနယ်တွင်း ရှိရဟန်းသင်္ဃာတော်တို့ကို စေ့နှံ့အောင်မတင်မပြမ လျှောက်မထား တစုံတရာအမိန့်တော်အတိုင်း မတည်ကျူးလွန်ကျင့်ကြံသည့်ရဟန်းသင်္ဃာတော်တို့ကိုမြို့ရုံး အစစ်ခံ၊ မချမမှတ်၊ အစီရင်မခံ၊ အမှတ်မဲ့နေလျှင်သူကြီးကိုရာဇဝတ်အပြစ်စီရင်မည်။

(ဆင်တဲစာစု)

ရွှေမြို့တော်နယ်လေး ရပ်ရှစ်ရပ်အတွင်း သတင်း သုံး နေကြ သည့်သင်္ဃာတို့မှာ သာသနာ တော်၏စည်ပင်ခိုင်ခန့် ကြောင်း သူ တော် ကောင်း (တို့သာယာဝ) ပြော ကြောင်း သုတ္တုဒ္ဒေသပါတိမုတ်ပြ၍ ဥပုသ်ပြုကြ စေ၊ သံဃာပြည့်စုံသည့်မြို့ရွာအလှမ်း အကမ်း နည်း သည့်ရပ်ရွာသံဃာတို့မှာ ပါရိသုဒ္ဓိဥပုသ် မပြုကြ စေနှင့်၊ သံဃာ မလောက်သည့်မြို့ရွာအလှမ်း အကမ်း ဝေး သည့်ရပ်ရွာသံဃာတို့မှာသာ ပါရိသုဒ္ဓိဥပုသ်ပြုကြ စေ၊ သုတ္တုဒ္ဒေသဥပုသ်ကိုပြုကြသည့်သံဃာတို့မှာလည်း မယောရ်ကြီး ကစ၍သံဃာ နောက်တိုင် အောင်အလှည့်အလည်ပြုကြ စေ။

25 March 1856

သက္ကရာဇ် ၁၂၁၇ ခုတ ပေါင်း လပြည့် ကျော် ၅ ရက် နေ့သာသနာပိုင်ဆရာ တော်ဘုရား ကြီး အမိန့် တော်။

( သောင်း စါစု )

( ရွှေမြို့တော် ) နယ်လေး ရပ်ရှစ်အတွင်း သီတင်း သုံး နေကြသည့်သံဃာတို့တွင် ရွှေလုပ်၊ ငွေလုပ်၊ ပွဲသဘင်အစီအရင်အကြည့်အရှုအနှိုး အ ( ဆော် ) စသည့်ဘုရား သခင်စက်ဆုတ် တော်မူအပ် သောအမှုမကျဖိုလ်နိဗ္ဗာန်၏အ ဆောက်အအုံမဟုတ်သည့် ဗါဟိရ လောကဝိဇ္ဇာများ ကို ( ပြုလုပ် ) ၍ နေ့ရက်ကုန် စေ သောရဟန်း တို့ကိုဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့က စိစစ်၍ ဝိနည်း တော်နှင့်အညီဆိုဆုံး မ စေ၊ ဆိုဆုံး မသည် ကို ( မတည်၊ ကျက် ) သ ရေမရှိ၊ ဒုဗ္ဗစ္စအရာ၌တည်သည့်ပုဂ္ဂိုလ်တို့ကိုဂိုဏ်း အတွင်း က ထုတ်။

25 March 1856

သက္ကရာဇ် ၁၂၁၇ ခုတ ပေါင်း လပြည့်ကျော် ၅ ရက် နေ့သာသနာပိုင်ဆရာ တော်ဘုရား ကြီး အမိန့်တော်။

( သောင်း စါစု )

ဆင်သားမြင်းသား ကိုရဟန်း တော်တို့အယူအငင်အစား အသောက်မရှိစေနှင့်၊ မင်းဘဏ္ဍာဖြစ်၍ဆင်မြင်းတို့ပျောက်လျှင်ရဟန်းတော် (တို့ကို) စွတ်ဆွဲ၍သာသနာ တော်၌ကြီးစွာသော ဘေးရန်ဖြစ်ရာသည်ကိုစိုး မင်းတို့ဘုရားသခင်အလျှောက် အထား မရှိဘဲသဗ္ဗညုတဉာဏ်ဖြင့်မြော်တင်း တော်မူ၍သိက္ခာပုဒ်တော်ကိုပညတ်တော် မူသည်၊ ယခုမှာသာသနဒါယကာမဟာဓမ္မရာဇာတရား မင်းမြတ်ကကျွဲနွား သေသည့် (ပံ့သကူ) ကိုရဟန်း တော်တို့အကောက်အယူအစား အသောက်မရှိစေနှင့်၊ အလျှောက်အထား ရှိသည်၊ သာသနာ၌လည်း ဘေးရန်ဖြစ်ရာသည်၊ မြေဒူး မြို့နယ် လေးရပ်၊ ရှစ်ရပ်အတွင်း သီတင်းသုံး နေကြသည့်ရဟန်းသာမဏေတို့မှာကျွဲနွား သေသည်ကိုပံ့သကူအကောက်အယူအစား အသောက်မရှိစေနှင့်၊ မြေဒူး မြို့ဂိုဏ်းအုပ် ဂိုဏ်း ထောက်တို့ကနိုင်နင်း အောင်ဆင့်။

25 March 1856

သက္ကရာဇ် ၁၂၁၇ ခုတပေါင်း လပြည့်ကျော် ၅ ရက် နေ့သာသနာပိုင်ဆရာ တော်ဘုရားကြီး အမိန့်တော်။

( သောင်း စါစု )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အ
မိန့်တော်ရှိသည်၊ ညောင် ရွှေမြို့ကျိဝန်ဝန်စု ဘော်ငငရွာ၊ ငွေခွန်ဝန်ဝန်စု
ကျောက်ထပ်၊ ဘော်ဆိုင်း ၊ ပင်း တယ၊ အင်း ငရွာ၊ နန်း ခုတ်ဂွာ၊ နယ် မြေ
တော တောင် စောင့် နေကုန် သော နတ်အပေါင်း တို့၊ ငါအသျှင်ဧကရာဇ်မင်း
မြတ်သည် ရှေး ဘေး လောင်း တော်ဘိုး လောင်း တော်မင်း ကောင်း မင်း
မြတ်တို့ကဲ့သို့ ရာဇဓမ္မမင်း ကျင့်တရား အပေါင်း ကိုဖြည့်ကျင့်ရွက် ဆောင် တော်မူ
လျက်အမရပူရ ရွှေပြည် တော်ကြီး နှင့်တကွ ရွှေထီး ရွှေနန်း တိုင်း ကား နိုင်ငံအ
ပေါင်း ကိုသိမ်း အုပ်စိုး စံ တော်မူ၍သာသနာ တော်မြတ်အကျိုး စီး ပွါး သား တော်
အစဉ် မြေး တော်အဆက်မြစ် တော်အညွန့်အဆွန့်ရှည်စွာပြည်ရွာတိုင်း ကား ပွါး
များ စည်ပင်ခြင်း အကြောင်း ရှေး ဘုရား လောင်း မင်း ကောင်း မင်း
မြတ်တို့ဖြည့်အပ် သော ဒါနသီလအစရှိ သော ပါရမီတို့ကိုဖြည့် တော်မူ၍ဆုထူး ဆုမြတ်ကို
ပန်ဆင် တော်မူသည်နှင့်အညီအသုံး တော်အ ဆောင် တော်ရှိသည်များ ကိုလည်းပြည်
သူဆင်း ရဲသား တို့အား မထိမပါး စေရ၊ ကြေး တော် ငွေ တော်ထုတ် ပေး သုံး
ဆောင် တော်မူသည်၊ သတ္တဝါတို့အစီး အပွါး ကိုရှာ တော်မူ သော ကြောင့်ရည်ရွယ်
တော်မူသမျှသည်အလို တော်အတိုင်း ပြည့်စုံ ပြေကုန်သည်ချည်း ဖြစ်သည်၊ ညောင် ရွှေ
မြို့ကျိဝန်ဝန်စု ဘော်ငငရွာ ငွေခွန်ဝန်ဝန်စု ကျောက်ထပ်၊ ဘော်ဆိုင်း၊ ပင်း
တယ၊ အင်း ငရွာ၊ နန်း ခုတ်ရွာနယ် မြေအတွင်း အလို တော်ရှိ ဘော် ကျောက်၊
ခဲ ကျောက် တော်များ ကိုတူး ဘော်ဆက်သ စေမည် စေခန့် တော်မူသည်၊ နတ်တို့အား
လည်း အပရိယာနိယတရား နှင့်အညီ ရှေး အစဉ်တင်ကြား ပသမြဲအဘွယ်အရာတို့
ဖြင့်တင်ကြား ပသ တော်မူသည်၊ စေခန့် တော်မူသည့်ကျွန် တော်မျိုး တို့ကိုတစုံတရာ
ဘေး အန္တရာယ်အစွန်း အညိမရှိ စေရ၊ နိုင်နင်း အောင်တား မြစ် စောင့်
ရှောက်လျက်အလို တော်ရှိ ဘော် ကျောက်၊ ခဲ ကျောက်အများ တူး ဘော်ရလွယ် ကြောင်း
ကောင်း သော စောင်မကြည့်ရှုခြင်း ဖြင့်ကြည့်ရှု စောင်မကြရမည်။
၎င်း အမိန့် တော်ကိုသံ တော်ဆင့် ရွှေပြည်လယ် တော်အုပ်မင်း လှသိခ်သူစီကုံး ရေး
သား ၍သက္ကရာဇ် ၁၂၁၇ ခု နှောင်း တန်ခူး လဆန်း ၃ ရက် နေ့လဘက်ရည် ဆောင်
7 April 1856

တော်တွင်းအတွင်း ဝန်လောင်ရှည်မြို့စား မင်း ရွှေသံတော်ဆင့်မင်း လှသိန်းသူ ဘတ် လျှောက်အမိန့်တော်ခံသည်။

(တင်စါစု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့် တော်ရှိသည်၊ မန္တလေးဘိုး တော်နတ်၊ ရွှေဂူက တော်နတ်၊ ဆည်က တော်နတ်၊ အုန်း
လွှတ်က တော်နတ်၊ ရေစိုးက တော်နတ်၊ ကန်လယ်ရှင်မနတ်၊ ဆင်ဖြူရှင်နတ်၊ ဘိုးမင်း ကျော်
နတ်၊ မောင်ရှင်ဖျိုးနတ်၊ တောင်ပြုံး ညီနောင်နတ်၊ ရွှေဂဲလှနတ်၊ တောင်ကျွန်း
မင်း နတ်၊ အုန်း ဘောင်မင်း နတ်မှစ၍ မန္တလေး ကျော်စဉ် အောင်ပင်လယ်အ
ရပ် တော တောင် ရေ မြေ စောင့် နေကုန် သော နတ်အပေါင်း တို့၊ ငါအသျှင်ဧက
ရာဇ်မင်း မြတ်သည်အာဒိစ္စဝံသသကျသာကီဝင်အသမ္ဘိန္နခတ္တိယစစ်ဖြစ် တော်မူ၍
အမရပူရ ရွှေပြည် တော်ကြီး နှင့်တကွ ရွှေထီး ရွှေနန်း တိုင်း ကား နိုင်ငံအပေါင်း
ကိုသိမ်း အုပ်စိုး စံ တော်မူလျက် ရှေး ဘုရား အ လောင်း မင်း ကောင်း မင်းမြတ်
တို့ကျင့်ထုံး ဖြစ် သော ရာဇဓမ္မတရား အပေါင်း ကိုဖြည့်ကျင့်ရွက် ဆောင် တော်မူ၍
ပြည်သူသတ္တဝါအပေါင်း တို့အား တရား သဖြင့်ထိန်း သိမ်း စောင့် ရှောက် တော်မူ
သည်၊ ရှေး သူ တော် ကောင်း အ လောင်း အလျာတို့ကျင့်မြဲဖြစ် သော ဒါနစ သော ပါ
ရမီဆယ်ပါး တရား အ ပေါင်း တို့ကိုလည်း မ မေ့မ လျော့ကျင့် ဆောင် တော်မူလျက်
မေတ္တာ ဂရုဏာ စ သော ဗြဟ္မစိုရ်တရား လေး ပါး ကိုအမြဲနှလုံး သွင်း တော်မူသ
ဖြင့်ကြံရည် တော်မူသမျှသည်အလို တော်အတိုင်း ပြီး ပြေကုန်တွင်ရသည်ချည်း ဖြစ်သည်၊
သာသနာ တော် ၂၄၀၀ ရောက် သောအခါမန္တလေး အရပ်၌ရတနာပုံပြည်ကြီးဖြစ်
လတ္တံ့ဟူ သော ဂဝံပ တေ့ရ သေ့သိကြား ဘုရား ဗျာဒိတ်သိုက်ဓါတ် နိမိတ်လာ ရှိသည်နှင့်
အညီယခု ကောဇာသက္ကရာဇ် ၁၂၁၈ ခုသာသနာ တော် ၂၄၀၀ပြည့် ရောက်ပြီ[1856]ဖြစ်
၍အမရပူရ မန္တလေး ရွှေပြည် တော်ကြီး စည်ထွန်း လျက်သာသနာ တော် ရှေး တက်
အလွန်စည်ပင်ထွန်း လင်း မည်ကေန်စင်စစ်ဖြစ်သည့်အတိုင်း ပြည်သူသတ္တဝါအပေါင်း
တို့အား ရွှေ ငွေ ရတနာ ပဒေသာကဲ့သို့လိုရာ မတဖြစ် စေမည်ရည်ရွယ် တော်မူလျက်
ငွေ ရတနာ စစ်ဖြစ် စေ၏တ် သော သယံဇာတ ဘော် ကျောက်တို့ကိုမန္တလေး ရတနာ
ပုံ တောင်ဝှမ်း နှိုက်ကြိုချက် တော်မူမည်အ ဆောက်အအုံ များ ကိုလုပ် ဆောင် စေသည်၊
နတ်တို့အား လည်း အပရိဟာနိယတရား နှင့်အညီတင်ကြား ပသမြဲအဘွယ်အရာတို့ဖြင့်
တင်ကြား ပသ တော်မူသည်၊ စေခန့် တော်မူသည့်အမှုထမ်း ကျွန် တော်မျိုး တို့ကိုဆူး

ငြောင့်ခလုတ်သစ်ငုတ်မှစ၍တစုံတရာသော အန္တရာယ်အထိအခိုက်မရှိ၊ အချောက် အလှန့်အကန့်အတွက်အနှောက်အရှက်မပေါ်မထွက်စေရ၊ နိုင်နင်း အောင်မြစ်၍ ကြံရည်တော်မူသည့်အတိုင်း အလွယ်တကူပြီး ပြေကုန်တွင်လွယ် အောင်ငါ့အမှုတော်ကိုထမ်း ဆောင်ကြရမည်။

၄င်း အမိန့်တော်ကိုသံတော်ဆင့် ရွှေပြည်လယ် တော်အုပ်မင်း လှသိခ်သူ စီကုံး ရေး
16 September 1856
သား၍ (သက္ကရာဇ်) ၁၂၁၈ ခု တော်သလင်း လဆန်း ၃ ရက် နေ့လဘက်ရည် ဆောင် တော်တွင်အမိန့်တော်သံတော်ဆင့် ရွှေပြည်လယ် တော်အုပ်မင်း လှသိခ်သူ မှတ်။

(တင်စါစု)

စလင်းမြို့တောင်စဉ်ရိုး ငမြိုင်နှမမိဇာဂုတို့နှင့်စလင်းမြို့သူကြီး ဟောင်း ငသိ
ထွန်း အောင်တို့ဖြစ်ပွါး ကြသည့်မိထွန်း စံအမွေမှုစကား ကိုစစ်ဆေး တော်မူရာ
ငမြိုင်နှမမိဇာဂုတို့ကအဘငထွဲနှင့်မိထွန်း စံတို့သင့်နေစဉ်ပိုင်ထိုက်ဖြစ်ပွါး သည့်
ရွှေငွေလယ်ယာသက်ရှိသက်မဲ့ဥစ္စာပစ္စည်း များ ကိုအဘငထွဲ သေဆုံး သည်နောက်
မိထွန်း စံနှင့်ပြောဆိုကြရာ မိထွန်း စံမသေမှီသုံး စား ကုန်လျှင်ကုန်ပိုင်စေ၊
စား သုံး ၍ မကုန်ကြွင်း ကျန်လျှင်ငမြိုင်နှစ်မမိဇာဂုတို့ကဆက်ခံရယူ စေ (သက္ကရာဇ်)
၁၁၈၉ ခုနှစ်စုံရာဇ်ဝင်ချက်ပြတ်စာနှင့်ပြီး ပြတ်ကြသည် နောက်မိထွန်း စံ (1827) သေဆုံး
လျှင်ကြွင်း ကျန်သည့် ရွှေ ငွေလယ်ယာသက်ရှိသက်မဲ့များ ကိုမိထွန်း စံက သေတန်း စာ
နှင့် ပေး သည်ဆို၍ စလင်း မြို့သူကြီး ဟောင်း ငသာထွန်း အောင်ကသိမ်း ယူခံစံရှိ
ပါသည်၊ အထက်ပြီး ချက်ဖြတ်စာရင်း အတိုင်း ခံစံရယူလိုသည်၊ ကြယ်ပွါး ၍ မ ပြောမ
ဆိုလိုပါပြီ၊ သူရင်း လူ ၁၀၀၀ စိုက်လယ် မြေကိုရလျှင်ပြီး ငြိမ်း ပါမည်ငမြိုင်နှမမိဇာ
ဂုတို့ကရှိခိုး သံ တော်ဦး တင်သည်၊ မိထွန်း စံပိုင်ထိုက်သည့် ရွှေ ငွေလယ်ယာသက်ရှိ
သက်မဲ့များ အနက်သူရင်း ၁၀၀၀ စိုက်လယ် မြေကိုငမြိုင်နှမမိဇာဂုတို့နှင့်အမွေ
စား သား ချင်း တို့သို့စလင်း မြို့သူကြီး ဟောင်း ငသာထွန်း အောင်က ပေး စေ၊
ကျန်လယ်ယာ ရွှေ ငွေသက်ရှိသက်မဲ့များ ကိုမိထွန်း စံရှိစဉ် သေတန်း စာနှင့် ပေး
သည့်အတိုင်း စလင်း မြို့သူကြီး ဟောင်း ငသာထွန်း အောင်ကရယူခံစံ စေ။

သက္ကရာဇ် ၁၂၁၈ ခုသတင်း ကျွတ်လဆန်း ၁ ရက် နေ့နံ ခံ ပြော့ကြီး မှူး (29 September 1856)
မင်း လှမင်း ကျော်ထွင်ပြန်။

(ဟလင်း စါစု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ဇေယပူရစကိုင်း မြို့စောင့်နတ်၊ သောတာပန်နတ်မှစ၍စကိုင်း မြို့နယ်တွင်း တော တောင်ကြည်း ရေ စောင့် နေကုန် သော နတ်အ ပေါင်း တို့၊ ဝါ အသျှင်ဧကရာဇ်မင်း မြတ်သည် ရှေး ဖြည့်ဆည်း ဘူး တော်မူအပ် သော ပါရမီပုည သမ္ဘာရ တော်လျှံ့ဆော်တိုက်တွန်း အပ်သည်ဖြစ်၍ လောကသမုတိနတ်မြတ် သော်မင်း အဖြစ်သို့ ရောက် တော်မူလျှင်သာသနာ တော်မြတ်ကိုအထူး သဖြင့်ချီး မြှင့်ပြုစု တော်မူသည်၊ ရဟန်း ရှင်လူပြည်သူသတ္တဝါအ ပေါင်း တို့အကျိုး စီး ပွါး များ စေ ကြောင်း ကိုလည်း ကြည့်ရှု စောင့် ရှောက် (ကျင့်) ဆောင် တော်မူလျက် ရှေး အ လောင်း အလျာ စကြာမန္ဓာတ်မင်း တို့ကျင့်ထုံး ဖြစ် သော ရာဇဓမ္မတရား အ ပေါင်း တို့ကိုဖြည့်ကျင့် ရွက် ဆောင် တော်မူ၍ နိုင်ငံ တော်အတွင်း ရွှေတွင်း ရွှေ တောင် ငွေတွင်း ငွေ တောင်စ သော ရတနာမျိုး အ ပေါင်း တို့ ပေါက် ရောက် ပေါ် ရှိခြင်း ၊ ပြည်သူသတ္တဝါအ ပေါင်း တို့ချမ်း သာသုခရခြင်း စသဖြင့်ရွယ်ရည် တော်မူသ မျှသည်အလို တော်အတိုင်း ပြီး ပြည့်စုံရသည်ချည်း ဖြစ်သည်၊ အပရိဟာနိယတရား နှင့်အညီနတ်တို့အားလည်း တင်ကြား ပသ တော်မူသည်၊ ပြည်သူသတ္တဝါအ ပေါင်း တို့အလွန်ချမ်း သာ စေခြင်း အ ကြောင်း ကိုရည် တော်မူလျက် ရွှေဘုန်း တော်မြတ် ကြောင့်စကိုင်း မြို့နယ်တွင်း တောင်များ တွင် ပေါ်ရှိသည့် ငွေရတနာစစ်ဖြစ် စေတတ် သော ဘော် ကျောက်များ ကိုတူး ဘော်ချက်လုပ် စေသည်၊ စေခန့် တော်မူသည့်အမှုထမ်း ကျွန် တော်မျိုးတို့ကိုဆူး ငြောင့်ခလုတ်သစ်ငုတ်မှစ၍တစုံတရာ ဘေး အန္တရာယ်အစွန်း အငြိအထိအခိုက်မရှိ စေရ၊ နိုင်နင်း အောင်တား မြစ် စောင့် ရှောက်လျက်အလို တော်အတိုင်း ပြီး ပြည့်စုံ စေလွယ် ကြောင်း ကို ကောင်း သောကြည့်ရှု စောင်မခြင်း ဖြင့် စောင်မကြည့်ရှု၍ ငါ့အမှု တော်ကိုထမ်း ရွက်ကြရမည်။

၎င်း အမိန့် တော်ကိုသံ တော်ဆင့် ရွှေပြည်လယ် တော်အုပ်မင်း လှသိန်သူ စီကုံး ရေး
22 November 1856
သား ၍ (သက္ကရာဇ်) ၁၂၁၈ ခုတန် ဆောင်မုန်း လပြည့် ကျော် ၁၁ ရက် နေ့ လိုင် ရှည်မြို့စား အတွင်း ဝန်မင်း ရှေ့ဘတ် လျှောက်အစီရင်ခံရာသင့်ပြီမြင်း စုကြီးဝန် သို့ ရေး သား အပ်အမိန့်ရှိ၍ (သက္ကရာဇ် ၁၂၁၈ ခုတန် ဆောင်မုန်း လပြည့် ကျော်
22 November 1856

22 November 1856

22 November 1856

၁၁ရက်) နေ့ ရေး သား အပ်ရသည်။

(တင်စါစု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့်တော်ရှိသည်၊ ဘိုး တော်ကြီး နတ်၊ ဘွား တော်ကြီး နတ်၊ ငွေတောင်သူနတ်
မှစ၍ ရေကြည်ကြာပင်နယ်တွင်း တောတောင် ရေမြေ စောင့်နေကုန် သောနတ်
အပေါင်း တို့၊ ငါအသျှင်ကေရာဇ်မင်း မြတ်သည် ရှေး ဖြည့်ဆည်း ဘူး တော်မူအပ်
သောပါရမီပုညသမ္ဘာရ တော်လှုံ့ဆော်တိုက်တွန်း အပ်သည်ဖြစ်၍ လောကသမုတိနတ်
မြတ် သော မင်း အဖြစ်သို့ ရောက် တော်မူလျှင်သာသနာ တော်မြတ်ကိုအထူး သဖြင့်ချီး
မြှင့်ပြုစု တော်မူသည်၊ ရဟန်း ရှင်လူပြည်သူသတ္တဝါအပေါင်း တို့အကျိုး စီး ပွါး များ
စေကြောင်း ကိုလည်း ကြည့်ရှုစောင့်ရှောက်ကျင့် ဆောင် တော်မူလျက် ရှေး အလောင်း
မလျာစကြာမန္ဓာတ်မင်း တို့ကျင့်ထုံး ဖြစ် သောရာဇဓမ္မတရား အပေါင်း တို့ကိုဖြည့်
ကျင့်ရွက် ဆောင် တော်မူ၍ နိုင်ငံ တော်အတွင်း ရွှေတွင်း ရွှေတောင် ငွေတွင်း ငွေ
တောင်စသောရတနာမျိုး အပေါင်း တို့ပေါက် ရောက် ပေါ်ရှိခြင်း ၊ ပြည်သူသတ္တ
ဝါအပေါင်း တို့ချမ်း သာသုခရခြင်း စသဖြင့်ရွယ်ရည် တော်မူသမျှသည်အလို တော်အ
တိုင်း ပြီး ပြည့်စုံရသည်ချည်း ဖြစ်သည်၊ နတ်တို့အား လည်း အပရိဟာနိယတရား နှင့်
အညီတင်ကြား ပသမြဲအဘွယ်အရါတို့ဖြင့်တင်ကြား ပသ တော်မူသည်၊ ပြည်သူသတ္တဝါအ
ပေါင်း တို့အလွန်ချမ်း သာစေခြင်း အကြောင်း ကိုရည် တော်မူလျက် ရွှေဘုန်း တော်
မြတ် ကြောင့်ရေကြည်ကြာပင်နယ်တွင်း တောင်များ တွင် ပေါ်ရှိသည့်ငွေရတနာ
စစ်ဖြစ်စေတတ် သော ဘော် ကျောက်များ ကိုတူး ဘော်ချက်လုပ်စေသည်စေခန့်
တော်မူသည့်အမှုထမ်း ကျွန် တော်မျိုး တို့ကိုဆူး ငြောင့်ခလုတ်သစ်ငုတ်မှစ၍တစုံတရာ
ဘေး အန္တရာယ်အစွန်း အငြိအထိအနှိုက်မရှိ စေရ၊ နိုင်နင်း အောင်တား မြစ်စေါင့်
ရှောက်လျက်အလို တော်အတိုင်း ပြီး ပြည့်စုံ စေလွယ် ကြောင်း ကို ကောင်း သောကြည့်
ရှုစောင်မခြင်း ဖြင့်စောင်မကြည့်ရှု၍ ငါ့အမှု တော်ကိုထမ်း ရွက်ကြရမည်။
၄င်း အမိန့်တော်ကိုသံ တော်ဆင့်ရွှေပြည်လယ် တော်အုပ်မင်း လှသိန်သူစီကုံး ရေး
1 December 1856
သား ၍ (သက္ကရာဇ်) ၁၂၁၈ခုနတ်တော်လဆန်း ၅ရက် နေ့ ရေကြည်ကြာပင်သူ
ကြီး ငရွှေပုကိုအပ်။
(တင်စို)

ရွှေတိုက်ဝန် ရွှေတိုက်စိုး ရွှေတိုက်ကြပ် ရွှေတိုက်စာရေး တို့၊ ရေကြည်ကြာပင်နယ် တွင်း တောင်များ တွင် ဘော် ကျောက် တော်တူး ရာဘိုး တော်ကြီး နတ်၊ ဘွား တော်ကြီး နတ်၊ ငွေ တောင်သူနတ်များ ကိုထုံး စံရှိသည်အတိုင်း တင်ကြား ပသ ရန်တကျွန်စက်အနား ပါပုဆိုး ၁၊ ငှင်း စက်အနား ပါထဘီ ၂၊ တဘက် ၁ များ ကို သက္ကရာဇ် ၁၂၁၈ ခုနှစ် တော်သလဆန်း ၅ ရက် နေ့ဘွား ဘက် ကျော်တို့ထုတ်ယူလာလျှင် မှတ်သား ပေး ရမည်။

1 December 1856

(သက္ကရာဇ်) ၁၂၁၈ ခုနှစ် တော်သလဆန်း ၅ ရက် နေ့ဘွား ဘက် ကျော်င ရွှေ ကိုစာအပ်ထုတ်ယူ စေပြီး လျှင်ငှင်း နေ ရေကြည်ကြာပင်သူကြီး အပ်ရသည်။

(တင်စါစု)

ရခိုင်ပုဏ္ဏား ငရာမသည် ဗေဒင်မှုစကား ပြောဆိုရန်ရှိလျှင် ဗေဒင်ကျမ်း ပါ ရှိသည့်အတိုင်း ပြောဆိုရမည်ကို နေ့ရက်အခေါ်အဝေါ်အပိုင်း အခြား မှစ၍အ များ နှင့်မတူအလိုရှိရာကြံ (စီ) ပြောဆို ကြောင်း နှင့် ရွှေနား တော်မြတ်ကြား သိ တော်မူသည်၊ သင်း စကား ကိုအမှီပြု၍ မဟုတ်မမှန်ဆင့်ကဲပွါး များ ရှိသည်၊သင်း ကိုသစ် တော်သို့ပို့။

7 December 1856

(သက္ကရာဇ်) ၁၂၁၈ ခုနတ်တော်လဆန်း ၁၁ရက် နေ့နား ခံစ မြွောင် မှူး ထွင်ပြန်။

( အောင်ငြိမ်း စါစု )

သာသနာပြုဆရာတော်ကရနိုင်ပုဏ္ဏား ရာမကိုအပြစ်အလျှောက်သစ်တော်သို့ပို့ရာဇဝတ်တော်ပေး၍ရှိသည်မှာခံဋ္ဌိပါရမီကိုဖြည့်ကျင့်တော်မူသည်နှင့်အညီတကြိမ်တခါကျူး လွန်ပြောဆိုမိသည်အမှုကိုအဘယ်ဒါနကုသိုလ်တော်ကိုရည်၍ဘေး မဲ့ချမ်းသာပေး တော်မူပါမည့်အကြောင်း နှင့်မေတ္တာရပ်ခံချက်အတိုင်း သစ်တော်ပို့ရာဇဝတ်ကိုချမ်းသာပေး တော်မူသည်၊ ချမ်းသာစေ။

8 December 1856

(သက္ကရာဇ်) ၁၂၁၈ ခုနတ်တော်လဆန်း ၁၂ ရက်နေ့နံနက်ပြေ ၁ ချက်ကြီးမှူး မင်းလှမင်း ကျော်ထွင်ပြန်။

( အောင်ငြိမ်းစါစု )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ မိန့် တော်ရှိသည်၊ ဇေယပူရစကိုင်း မြို့စောင့်နတ်၊သောတာပန်နတ်မှစ၍စကိုင်း မြို့နယ်တွင်း တော တောင်ကြည်း ရေ စောင့် နေကုန် သော နတ်အပေါင်း တို့၊ ငါအ သျှင်ကေရာဇ်မင်း မြတ်သည် ရှေး ဘုရား အလောင်း မင်း ကောင်း မင်း မြတ် တို့ကဲ့သို့ ရာဇဓမ္မ စ သော မင်း ကျင့်တရား အပေါင်း တို့ကိုဖြည့်ကျင့်ရွက် ဆောင် တော်မူလျက် ဘေး တော်ဘုရား ခမည်း တော်ဘုရား တို့၏အဆိုက်အရာ တော်ဖြစ် သော ရွှေထီး ရွှေနန်း တိုင်း ကား နိုင်ငံအပေါင်း ကိုသိမ်း အုပ်စိုး စံ တော်မူ၍ သာသနာ တော်စည်ပင်ပွင့်လင်း ကြောင်း တိုင်း နေပြည်သူ ရှင်လူသတ္တဝါအပေါင်း တို့ချမ်း သာ စေခြင်း အကြောင်း များ ကိုအထူး သဖြင့်ချီး မြှင့်ကြည့်ရှု ဆောင်ရွက် တော်မူသဖြင့်နိုင်ငံ တော်အတွင်း ရွှေတွင်း ရွှေ တောင် ငွေတွင်း ငွေ တောင်စ သော ရတနာမျိုး အပေါင်း တို့ ပေါက် ရောက် ပေါ်ရှိခြင်း ရဟန်း ရှင်လူပြည်သူ သတ္တဝါအပေါင်း တို့ချမ်း သာသုခရခြင်း စသဖြင့်ရွယ်ရည် တော်မူသမျှသည်အလို တော် အတိုင်း ပြီး ပြည့်စုံရသည်ချည်း ဖြစ်သည်၊ စကိုင်း မြို့နယ်တွင်း ပေါ်ရှိသည့်ငွေရတ နာစစ်ဖြစ်စေတတ် သော ဘော် ကျောက်များ ကိုတူး ဘော်ချက်လုပ် စေသည်၊ နတ် မြတ်တို့အား လည်း အပရိဟာနိယတရား နှင့်အညီတင်ကြား ပသမြဲအဘွယ်အရာတို့ ဖြင့်တင်ကြား ပသ တော်မူသည်၊ စေခန့် တော်မူသည့်အမှုထမ်း ကျွန် တော်မျိုး တို့ ကိုဆူး ငြောင့်ခလုတ်သစ်ငုတ်မှစ၍တစုံတရာ ဘေး အန္တရာယ်အဖွန်း အငြိအထိအ ခိုက်မရှိ စေရ၊ နိုင်နင်း အောင်တား မြစ် စောင့် ရှောက်လျက်အလို တော်အတိုင်း ပြီး ပြည့်စုံ စေလွယ် ကြောင်း ကို ကောင်း သောကြည့်ရှု စောင်မခြင်း ဖြင့် စောင် မကြည့်ရှု၍ ငါ့အမှု တော်ကိုထမ်း ရွက်ကြရမည်။

သက္ကရာဇ် ၁၂၁၈ ခုနတ် တော်လဆန်း ၁၂ ရက် နေ့သူရဲဝန်လှုင်ရိတ်ကို၎င်း (8 December 1856) နတ်အမိန့် တော်ကို ရေး သား အပ်ရသည်။

( တင်စါစု )

ဘောင်စာရေး ဘောင်ခေါင်း တို့ရှိနိုး သံတော်ဦး တင်ချက်အတိုင်း ဘောင် အစုအမှုထမ်း လူ ၆၉ တို့ကိုပန်းဘဲ ကြေးသွန်း လှေလုပ် ရွှေတိုက်လက်သမား တို့စား ရင်း မြောင်လှမြို့နယ်တွင်း ရှိနွား တက်ဆည် ရေ သောက်စည်တီး ဝန်တော်ရွက် ခေါလယ် ၁၅၊ ချေမော် ခေါလယ် ၁၀၊ အုတ်တံတား ခေါလယ် ၃၊ ခါး တက်ချင် ခေါလယ် ၁၅၊ ထန်း တော်ပုံ ခေါလယ် ၃၅၊ ပျည်း မနား မြို့နယ်တွင်း ရှိကျီးမည်း ဆည် ရေ သောက် ကောက်ကသာတီ ခေါလယ် ၁၀၊ မြင်း ခုန်တိုင်မြို့နယ်တွင်း ရှိကျီး မည်း ဆည် ရေ သောက်သိုတံ ခေါလယ် ၁၀၊ မြင်စိုင်း မြို့နယ်တွင်း ရှိငမြောင်ဆည် ရေ သောက်စည်တီး ခေါလယ် ၁၀၊ ပန်း ဆွဲ ခေါလယ် ၆၊ ယင်း ဆွဲဆည် ရေ သောက် ကန်ရာ ခေါလယ် ၆၊ စည်မား ခေါလယ် ၅၊ စုစုလယ် ၉၃၂ ကိုအစား သနား တော်ခံ စေ၊ ပရပတ်အမှုထမ်း လူတို့ကိုဝန် ထောက် ဘောင်ဝန်မြို့သစ်မြို့စား မဟာမင်း ထင်သီဟသူကအုပ်ထိန်း စေ။

20 December 1856

သက္ကရာဇ် ၁၂၁၈ ခုနတ်တော်လပြည့်ကျော် ၉ ရက်နေ့နား ခံပြော့ကြီး မှူး တွင်ပြန်။

( တောင်ခွင်စာစု )

ပုဏ္ဏား ပညာရှိစုံး မြို့စား မဟာသီရိပဏ္ဍိတဓမ္မရာဇဂုရုရှစ်ခိုး သံတော်ဦး တင်ချက်အတိုင်း ညီကစ္စနကိုပညာရှိအာရနှင့်ငင်ထွက်ခဲ့စား ထမ်း ရွက်မြဲထမ်း ရွက်စေ။

(သက္ကရာဇ်) ၁၂၁၈ ခုပြာသိုလပြည့်ကျော် ၁ ရက် နေ့နား 10 January 1857 ခံ ပြေ့ကြီး မှူး ထွင်ပြန်။

(အောင်ငြိမ်း စာစု)

ပညာရှိအဝေး ကျီဝန်မဟာနန္ဒသကြိန်၊ ကံနီမြို့ဝန်မဟာသီရိသင်္ခယာ၊ ပညာရှိ နာရီမှူး ဆင်တဲရွာစား မင်းလှသီရိစည်သူ၊ ကျော်စဉ်ရွာစား နေမျိုး ဓမ္မ ရာဇသကြိန်၊ ပုဏ္ဏား ပညာရှိစုံး မြို့စား မဟာသီရိပဏ္ဍိတဓမ္မရာဇဂုရု၊ သီရိ ပဏ္ဍိတမဟာဓမ္မရာဇဂုရု၊ မဟာသီရိပဏ္ဍိတရာဇဂုရုတို့က သမ္ပတ္တိစက် လေး ပါး တွင်ပဋိရူပဒေသဝါသ သမ္ပတ္တိစက်ကို ရသဖြင့် ရန်အပေါင်း ကို အောင်မြင်ပြီး စီး မြဲဖြစ် ကြောင်း သိဒ္ဓတ်မင်း သား ဘုရား ဖြစ်အံ့ဆဲဆဲတွင်သဗ္ဗညုတဉာဏ် တော်၏ ပွင့်လင်း ရာအပ္ပရာဇိတ မြေအရပ်သို့ကပ် တော်မူခြင်း စသဖြင့်အရပ်ဒေသကို ရွေး ချယ်စံနေ တော်မူ ကြောင်း များ ကိုသာသနာဝင်ကျမ်း ဂန်လာရှိသည်နှင့် အညီမန္တလေး အရပ်သည် မြေအပြင်စည်မျက်နှာကဲ့သို့ထက်ဝန်း ကျင်ညီညွတ်ခြင်း ၊ရေ လက်ယာရစ်လည်၍ စီး ခြင်း စ သောဂုဏ်အထူး ရှိသဖြင့်ဇမ္ဗူဒီပကျွန်း အပြင်၌အလွန် ရခဲသော ဇေယျဘူမိအစစ်ဖြစ်ပါသည်၊ သာသနာ တော် ၂၄၀၀ ရောက် သောအခါ [1856] မန္တလေး အရပ်၌ရတနာပုံပြည်ကြီး ဖြစ်လတံ့၊ ခြင်္သေ့နံမင်း အစတည် ထောင်စံ နေ၍သား တော် မြေး မြစ်အဆွန့်ရှည်စွာသာသနာ တော်စည်ပင်ပြန့်ပွါး အံ့စ သောသိုက်ဓါတ်သမိုင်း စာ ဟောင်း စာတမ်း များ စွာလာရှိခြင်း ၊ စနည်း တ ပေါင်နှုတ်မင်္ဂလာသြဘာတြင်း အထွက်အရ ကောင်း မြတ်ခြင်း၊အံ့ဘွယ်အ ပေါင်း နှင့် ပြည့်စုံ သော မင်း ကောင်း မင်း မြတ်တို့စံ နေ တော်မူရာ မဟာနဂရတည်ရပ် မြေ မြတ်ဦး စွန်း ဖြစ်၍သာသနာ တော် ၂၄၀၀ ကောဇာသက္ကရာဇ် ၁၂၁၈ ခုနှစ် [1856] အတွင်း မန္တလေး အရပ်၌မြို့ရာနန်း ချင်း ပြီး လျှင်သက္ကရာဇ် ၁၂၂၁ ခုနှစ် [1859] ကောင်း မြတ် သောအခါ တော်၌မြို့ တော်နန်း တော်တည် ထောင်စံ နေ တော်မူလျှင်ဘုန်း တော် ကြီး ခြင်း ၊ သက် တော်ရှည်ခြင်း ၊ ရန်အ ပေါင်း ကို အောင်မြင် တော်မူခြင်း စ သောအကျိုး ထူး အ ပေါင်း နှင့်ပြည့်စုံ၍အလုံး စုံသင့်မြတ်ပါမည်အ ကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်သည်၊ မြို့နန်း တည် ထောင်မည့်အရာသည်သာသနာ ရေး ၊ လော က ရေး နှစ်ပါး ဖြစ်သည်၊ သာသနာ တော်မြတ်အကျိုး စီး ပွါး ဖြစ်ထွန်း လျှက်ပြည်သူ သတ္တဝါအ ပေါင်း တို့ချမ်း သာစီး ပွါး များ ခြင်း သာအရင်း မူလဖြစ်သည်ကို ထောက် ၍သင့်မသင့်များ ကိုဆရာ တော်သံဃာ တော်မင်း ညီမင်း သား မှူး တော်မတ် တော်တို့နှင့် ဆွေး နွေး နှိုင်း ရှည် တော်မူရာသာသနာပြုဆရာ တော်ကြီး နှင့်

တံဆိပ်တော်ရဆရာတော်သံဃာတော်တို့က မန္တလေး ပြည်ကြီး ဖြစ်ထွန်း မည်ကို ဗုဒ္ဓကောလါဟလ စက္ကဝတ္တိကောလါဟလ စသော ကောလါဟလ နှစ်ပါး ကဲ့သို့ကာလအရှည်က ကျော်စောထင်ရှား ကြောင်း ရွှေဘုရား တို့လက်ထက်မြို့နန်း တည်ရာဖြစ်၍ ကပ္ပိလရှင်ဂရသေ့သင်ခမ်း ရာ မြေကဲ့သို့ဘူမိနက်သံ မြေကြန်မင်္ဂလာရှိသော မြေထူး မြေမြတ်ဖြစ်သည်အတိုင်း မန္တလေး အရပ်နှိုက်မြို့နန်း တည် ထောင်စံနေ တော်မူလျှင်သာသနာ စည်သိုက်ဖျာဒိတ်ဝင်မင်း ကေရာဇ်ဖြစ်၍သာသနာတော် မြတ်အစီး အပွါး ပြည်သူသတ္တဝါအပေါင်း တို့အကျိုး စီး ပွါး များ မည်အကြောင်းများ ကိုသာသနာဝင်ကျမ်း လာစကား လောကီသိုက်ဓါတ်နိမိတ်အထောက်အထား များ နှင့်တကွ ပညာရှိတို့နှင့် မကွဲမပြား တညီတညွတ်စာဆက်သွင်း ချက်အတိုင်း မန္တလေး အရပ်၌မြို့နန်း တည် ထောင်စံနေ တော်မူမည်မြို့ရာနင်း ချင်း ရန်မှစ၍အခမ်း အနား ခန့်ထား စီရင်ရန်ရှိသည်များ မှာ (သက္ကရာဇ်) ၁၁၄၄ ခုနှစ်ဘေား 1782 တော်ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး ဘုရား အမရပူရမြို့တော်နန်း တော်တည် တော်မူရာလုပ် ဆောင်ခန့်ထား သည့်အခမ်း အနား စာတမ်း စာရင်း များ နှင့်ညှိနှိုင်း ၍ ဝန်တို့ကပြီး ပြေ အောင်ခန့်ထား စီရင်၊ စာရင်းကို လည်း သွင်း ၊ မြို့တော်နန်း တော်မှစ၍အရပ်ရပ်အလုပ်အဆောင်ရန်များ မှာ ပြည်သူဆင်း ရဲသား တို့အား အထိအပါး အခန့်အထား မရှိစေနှင့်၊ ငွေ တော်ထုတ် ပေး လုပ်ဆောင်စေ၊ မန္တလေး ရွှေမြို့တော်တည် ထောင် တော်မူမည်မှာ မဟာဌာဝရကြီး ဖြစ်သည်၊ မြို့ရာနင်း ချင်း ကြည့်ရှုရန်အခါမှစ၍ ကောင်း မြတ်သော အခါနေ့ရက်ကိုလည်း ပညာရှိတို့က ရွေး ချယ်ဆက်သွင်း စေ။

13. January 1857

သက္ကရာဇ် ၁၂၁၈ ခုပြာသိုလပြည့်ကျော် ၄ ရက်နေ့နား ခ ပြော့ကြီး မှူး မင်း လှမင်း ကျော်ထွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၂၁)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအရှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ သကြား စတု လောကပါလ်သမား ဒေဝနတ်၊ ရုက္ခစိုး ဘုမ္မစိုး အာကာသစိုး နတ် ကောင်း နတ်မြတ်တို့နှင့် ဘော်တွင်း ဘော် စောင့်နတ်မှစ၍ ဘော်တွင်း တော်နယ် မြေ ကျေး ရွာ စောင့် နေကုန် သော နတ်အ ပေါင်း တို့၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည်အာ ဒိစ္စ ဝံသသကျသာကီယအ စစ်ဖြစ် တော်မူသည်နှင့်အညီ ရှေး ဖြည့်ဆည်း ဘူး တော်မူအပ် သော ပါရမီ တော်လျှံ့ ဆော်တိုက်တွန်း အပ်သည်ဖြစ်၍မြတ် သော မင်း အဖြစ်သို့ ရောက် တော်မူလျှင်သာသနာ တော်မြတ်အကျိုး စီး ပွါး ၊ ရဟန်း ရှင်လူပြည်သူသတ္တဝါအ ပေါင်း တို့အကျိုး စီး ပွါး များ မည်အ ကြောင်း ရှေး အ လောင်း အလျာ စကြာ မန္ဓာတ်မင်း တို့ကျင့်ထုံး ဖြစ် သော ရာဇဓမ္မတရား အ ပေါင်း ကိုအထူး သဖြင့်ဖြည့်ကျင့်ရွက် ဆောင် တော်မူ၍ နိုင်ငံ တော်အတွင်း ရွှေတွင်း ရွှေ တောင် ငွေတွင်း ငွေ တောင်စ သော ရတနာ မျိုး အ ပေါင်း တို့ ပေါက် ရောက် ပေါ်ရှိခြင်း ၊ ပြည်သူသတ္တဝါတို့ချမ်း သာသုခရခြင်း စသဖြင့်ရည်ရွယ် တော်မူသမျှ သည်အလို တော်အတိုင်း ပြီး ပြည့်စုံ ရသည်ချည်း ဖြစ်သည်၊ နတ်မြတ်တို့အား လည်း အပရိဟာနိယတရား နှင့်အညီတင်ကြား ခြင်း အဘွယ်အရာတို့ဖြင့်တင်ကြား ပသ တော်မူသည်၊ ပြည်သူသတ္တဝါအ ပေါင်း တို့အလွန်ချမ်း သာ စေ ကြောင်း ကိုရည် တော်မူလျက် ငွေရတနာစစ်ဖြစ် စေတတ် သော ဘော်တွင်း တော်ရှိ ကျောက် တော်များ ကိုတူး ဘော်ချက်လုပ် စေသည်ဖြစ်သည်၊ စေခန့် တော်မူသည့် ဘော်တူး ဘော်ချက်အကြီး အကြပ်ကျွန် တော်မျိုး အမှုထမ်း တို့ကိုဆူး ငြောင့်ခလုတ်သစ်ငုတ်မှစ၍တစုံတရာဥပဒ် ရောဂါဘေး အန္တရာယ်အထိအခိုက်အ နှောက်အရှက်အ ချောက်အလှန့်အကန့်အကွက် မရှိစေရ၊ နိုင်နင်း အောင်တား မြစ် စောင့် ရှောက်လျက်အလို တော်အတိုင်း ကြံရည် တော်မူသမျှပြီး ပြည့်စုံလွယ်မည့်အ ကြောင်း ကို ကောင်း သောကြည့်ရှုစောင်မခြင်း ဖြင့် စောင် မကြည့်ရှု၍ ငါ့အမှု တော်ကိုထမ်း ဆောင်ကြရမည်။

19 January 1857

သက္ကရာဇ် ၁၂၁၈ ခုပြာသိုလပြည့်ကျော် ၁၀ ရက် နေ့၄င်း နတ်အမိန့် တော်ကို အလွှာနှင့် ရေး သား ပြီး လျှင် လောင်ရှည်မြို့စား အတွင်း ဝန်မင်း ၊ ဗန်း မော် အတွင်း ဝန်မင်း ၊ ရေနံ ချောင်း မြို့စား အတွင်း ဝန်မင်း တို့မိန့်ချက်နှင့် ဘော်

ထွင်း ဝန်စာရေး င ရောက်သို့ ပေး အပ်သည်။

( တင် စါစု )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ မိန့် တော်ရှိသည်၊ သကြား စတု လောကပါလာသာသနာ တော် စောင့်၊ သမာ ဒေ ဝ၊ ဆဒ္ဒိသာပါလ၊ ယက္ခ သေနာ ပတိနတ်၊ မိုး နတ်၊ လေနတ်၊ အသူရိန်၊ မဏိ မေခ လာ၊ အာကာသစိုး ၊ ဘုမ္မစိုး ၊ ရုက္ခစိုး စ သော နတ် ကောင်း နတ်မြတ်အ ပေါင်း တို့နှင့် တောင်ပြုံး နတ်၊ အောင်ပင်လယ်ကန် တော် စောင့်နတ်၊ နန္ဒာကန် တော် စောင့်နတ်၊ ရန်ကင်း တေါင် စောင့်နတ်၊ မန္တလေး ရွှေ တောင်ကို စောင့် သေါ ဘိုး တော်ကြီး နတ်မှစ၍သုံး ဆယ့်ခုနစ်ပါး သော နတ်၊ ရွှေမြို့ တော်ကြီး တည်ရာ တော တောင် ရေ မြေ စောင့် နေကုန် သော နတ်အ ပေါင်း တို့၊ ငါအသျှင်ဧကရာဇ် မင်း မြတ်သည်အာဒိစ္စဝံသအသမ္ဘိန္နသက္ကျသာကိယ နေနတ်နွယ်မျိုး နန်း ရိုး အစစ် ဖြစ် တော်မူသည်နှင့်အညီ ဘေး တော်ဘုရား ခမည်း တော်ဘုရား တို့အရိုက်အရာ တော်ဖြစ် သောအမရပူရ ရွှေမြို့ တော်ကြီး ရွှေထီး ရွှေနန်း တိုင်း ကား နိုင်ငံအ ပေါင်း ကိုတရား သဖြင့်သိမ်း အုပ်စိုး စံစမွှယ် တော်မူ၍သာသနာ တော်မြတ်အစီး အပွါး ရဟန်း ရှင်လူပြည်သူသတ္တဝါအ ပေါင်း တို့အကျိုး စီး ပွါး များ စေ ကြောင်း ကို ကောင်း မြတ် သောသမာဆန္ဒဥဿဟဖြင့်ထိန်း သိမ်း စောင့် ရှောက် တော်မူသည်၊ သာသနာ တော်၂၄၀၀ ရောက် သောအခါမန္တလေး အရပ်နိုက်ရတနာပုံပြည်ကြီး [1856] ဖြစ်လတံ့ဟူ၍ ငင်း ၊

မန္တလေး ပြည်ရွှာတည် သောအခါရာဇာမင်း တက်မင်း ၊ သတင်း သီလဒါ
နမကင်း စောင့်မြဲခြင်း ၊ ဗိုလ်လူခပင်း ချမ်း သာခြင်း ၊ မယွင်း ထိုခါ
ဖြစ်လိမ့်တည်း ၊ ရှေး ထက်ထိုခါသာသနာထိန်ဝါဝင်း ၍ တောက်လတံ့၊

စသဖြင့်ဗျာဒိတ်စကား သကြား ဂဝံပ တော့ရ သေ့သူမြတ်တို့ထား ခဲ့ သောသိုက်ဓါတ် နိမိတ်များ စွာလာ ရှိသည်နှင့်အညီမန္တလေး အရပ်နိုက်မြို့နန်း တည် ထောင်စံ နေ တော်မူပါမည့်အ ကြောင်း နှင့်ပညာရှိတို့ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း မြို့ တော် နန်း တော်တည် ထောင်စံ နေ တော်မူ မည်သက္ကရာဇ်၁၂၁၈ခုတပို့တွဲလဆန်း ၈ရက် [1 February 1857] နေ့ ကောင်း မြတ် သော မင်္ဂလာအခါ တော်နိုက် ရွှေမြို့ တော်ကြီး တည် ထောင် တော် မူရာ မြေအပြင်ကို တော်အုံခုတ်ထွင်သန့်ရှင်း ပြင်ဆင်ညီညွတ် စေသည်၊ နတ်မြတ်တို့

အားလည်း တိုင်းကြီး ပြည်ကြီး ထုံး ဓလေ့ရာဇပြကတေ့ဖြစ်သောအပရိဟာနိယ
တရားနှင့်အညီတင်ကြွား ပသမြဲတန်ဆောင်း၊ စင်ရှင်၊ ဖျင်ဖြူ၊ ဖျင်နီ၊ အုန်း၊
ကြံ၊ ငှက်ပျော၊ ထမင်း၊ မုန့်၊ ယို၊ အချို၊ အချဉ်၊ ဘောဇဉ်ရသာ၊ ဆီမီး၊ တန်
ဆောင်၊ သီးမျိုး၊ ပွင့်မျိုး၊ အခိုး၊ အထုံ၊ အထူးထူး သောအဘွယ်အဂ္ဂါနံတ်ရကာ
တို့ဖြင့်ပဉ္စင်တူရိယာအစုံအလင်သဘင်ပွဲလမ်း ဖြစ်စေလျက်တင်ကြွား ပသပူဇော်
တော်မူသည်၊ နတ်မြတ်တို့သည်သာသနာတော်မြတ်အစီးအပွါး၊ ကိုယ်တော်မြတ်အ
စီးအပွါး၊ သားတော်အစဉ် မြေးတော်အဆက်မြစ်တော်အညွန့်အဖွန့်ရှည်စွာ
ရဟန်း ရှင်လူပြည်သူသတ္တဝါအပေါင်းတို့အစီးအပွါးများ စေကြောင်း၊ ရွှေမြို့
တော်ကြီး ရွှေထီး ရွှေနန်း စိုက်ဆောက်တည် ထောင်တော်မူသည့်မဟာဌာဝရ
ကြီး အလျှင်ပြီး စေကြောင်း၊ ဘုန်းတော်ကြီး ၍သက်တော်ရာကျော်ရှည်တော်
မူလျက်ဆင်ဖြူရတနာသမီး ကညာများစွာရောက်ကြောင်း၊ တရာထီး ဆောင်း
မင်း အပေါင်း တို့ပျပ်ဝပ်ကျိုး နွံ့ရိုသေစွာသစွာ တော်မြတ်ကိုခံ သောက်ကုန်လျက်မ
ဏိဇောတရသပတ္တမြား ရတနာကဲ့သို့ကြွရည်တော်မူသမျှသည်အလိုတော်အတိုင်း ပြည့်
စုံ အောင်မြင် စေကြောင်း ကို ကောင်း သောမစကြည့်ရှုခြင်းဖြင့်မစကြည့်ရှုကြသည်
ဖြစ်စေသော်။
(တင် စါစု)

ပုဏ္ဏား ပညာရှိစုံး မြို့စား မဟာသီရိပဏ္ဍိတဓမ္မရာဇဂုရု၊ မဟာသီရိပဏ္ဍိရာဇဂုရုတို့ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ညီသား ဆွေမျိုး တို့ကိုအုပ်ထိမ်း၍ဘိသိက်တော်ဆက်ရှစ်ပါး ပုဏ္ဏား တို့နည်း ဘိသိက်တော်ကိုဆက်သဖြဲဆက်သထမ်း ရွက် စေ။

25 March 1857

သက္ကရာဇ် ၁၂၁၈ ခု နှောင်း တန်ခူး လဆန်း ၁ ရက် နေ့နား ခံ ပြော့ကြီးမှူး ထွင်ပြန်။

( အောင်ငြိမ်း စါစု )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ သုံး ဆယ်မြို့၊ သီ ပေါမြို့၊ ရပ် စောက်မြို့နယ် မြေ ကျေး ရွာ တော တောင် စောင့် နေကုန် သော နတ်အ ပေါင်း တို့၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည် ရှေး ဖြည့်ဆည်း ဘူး တော်မူအပ် သော ပါရမီပုညသမ္ဘာရ တော် ကြောင့်မြတ် သော မင်း အဖြစ်သို့ ရောက် တော်မူလျှင်အလုံး စုံ သော ရာဇဓမ္မတရား အ ပေါင်း တို့ကို ဖြည့်ကျင့်ရွက် ဆောင် တော်မူလျက်အမရပူရ ရွှေပြည် တော်ကြီး နှင့်တကွ ရွှေထီး ရွှေနန်း တိုင်း ကား နိုင်ငံအ ပေါင်း ကိုစိုး အုပ် တော်မူ၍သ သနာ တော်မြတ်အကျိုး စီး ပွါး သား တော်အစဉ် မြေး တော်အဆက်မြစ် တော်အညွန့်အစွန့်ရှည် စွာတိုင်း ကား ပြည်ရွာ စည်ပင်သာယာ ပွါး များ စေခြင်း အ ကြောင်း ရှေး ဘုရား အလောင်း မင်း ကောင်း မင်း မြတ်တို့ကဲ့သို့ ဒါနသီလစ သော ပါရမီတို့ကိုဖြည့် တော်မူ၍ဆုထူး ဆုမြတ်ကိုပန်ဆင် တော်မူသည်နှင့်အညီအသုံး တော်အ ဆောင် တော်ရှိသည် များ ကိုလည်း ပြည်သူဆင်း ရဲသား တို့အား မထိမပါး စေရ၊ ဘဏ္ဍာ တော် ငွေ တော် ထုတ် ပေး သုံး ဆောင် တော်မူသည်၊ သတ္တဝါတို့အစီး အပွါး ရှိရာ တော်မူ သော ကြောင့် ရည်ရွယ် တော်မူသမျှသည်အလို တော်အတိုင်း ပြည့်စုံ ပြေကုန်ရသည်ချည်း ဖြစ်သည်၊ သုံး ဆယ်မြို့၊ သီ ပေါမြို့၊ ရပ် စောက်မြို့နယ် မြေ ကျေး ရွာ တော တောင်ရှိသစ် တော်ချ ဆောင်ရန်လမ်း ခရီး မ ပေါက်ရှိသည်ကို ပေါက် ရောက်သွား သာလွယ် အောင်တခဲ နက် သော ကျောက်တို့ကိုတူး ဖြို ဘောက်ခွဲ မြောင်း ပြုလုပ် စေသည်၊ စေခန့် တော်မူ သည်၊ နတ်မြတ်တို့အား လည်း ရှေး အစဉ်တင်ကြား ပသမြဲအဘွယ်အရာတို့ဖြင့်တင် ကြား ပသ တော်မူသည်၊ စေခန့် တော်မူသည့်ကျွန် တော်မျိုး တို့ကိုတစုံတရာ ဘေး အန္တရာယ်အစွန်း အငြိအထိအနှိုက်မရှိ စေရ၊ နိုင်နင်း အောင်တား မြစ် စောင့် ရှောက်လျက် မြောင်း တူး ဘောက်ပြီး လွယ် စေ ကြောင်း ကောင်း သောကြည့်ရှု စောင်မခြင်း ဖြင့်ကြည့်ရှု စောင်မသည်ဖြစ်၍အလို တော်အတိုင်း အမှု တော်ပြီး ပြေကုန်တွင်လွယ် အောင် ကောင်း စွာကြည့်ရှု စောင်မကြရမည်။

၄င်း အမိန့် တော်ကိုသံ တော်ဆင့် ရွှေပြည်လယ် တော်အုပ်မင်း စ်ကုံး ရေး သား ၍

3 April 1857

(သက္ကရာဇ်) ၁၂၁၈ခု (နှောင်း )တန်ခူး လဆန်း ၁၀ရက် နေ့မြင်း စုကြီး၀န်

ဝန်စာရေး မောင်ဘိုး သို့စာလွှာနှင့်ရေး၍အပ်သည်။
(တင်စါစု)

သံတော်ဆင့်ရွှေပြည်လယ်တော်အုပ်မင်းကြား ရောက်လိုက်သည်ရတနာသိင်္ချမြို့အုပ်မင်း၊ တောင်တင်ရွာအုပ်ငမှိုင်း ရွာနေလူတို့နှင့်ဟန်လင်းမြို့နေငဘီတို့မှာ မြေရာအမှုစကားကို ရွှေတိုက်မှာ လျှောက်ထား ပြောဆိုကြရါဆိုရါလူတို့ဖြန်ဖြေစီရင်ခွင့်နှင့်ပြီး ပြေရှိကြသည်၊ နောက်ရွာသို့ရောက်လျှင်ဆင်း ရဲနွမ်းပါးအင်အားနည်း မည့်ကျေး ရွာဖြစ်၍အရာရာမျိုးကိုမစရင်း ရှိသည့်အတိုင်း တိုး၍ကြည့်ရှုမစမည့်အကြောင်းကြား ရောက်လိုက်သည်မြို့အုပ်မင်း ။

(သက္ကရာဇ် ၁၂၁၈ ခုနှောင်းတန်ခူးလဆန်း ၁၀ ရက်နေ့) (3 April 1857)

(တင်စိုး)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ကြူး ဝန်း ကျွန်း လှဆည် တော် စောင့်နတ်မှစ၍ အောင်ပင်လယ် နန္ဒာကန် တော်နယ် မြေ တော တောင် စောင့် နေကုန် သော နတ်အ ပေါင်း တို့၊ ငါ အသျှင်ဧကရာဇ်မင်း မြတ်သည် ဘေး တော်ဘုရား ခမည်း တော်ဘုရား တို့အရိုက် အရာ တော်ဖြစ် သော ရွှေထီး ရွှေနန်း တိုင်း ကား နိုင်ငံ တော်အ ပေါင်း ကိုတရား သဖြင့်သိမ်း အုပ်စိုး စံ တော်မူသည်၊ သာသနာ တော်စည်ပင်ပွင့်လင်း ကြောင်း ပြည်သူသတ္တဝါအ ပေါင်း တို့ချမ်း သာ စေ ကြောင်း များ ကိုလည်း အထူး သဖြင့်ကြည့် ရှုဆောင်ရွက် တော်မူသည်၊ ရည်ရွယ် တော်မူသ မျှသည်အလို တော်အတိုင်း ပြီး ပြေ ကုန်တွင်ရသည်ချည်း ဖြစ်သည်၊ ဘေး လောင်း တော်ဘိုး လောင်း တော်တို့ဆည် ဘို့ပြုစု တော်မူသည့် ရွှေပြည် တော်အ ရှေ့မျက်နှာ အောင်ပင်လယ်နန္ဒာကန် တော် ဝင်ကြူဝန်း ကျွန်း လှဆည် တော် မြောင်း တော် ရေစီး ရေလာတိုး ၍ ဖြောင့်မတ် ကောင်း မွန်သဖြင့်ကန်တွင်း ကန် အောက် ရေ သောက်လယ်ပယ်အများ လုပ် ဆောင် ရလျက်သတ္တဝါအ ပေါင်း တို့အကျိုး စီး ပွါး များ စေခြင်း ငှါကြေး တော် ငွေ တော် ထုတ် ပေး တော်မူ၍ပြုပြင်ဆင်ထူး ယက်ဆည်ဘို့ တော်မူသည်၊ နတ်တို့အား လည်း အပ ရိဟာနိယတရား နှင့်အညီ ရှေး အစဉ်တင်ကြား ပသမြဲအဘွယ်အဂါတို့ဖြင့်တင်ကြား ပသ တော်မူသည် စေခန့် တော်မူသည့်ကျွန် တော်မျိုး တို့ကိုတစုံတရာ ဘေး အန္တရာယ် အဖွန်း အညှိအထိအပါး မရှိ စေရ၊ နိုင်နင်း အောင်တား မြစ် စောင့် ရှောက် လျက်အလျှင်အမြန်ပြီး ပြေလွယ် ကြောင်း ကို ကောင်း သော စောင်မကြည့်ရှုခြင်း ဖြင့်ကြည့်ရှု စောင်မကြရမည်။

၄င်း အမိန့် တော်ကိုသံ တော်ဆင့် ရွှေပြည်လယ် တော်အုပ်မင်း လှသိခ်သူ စီကိုး ၄င်း 12 April 1857
သား ၍ (သက္ကရာဇ်) ၁၂၁၈ခု ( နှောင်း )တန်ခူး လပြည့် ကျော် ၄ရက် နေ့ အောင်ပင်လယ်လမိုင်း စာရေး ဦး မောင်၊ ဦး ပိုက်တို့ကိုအပ်။

(တင်စါစု)

သာသနာပြုဆရာတော်ဘုရားကြီး အမိန့်ရှိသည်မှတ်သားချက်ဘုရား
18 April 1857
သက္ကရာဇ် ၁၂၁၉ ခုတန်ခူးလပြည့်ကျော် ၁၀ ရက်နေ့ ပင်းယရွှေစည်းခုံဘုရား ဝတ်တော်နယ်မြေပုံစံ ကျောက်တိုင်စိုက်ရန်များကို ဝန်ရှင်တော်မကွေးမြို့စား မင်းကြီး ဝန်ထောက်တော် ဘောင်ဝန်မြို့သစ်မြို့စား မင်းတို့အစုံအညီပြုသစီရင်ခံရာ သာသနာပိုင်ဆရာတော်ဘုရားကြီးထံ ကျောက်တိုင်စိုက်ရန်စကားကိုစစ်တမ်းပုံစံကျောက်စာများနှင့် လျှောက်ထားရှင်းလင်းရမည်ဆင့်ဆိုသောကြောင့်
18 April 1857
(သက္ကရာဇ် ၁၂၁၉ ခုတန်ခူးလပြည့်ကျော် ၁၀ ရက်) နေ့ည နေ ၃ ချက်တီး ကျော်အချိန်ကျောင်းတော်သို့သွား၍ ကျောက်စာစစ်တမ်းပုံစံများကိုဘတ်လျှောက်ပြသပြီးလျှင် ကျောက်တိုင်စိုက်ရန်စကား လျှောက်ထားရာ ကျောက်စာထွက်ရှိသည်အတိုင်း နွားလည်းတောင်ငယ်ဆုံးတွင်တတိုင်၊ ၎င်းကပန်းလောင်မြစ်ငယ်ကြောကို လျှောက်၍ ခါမြူးဆိပ်တွင်တတိုင်၊ ၎င်းအနောက်ကိုတောင်ကျွတ်ကျွားတွင်တတိုင်၊ ၎င်းကအနောက်ကိုအတည့်အတန်း ကုလားရေဝင်မြောင်းဝမှာတတိုင်၊ ၎င်းကမြောက်ကိုအတည့်အတန်း ကန်တော်ကန်လှရိုးမှာတတိုင်၊ ၎င်းကအရှေ့ကိုအတည့်အတန်း ပင်းယမြို့ရိုး အနောက်မြောက်ထောင့်တွင်တတိုင်၊ ၎င်းကတောင်ကိုအတည့်အတန်း ပင်းယမြို့ရိုး အနောက်တောင်ထောင့်တွင်တတိုင်၊ ၎င်းကအရှေ့ကိုအတည့်အတန်း ပင်းယမြို့တောင်မျက်နှာဆုံး ဘုတ်တံခါးမှာတတိုင်၊ ၎င်းကအရှေ့ကိုအတည့်အတန်း ပင်းယမြို့ရိုး အရှေ့တောင်ထောင့်မှာတတိုင်၊ သည်ကဲ့သို့စိုက်မှတ်ရမည်၊ အနောက်အရှေ့၊ တောင်သုံးရပ်ဆီတည့်များမှာလည်း နယ်လေးရပ်သတ်မှတ်၍ ကျောက်တိုင်စိုက်မှတ်ခဲ့ရမည်၊ စိုက်မှတ်ရန်ကျောက်တိုင်မပြည့်မစုံသေးလျှင်လည်း သေချာစွာမှတ်သားထားခဲ့ရမည်ဆရာတော်ဘုရား မိန့်ဆိုတော်မူသည့်စကားကိုမှတ်သားချက်ဘုရား ။

သာသနာပြုဆရာတော်ဘုရားကြီး အမိန့်ရှိသည်မှတ်သားချက်ဘုရား
22 May 1857
သက္ကရာဇ် ၁၂၁၉ ခုကဆုန်လပြည့်ကျော် ၁၅ ရက်နေ့ ဝန်ရှင်တော်မကွေးမြို့စား မင်းကြီး၊ ဝန်ထောက်တော် ဘောင်ဝန်မြို့သစ်မြို့စား မင်းတို့ဆင့်ဆိုချက်အတိုင်း
1783
ပင်းယရွှေစည်းခုံပုံစံကျောက်စာ၊ တာအကွာအဝေး (သက္ကရာဇ် ၁၁) ၄၅ ခု
1802
၆၄ ခုစစ်တမ်း ကျောက်တိုင်စိုက်ရန်ပန်းဘူး တိုင်နိမိတ်ပြသချက်၊ စကားအင်း

ရွာနေလူငချို၊ ငလှေး ၊ ငမြတ်ရွေး တို့လျှောက်ထား ချက်များ နှင့်စာရေး
တော်ကြီး မင်း လှသီရိ ကျော်ထင်ကသာသနာပိုင်ဆရာ တော်ဘုရား ထံပြသ လျှောက်
ထား ရာသူကြီး တို့ပေး သည့်စစ်တမ်း စကား ရွာသား တို့လျှောက်ချက်စကား
များ ကိုမယူသင့်၊ ကျောက်စာထွက်ရှိသည့်အတိုင်း သာယခုပြသသည့်ပုံစံပန်း ဘူး
နှင့်အညီ ကျောက်တိုင်စိုက်မှတ်ခဲ့ရမည်သာသနာပိုင်ဆရာ တော်ဘုရား ကြီး မိန့်
ဆိုသည်မှတ်သား ချက်ဘုရား ။

အမိန့်တော်မှတ်သား ချက်ဘုရား

23 May 1857

သက္ကရာဇ် ၁၂၁၉ ခုနယုန်လဆန်း ၁ရက်နေ့မှန်နန်း စနုတွင်(အိမ်) ရှေ့ဘုရား၊
မကွေး မြို့စား မင်း ကြီး ၊ ပုခန်း ကြီး မြို့စား မင်း ကြီး ၊ ဝက်မစွတ်အတွင်းဝန်၊
လောင်း ရှည်အတွင်း ဝန်၊ ဗန်မော်အတွင်း ဝန်၊ မြို့သစ်မြို့စား တော်စို့၄ဝ
ဒိုင်း ဝန်၊ ဘောင်ဝန်မြို့သစ်မြို့စား မင်း တို့နှင့်အစုံအညီ ရွှေစာရုံ၊ ပင်း ယပုံ
များ ကိုတင် လျှောက်ပြရာ စိုက်ပြီး ရွှေစာရုံပုံကိုအတွင်း တော်ကအသစ် ကောင်း
စွာရေး ၍ ရွှေသစ်တာနှင့်ထည့်၊ မင်း မြေကပါလျှင်သာပါစေ၊ ဘုရား မြေက
လက်တသစ်ခန့်မျှမကျန် စေနှင့်အမိန့်တော်ရှိသည်မှတ်သား ချက်ဘုရား ။

ပင်း ယရွှေစည်း ခုံဘုရား ကိုတစီး ရှင်သီဟသူမင်း ကြီး လှူတော်မူရင်း တိုင်းထပ်
မံအသစ်စိုက်ထူသည့် ကျောက်စာလက်ခံ

ပင်း ယရွှေစည်း ခုံဘုရား ကိုသီဟသူမင်း လှူတော်မူရင်း အတိုင်း ဘေး တော်
မင်း တရား ကြီး ဘုရား ထပ်မံလှူတော်မူသည် ကျောက်စာစစ်တမ်း များ နှင့်
တိုက်ဆိုင်ရှင်း လင်း ၍သာသနာ တော်အစွန့်ရှည်စွာတည် စေခြင်း ငှါဘုန်း တော်
အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်ဘဝရှင်မင်း

8 April 1857

တရား ကြီး ဘုရား သက္ကရာဇ် ၁၂၁၈ ခုတန်ခူး လဆန်း ၁၅ရက်နေ့စိုက်ထူ တော်
မူသည့်အရှေ့ ကျောက်တိုင် ။

တိုင်း ရကြိုး လမ်း ပုံစံသွင်း စာစာတမ်း လက်ခံ

ပင်း ယရွှေစည်း ခုံဘုရား ကိုသက္ကရာဇ် ၆၇၄ (1313) ခုတစီး ရှင်သီဟသူမင်း ကြီး ၊ (သက္က
ရာဇ်) ၁၁၄၇ (1785) ခုနှစ် ဘေး တော်မင်း တရား ကြီး တို့လှူတော်မူရင်း ကမ္ဗည်း
ကျောက်စာထွက်များ နှင့်တိုက်ဆိုင်စစ် ဆေး ၍ ဝတ် မြေနယ် လေး ရပ်ရှစ်ရပ်

အပိုင်းအခြားများကို ကျောက်တိုင်စိုက်မှတ်စေဘုရားအမိန့်တော်မြွက်ကိုဦး
ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း မကွေးမြို့စား ဝန်ကြီး သတိုးမင်းကြီး မဟာ
မင်းလှသီဟသူ၊ ဝန်ထောက် ဘောင်ဝန်မြို့သစ်မြို့စား မဟာမင်းတင်သီဟသူ
တို့ဆင့်ဆိုချက်နှင့် စာရေးကြီး မင်းလှသီရိ ကျော်ထင်၊ ဝတ်မြေဝန်ရာဇဗလ
ကျော်ထင်၊ ဝတ်မြေစာရေး ငရွှေတင်၊ အဝမြို့ တောင်ပြင် ထောင်မှူး တို့အစုံ

5 June 1857

အညီသက္ကရာဇ် ၁၂၁၉ ခုနယုန်လဆန်း ၁၄ ရက် ၆ နေ့နံက်တချက် တီး အချိန်တွင်
ပင်းယမြို့သူကြီး ငကြီး ကိုနယ်နိမိတ်အပိုင်း အခြား ရှေ့သွား ပြစေပြီး လျှင်သူရဲ၊
လက်ရ၊ ကောင်ဟန်အမှုထမ်း တို့ကိုကြိုး တာဝါး စွဲကိုင် စေ၍တိုင်း တာစိုက်မှတ်ရာ
ပင်းယ ရွှေစည်း ခုံဘုရား အရှေ့မြောက်ယွန်း ရောင်နွားလည်း တောင်ငယ်
ပဌမနိမိတ် ကျောက်တိုင်ကပန်း လောင်းမြစ် ကောက်ကောက်စင်းစင်း ကို
လျှောက်၍ပင်းယ ရွှေစည်း ခုံဘုရား အရှေ့အတည့်အတန်း ကျောက်တိုင်ထိကြိုး ၃၀
တာ ၃ါ၊ တာသင့် ၇၅၃ါ၊ ၎င်းကအရှေ့ တောင်ယွန်း ရောင်ပန်း လောင်မြစ်
ကောက်ကောက်စင်းစင်း ကို လျှောက်၍ ခါးမြှုး ဆိပ် ကျောက်တိုင်ထိ ၁၀၂ ကြိုး ၊ ၁၉ါ၊
တာသင့် ၂၅၆၉ါ၊ ၎င်းကအနောက် မြောက်ယွန်း ရောင် တောင်ကျွတ်ကျွား ကျောက်
တိုင်ထိ ၃၄ ကြိုး ၊ တာ ၂ဝါ၃်၊ တာသင့် ၈၇ဝါ၃်၊ ၎င်းကအနောက်ကို လျှောက်၍ဘုရား
တောင်အတည့်အတန်း ဘား မဲ့ရွာအနောက် မြောက် ကျောက်တိုင်ထိ ၇ ကြိုး ၄ါ၆၊ တာ
သင့် ၁၇၉ါ၆၊ ၎င်းကအနောက် တောင်ယွန်း ရောင်ကုလား ရေဝင် မြောင်း၀
အရှေ့ဘက်ကမ်း ဆိပ် ကျောက်တိုင်ထိ ၂၄ ကြိုး ၊ တာ ၂ဝါ၊ တာသင့် ၆၂ဝါ၊ ၎င်းက
မြောက်ကို လျှောက်၍တာသင့် ၇၀ဝါ၊ ၎င်းက မြောက်ကိုကန် တော်ကန်လှကန်တွင်း
ကို လျှောက်၍ကန်ရိုး ကုတ်ကိုပင်နတ်စင် ရောက် ကျောက်တိုင်ထိ ၂၃ ကြိုး ၊ ၁၇ါ၆၊ တာ
သင့် ၅၉၂ါ၆၊ ၎င်းကအရှေ့ကိုအတည့်အတန်း ပင်းယမြို့အနောက်မျက်နှာမြို့ခြေ
ကန်ရိုး နိမိတ် ကျောက်တိုင်ထိ ၂၁ ကြိုး ၃ါ၃်၊ တာသင့် ၅၂၆ါ၃်၊ ၎င်းက တောင်ကိုအ
တည့်အတန်း ပင်းယမြို့အနောက် တောင်ထောင့် ကျောက်တိုင်ထိ ၁၂ ကြိုး ၊ ၂ဝါ၅်၊
တာသင့် ၃၂ဝါ၅်၊ ၎င်းကအရှေ့ကိုအတည့်အတန်း ပင်းယမြို့ တောင်မျက်နှာဆုံးဘုတ်
တံခါး ကျောက်တိုင်ထိ ၈ ကြိုး ၁၅ါ၃်၊ တာသင့် ၂၁၅ါ၃်၊ ၎င်းကအရှေ့ကိုအတည့်အတန်း
ပင်းယမြို့အရှေ့ တောင်ထောင့် ကျောက်တိုင်ထိ ၂ ကြိုး ၁၃ါ၊ တာသင့် ၆၃ါ၊ ၎င်းက

ရွှေမြောက်ယွန်း ရောင်နွား လည်း တောင်ငယ်ပဋ္ဌမနီမိတ် ကျောက်တိုင်ထိ
၉ကြိုး ၃ါတာသင့် ၂၂ ဂါစုစုတွက်ရ ၃၀၅ကြိုး ၊ ၁၂၂၅ ၊ တာသင့်ရ ၆၃ရ၅ ၊ ပင်း
ယရွှေစည်း ခုံဘုရား ဘိနပ်တော်ကကြိုး ထောက်လျှင်အ ရွှေမြောက်ယွန်း ရောင်
နွား လည်း တောင်ငယ်ပဋ္ဌမနီမိတ် ကျောက်တိုင်ထိ ၁၅ကြိုး ၃ါ၊ တာသင့် ၃ရ၆ါ၊
၄င်း ဘုရား ဘိနပ်တော်ကအ ရွှေကိုအတည့်အတန်း ပန်း လောင်း မြစ်ကမ်း ထိပ်
ကျောက်တိုင်ထိ ၊ ၅ကြိုး ၂၃ါ၊ တာသင့် ၁၄၆ါ၊ ၄င်း ဘုရား ဘိနပ်တော်ကအ ရွှေ
တောင် ထောင့်ခါမြူး ဆိပ် ကျောက်တိုင်ထိ ၆၂ကြိုး ၊ တာသင့် ၁၅၅၀ါ၊ ၄င်း ဘုရား
ဘိနပ်တော်က တောင်ကိုအတည့်အတန်း ဘေား မဲ့ရွာအ နောက် ကျောက်တိုင်ထိ ၂ရကြိုး
၂၂ါ၊ တာသင့် ၆၉ရါ၊ ၄င်း ဘုရား ဘိနပ်တော်ကအ နောက် တောင် ထောင့်ကုလား
ရေဝင် မြောင်း ကမ်း ထိပ် ကျောက်တိုင်ထိကြိုး ၄၀၊ တာသင့် ၁၀၀၀ါ၊ ၄င်း ဘုရား
ဘိနပ်တော်ကအ နောက်ကိုအတည့်အတန်း ကုလား ရေဝင် မြောင်း အ ရွှေဘက်ကမ်း
ထိပ် ကျောက်တိုင်ထိ ၃၄ကြိုး ၁ရါ၊ တာသင့် ဂ၆ရါ၊ ၄င်း ဘုရား ဘိနပ်တော်ကအနောက်
မြောက် ထောင့်ကန် တော်ကန်လှကန်ရိုး ကုတ်ကိုပင်နတ်စင် ကျောက်တိုင်ထိ ၃ဂကြိုး
ဂါ၊ တာသင့် ၉၅ဂါ၊ ၄င်း ဘုရား ဘိနပ်တော်က မြောက်ကိုပင်း ယမြို့ဆုံး ဘုတ်တံခါး
ကျောက်တိုင်ထိ ၄ကြိုး ၃ါတာသင့် ၁၀၃ါ၊ တိုင်တာထိုး မှတ် ကျောက်တိုင် စိုက်ထူသည် ၊ကြိုး
လမ်း ပုံစံစာရင်း များ ကိုဆက်သွင်း သည် ၊ အမိန့် တော်မြတ်ကိုခံရမည်အတွင်းဝန်
မင်း တို့။

ပင်း ယ ရွှေစည်း ခုံဘုရား ကိုအထက်သီဟသူမင်း လှူတော်မူသည့် ကျောက်စာ 9 February 1313
သက္ကရာဇ် ၆၇၄ ခုဘရဂုဏ်နှစ်တ ပေါင်း လပြည့် ၄ နေ့နိုက်ပင်း ယပြည်အလုံး
ကိုအစိုး ရ သော သီရိတရိဘဝနာဒိတျာပဝရမိပတိအမည်ရှိ သော မင်း ကြီး သည်
ပင်း ယ ရွှေစည်း ခုံ မွေ တော်မြတ်အား အပါး ဝန်း ကျင်အင်း ရွာ နှင့်အလုံး စုံ
မြေ မြောက်ကိုမြို့ဆုံး ဘုတ်တံခါး ကသည်နွား လည်း တောင်ငယ်ကို ဝိုက်၍မြစ်ငယ် ကြော
ကောက် ကောက်စင်း စင်း ခါမြုး ဆိပ်ကသည် တောင်ကျွတ်ကျွား ကိုမှူ၍ကုလား ရေ
ဝင် မြောင်း ကသည်လား ရကား ကန်ရိုး ဆိုက်သတည်း ။

ပင်းယမြို့(သက္ကရာဇ် ၁၁)၄၅ ခုစစ်တမ်း

10 December 1783

သက္ကရာဇ် ၁၁၄၅ ခုနတ်တော်လပြည့်ကျော် ၂ ရက်နေ့ ပင်းယပြည်စိုး ဂိုး ငနိုး နံဖြောအသက် ၂၉ နှစ်သူကိုစစ်မေး သော်ထွက်ဆိုသည်၊ ပင်းယမြို့ကိုဟံသာဝတီ(ပါ) မင်းဘိုး တော်လက်ထက်ကျွန်တော်ဘေး ငသစ္စာကြီး စိုးသည်၊ မဏိလျှင်ဟံသာ ဝတီပါမင်း ခမည်း တော်လက်ထက်ကျွန်တော်ဘိုး ငကျော်လှရာဇာသက္ကရာဇာ အမည်နှင့်ကြီး စိုး ပါသည်၊ မဏိလျှင်ဟံသာဝတီပါမင်း လက်ထက်ဘငထွေး စော ဇေယရဲတင်အမည်နှင့်ကြီး စိုး သည်၊ ပင်းယမြို့နယ်မြေသည်အရှေ့ကိုလား သော် ကုသုံး လုံး ဘုရား ရှင်ဝတ်တော် မြေပန်း လောင်မြစ်အရှေ့ဘက်ကန်း နား ထိ တဘက်တပက်ဆွဲရွာ မြေနှင့်အစပ်၊ အရှေ့တောင်ကိုလား သော်တတိုင်ခန့်ကွာပန်း လောင်မြစ် ကောက်ကောက်စင်း စင်း မြစ်လယ်ကြောတူး ရွေစာကိုင်း ထိတဘက် ခံလုရွာ မြေနှင့်အစပ်၊ တောင်ကိုလား သော်တတိုင်ခန့်ကွာ ရွှေစည်း ခုံဘုရား ရှင်ဝတ်တော် မြေသမုံး ပင် ရေအိုး စင်ထိတဘက်ရန် အောင်မြင်ဘုရား မြေနှင့် အစပ်၊ အနောက်တောင်ကိုလား သော်တတိုင်ခန့်ကွာနွား ကျွဲချောင်း စရပ်ထိ တဘက်ငါး ဇင်ဂိုင်း ရွာ မြေနှင့်အစပ်၊ အနောက်ကိုလား သော်ရဝဝတွင်း ခန့် ကွာရတနာမြစည်း ခုံဘုရား ဝတ်တော် မြေ ဖျောက်ဆိပ်ပင်ထိ၊ တဘက်သင်ပန်း ရွာ မြေနှင့်အစပ်၊ အနောက် မြောက်ကိုလား သော်၅၀၀တွင်း ခန့်ကွာမင်းလမ်း မကြီး ပြင်စည်းခုံဘုရား ထိတဘက်နွား ကျော်တရွာ မြေနှင့်အစပ်၊ မြောက်ကိုလား သော်၃၀၀တွင်း ခန့်ကွာယာကြည့်ကျောင်း ဝတ်မြေ ညောင် ခြောက်ပင်ရွာ မြောက် ရေအိုး စင်ထိတဘက်တံတား ဦး ရွာ မြေနှင့်အစပ်၊ အရှေ့မြောက်ကိုလား သော် ၃၀၀တွင်း ခန့်ကွာခဝါဆိပ်ထိတဘက်တံတား ဦး ရွာ မြေနှင့်အစပ်၊ သည်နယ်ရှစ် ရပ်သတ်မှတ်သည်အတွင်း ယခု ကြေး တမ်း ရသည်ရွာသည်မာရဘင်ရွာ၊ ပိဿလန်း ရွာ၊ ညောင်ခြောက်ပင်ရွာ၊ တူရွင်း ခြေရွာ၊ မြစ်ကွေ့ရွာ၊ ယခု ကြေး ထမ်း မရသည့်ရွာသည်ကုဿတောင်ရွာ၊ ရွာသစ်ရွာ၊ စကား အင်း ရွာ၊ ဆပ်သွား တော ရွာ၊ ကျောက်စစ်ကုန်း ရွာ၊ ဆင်ယာကွက်ဥယျာဉ်ရွာ၊

၎င်း နယ်ရှစ်ရပ်သတ်မှတ်သည့်

အတွင်း တွင်ဥယည်လယ်ယာကိုင်း ကျွန်း ကွမ်း လုပ်ဆောင်သမျှသည်ဘုရား ရှင်ဝတ်တော်မြေချည်း ဖြစ်၍အခွန်တော်မသွင်း ရပါ၊ ကောက်စါး ရိုး မှာမြို့တံခါးဝင်လှည်း ဦး စိုက်ကိုဆန်လှည်း တစီး လျှင်ပြည်စိုး က၅၊ မြို့ကိုင်က၅၊ ဆန်ဝန်တင် တတင်း ဖြစ်လျှင်ပြည်စိုး ကပဲ၊ မြို့ကိုင်ကပဲ၊ ဆီဝန်တင်ဖြစ်လျှင်ထန်း စေ့မှုတ်နှင့်ပြည်စိုး ကတမှုတ်၊ မြို့ကိုင်ကတမှုတ် ကောက်စား ပါသည်၊ ငါး ပိတင်ဆား တင်ကုန်ဝန်တင်များ မှာလည်း ပြည်စိုး နှင့်မြို့ကိုင်တို့နှစ်ဦး ကပင်ကုန်အင်ကို ထောက်၍ ကောက်စား ကြရပါသည်၊ (သက္ကရာဇ်၁၁)၁၆ခုနှစ် [1754] တွင်မှသာထီး ပေါင်း ကား ဆင်မျိုး ငနိုင်နှင့်ကျွန် ခေါင်း ပွဲပြတ်ငစီသူတို့နှစ် ယောက်ကမြို့လပ်ဝန် ပေါင်း တော်ကြီး မှာ နှောက်ရှက် လျှောက်ထား ၍မြို့ကိုင် ကောက်သည်ကိုလုယူ ကောက်ခြင်း နှင့်အစွဲပြု၍ ရိုး ရာဖြစ် လေဟန်နှင့်ယခု ကောက်ခြင်း ဖြစ်ပါသည်၊ ၎င်း ကာလလည်း မြို့ကိုင်ပါမ ကောက်မခံရလွတ်လပ်ပါသည်၊ ပြည်စိုး မှာ ကောက်ရိုး ထုံး စံအတိုင်း အစဉ်မပျက် ကောက်စား ပါသည်၊ ကောက်ရိုး မှာပြည်စိုး နှင့်မြို့ကိုင်တို့နှစ်ဦး သာ ကောက်ရိုး ထုံး စံဖြစ်ပါသည်၊ ငါး ပိ လှေ၊ ဆား လှေ၊ ကုန် လှေများ မှာပြည်စိုး က တောင်း၊ ရာဇူထား ၍ စိတ်တူ ရောင်း ဝယ်ကြလျှင်ချိန်ဝန်အင်ကိုချင့်၍ပြည်စိုး နှင့်မြို့ကိုင်တို့နှစ်ဦး က ကောက်စား ကြရပါသည်၊ (သက္ကရာဇ်)၁၁၁၆ခုနှစ် [1754] တွင်မှသာယခုနန်း မတော်ဘုရား ခမည်း တော်အဝမြို့ကိုအုပ် တော်မူရာတွင်ပွဲတက်ကန္နား ဆောက်၍ ပြတ် ကောက်သည်ကိုအစွဲပြု၍သာယခုပွဲပြတ် ပါသည်၊ ပွဲပြတ်ရိုး အစဉ်ထုံး စံမရှိပါ၊ မြို့တံခါး ဝင်လှည်း ဦး ဆိုက်ကိုလည်း ကျွန် ခေါင်း ပွဲပြတ်ငစံသူနှင့်မဆိုင်၊ ပြည်စိုး နှင့်မြို့ကိုင်နှစ်ဦး သာ ကောက်စား ရိုး ထုံး စံရှိပါသည်၊ ငါး ပိ လှေ၊ ဆား လှေ၊ ကုန် လှေ၊ တောင်း ရာဇူဆွဲ၍ ရောင်း သူများ ကိုလည်း တည်သမမိချစ်စံနှင့်ကျွန် ခေါင်း ပွဲပြတ်ငစံသူတို့က မဆိုင်၊ ပြည်စိုး နှင့်မြို့ကိုင်တို့နှစ်ဦး သာ ကောက်စား ရိုး ထုံး စံဖြစ်ပါသည်၊ ကျွန် ခေါင်း ပွဲပြတ်ငစံသူကစား ရိုး မှာကျွန် ရောင်း ဝယ်လျှင်ခေါင်း ကြေး ၁။ ငစံသူစား သည်၊ မြီး ကြေး ၅ဝိ မှာပြည်စိုး ကစား ရသည်၊ မြင်း ရောင်း ဝယ်လျှင်ခေါင်း ကြေး ၂၅ဝိ ငစံသူကစား သည်၊ မြီး ကြေး ၂၅ဝိ

မှာပြည်စိုး ကစားသည်၊ ကွဲနွား ရောင်း ဝယ်လျှင် ခေါင်း ကြေး ၂၅ မှာပြည်
စိုး ကစား သည်၊ တည်မှာ ကြေး ၁၀ လျှင် ရောင်း သူတလက် ဝယ်သူတလက်ကိုတည်သ
မဓိချစ်စံက ကောက်စားသည်၊ အသီး အသီး ကောက်ခံ၍ ရသမျှကိုတဝက်ခွဲ၍ မြို့စား
ရှိလျှင်မြို့စား ကိုသွင်း ရပါသည်၊ မြို့စား မရှိလျှင်မြို့ဝန်မင်း ကိုတဝက်ခွဲ၍ ခြောက်
လတကြိမ်အခွန် တော်သွင်း ရပါသည်၊ ကျန်တဝက်ကို ကောက်ခံသူတို့အသီး အသီး စား
ကြရပါသည်၊ ပင်း ယ ငွေစည်း ခုံ၊ အောင်စည်း ခုံမှာပွဲသဘင်ခံလျှင်သဘင်သည်
တို့ကို ကျွေး ရန်ကျိဝန်မင်း ကတကိုယ်လျှင်ဆန်ဘဲကျ၊ငွေတိုက်ဝန်မင်း ကတကိုယ်လျှင် ကြေး
၂၅ကြစရိတ် တော်ထုတ် ပေး ၍ ကျွေး ရပါသည်၊ နောက်ကိုစရိတ် တော်မထုတ် ကောက်
ခံ၍ ရသမျှလပ်ကိုတဝက်ခွဲ၍ ကျွေး ရသည်တွင် (သက္ကရာဇ်) ၁၁၁၅ [1753] ခုနှစ်ကစ၍အခွန်
တော်မသွင်း ရလွတ်လပ်ပါသည်၊ ကျွေး သည့်ကာလလည်း ပြည်စိုး မြို့ကိုင်ကျွန် ခေါင်း
ပွဲပြတ်ငစံသူ၊ တည်သမဓိချစ်စံတို့ လေး ယောက်ကပင်စရိတ်အညီအမျှထုတ် ပေး ၍ ကျွေး
ရပါသည်၊ ဈေး နား ဆိပ်ကူး တို့မှာ မှာပြည်စိုး တဦး ကသာ ကောက်စား ပို့ရပါ
သည်၊ ဆိပ် ကောက်ရိုး မှာ လှေဦး ဆိုက်မိလျှင်ပိန်း ကောကြီး စပါး ၅၊ ငှင်း ငယ်ကို
စပါး ၃၊ လောင်း စပ်ကြီး ကိုစပါး ဒိ၊ ငှင်း ငယ်ကိုစပါး ၂ ကောက်စား ပါသည်၊
ဈေး မှာလည်း ရောင်း ဝယ်သမျှကိုပင် ကောက်စား ပါသည်၊ ကူး တို့မှာလည်းနယ်
အတွင်း တွင်ကူး သမျှကိုပင်ပို့ရပါသည်၊ သည်သုံး ရပ်မှာပြည်စိုး ကသာအပိုင် ကောက်
စား ကူး ပို့ရပါသည်၊ အခွန် တော်ဆက်သွင်း ရိုး ထုံး စံမရှိပါ၊ ရှမ်း ပြည်ယွန်း ပြည်
အမှုတော် ပေါ်ထွက်လျှင်ပင်း ယမြို့နတ်ကြီး နှစ်ပါး နှင့်ရှမ်း နတ်၊ ယွန်း နတ်၊ စ
ကား ကျောင်း တော်ဦး နတ်များ ကိုမင်း ဧကရာဇ်ကပသ တော်မူရသည်။ [1802]
(သက္ကရာဇ် ၁၁) ၆၄ ခုမှာ ၄၅ ခုစစ်တမ်း နှင့်နယ်ပယ်သူကြီး မခြားအတူတူ [1783]

စကား ရွာ (သက္ကရာဇ်၁၁)၄၅ခုစစ်တမ်း

IO December I783

သက္ကရာဇ်၁၁၄၅ခုနတ်တော်လပြည့်ကျော် ၂ ရက်နေ့စကား ရွာ မြေတိုင်ငခုံ၊
နံ၃၊ အသက်၃၅သူကို မေး သော်ထွက်ဆိုသည်၊ ကျွန်တော်တိုင် ဆော်သည့် မြေသည်
ပင်း ယ ရွှေစည်း ခုံဘုရား ငှင်ဝတ် မြေဖြစ်ပါသည်၊ ဝတ် မြေသည်မည်သည့်မြို့ရွာ
နယ် မြေက နှုတ်၍လှူသည်ကိုကျွန် တော် ငယ်ရွယ် သော ကြောင့်အစစ်မခံနိုင်ပါ၊ ပင်း
ယ ရွှေစည်း ခုံဘုရား ငှင်ဝတ် မြေကိုကျွန် တော် ဘေး ငရဲညိုတိုင် ဆော်သည်၊ မရှိ
လျှင်ကျွန် တော်ဘိုး ငမည်း တိုင် ဆော်သည်၊ မရှိလျှင်ကျွန် တော်ဘ ငမြတ်စံတိုင် ဆော်
သည်၊ မရှိလျှင်ကျွန် တော် ငယ်ရွယ်စဉ် မျိုး ခြား လူငကျော်လှတိုင် ဆော်သည်နှင့်ဘု
ရား ရွှေလက်ထက် တော် ငကျော်လှမှာ နှုတ်ယူ၍သား ကျွန် တော် ဘေး ဘိုး ဘတို့အ
ရာကိုဆက်ခံတိုင် ဆော်သည်၊ နယ် မြေသည်အရှေ့ကိုလား သော် ၅၀၀တွင်း ခန့်ကွာ
ပန်း လောင်မြစ်လယ် ကြောတဘက်ကူ တော်သစ်ဘုရား ငှင်ဝတ် မြေနှင့်အခြား၊
အရှေ့ တောင်ကိုလား သော် ၅၀၀တွင်း ခန့်ကွာခါမြူး ဆိပ်ထိတဘက်စကား စာ
သင် ကျောင်း ဝတ် မြေနှင့်အခြား၊ တောင်ကိုလား သော် ၅၀၀တွင်း ခန့်ကွာ
ငါး စီး ငှင်ဘုရား ဝတ် မြေနှင့်အခြား၊ အနောက် တောင်ကိုလား သော် ၅၀၀
တွင်း ခန့်ကွာစိုး မင်း ကိုယ် တော်ကြီး ကျောင်း ဝတ် မြေနှင့်အခြား၊ အနောက်
ကိုလား သော် ၅၀၀တွင်း ခန့်ကွာကုလား ရေဝင် မြောင်း ထိတဘက်ငရွှေတုတ်
တိုင်နက်စကား ကျောင်း မဝတ် မြေနှင့်အခြား၊ အနောက် မြောက်ကိုလား သော်
၅၀၀တွင်း ခန့်ကွာငါး စီး ငှင်ဘုရား ဝတ် မြေနှင့်အခြား၊ မြောက်ကိုလား သော်
၅၀၀တွင်း ခန့်ကွာငါး စီး ငှင်ဘုရား ဝတ် မြေနှင့်အခြား၊ အရှေ့ မြောက်ကိုလား
သော် ၅၀၀တွင်း ခန့်ကွာဆုံး ဘုတ်တခါး ပင်း ယမြို့နှင့်အခြား၊ သည်နယ်ငှစ်ရပ်
အတွင်း တွင်အပေါ် ဝန်အကောက်အစား၊ ကျွန်း ခေါင်း ကွဲနွား မြီး ဆိပ်တည်ပွဲ
ကူး တို့များ ကိုဝတ်သိမ်း သင်္ဃာတို့ ကောက်စား ပါသည်၊ စပါး ဘိန်ချင်လျှင်တလက်ခုပ်၊
မြေလယ်ယာ ရေဝင်း ၍အဘိုး ၁။ ရလျှင်တဘက် ၃စိ ကောက်ခံရပါသည်၊ ကူး တို့မှာ
ကူး တို့ပို့သူတို့ကတနှစ်လျှင်ပင်း ယ ရွှေစည်း ခုံဘုရား ငှင်မှာဆီမီး သင်ပုတ်လှူဒါန်း
ရန် ကြေး ၁၀။ ဝတ်သိမ်း သင်္ဃာတို့က ကောက်ခံပါသည်၊ ကျွန် တော် မြေတိုင်တို့စား
ရိုး မှာ စပါး ကောက်လှိုင်း ၁၀၀လျှင် ၄လှိုင်း ကောက်သိမ်း စား ရပါသည်၊ မြေ

ဆီမြေခွန်မှာလယ်ဘဲလျှင်စပါး ၅ ဝတ်သိမ်း တို့ကိုချင်သွင်း ရပါသည်၊ နွား ကျွဲ သေလျှင် အနံတချပ် ဝတ်သိမ်း တို့ ကောက်စားပါသည်၊ အင်း မှာ တောင် ရေဝင်လျှင်တံငါလုပ်သူ တယောက်လျှင်တနှစ် ကြေး ၃။ ဝတ်သိမ်း ကို ပေး သွင်း ရပါသည်၊ အင်း ကိုမြစ် ရေ ဝင်လျှင်တံငါလုပ်သူတို့တကိုယ်လျှင် ၃၅ ဝိ ဝတ်သိမ်း ကို ပေး ရပါသည်၊ ကျွန် တော် မြေတိုင် တို့မှာစပါး မယူရပါ၊ ကျွန်တယောက် ရောင်း လျှင် ခေါင်း ကြေး ၁၅ ဝိ၊ ကျွဲနွား ရောင်း လျှင်အမြီး ကြေး ၁၅ ဝိ၊ ဝတ်သိမ်း တို့ ကောက်ယူပါသည်၊ ပင်း ယမြို့တွင်း မှာ ရွှေကျင် ငွေကျင်တို့အင်တချပ်တန်မြက်တစည်း နှင့်ကျင်သူတို့မှာတကိုယ်လျှင်တနှစ် ကြေး
၃။ ဝတ်သိမ်း တို့ ပေး ရပါသည်ထွက်ဆိုသည်။ 1783

(သက္ကရာဇ်၁၁) ၆၄ ခုမှာ ၄၅ ခုနှစ်နယ် မြေအပိုင်း အခြား နည်း တူ။ 1802

ပင်းယရွှေစည်းခုံဘုရား ဝတ်မြေလှူတော်မူရင်း ကျောက်စာ (သက္ကရာဇ် ၁၁)
၄၅ခု ၆၄ခုစစ်တမ်း တိုင်းတာစာရင်း ဘုရား

| ကျောက်စာထွက် | စစ်တမ်းထွက် | | တိုင်းရတဲ | ကွဲတဲ |
|---|---|---|---|---|
| မြောက်ကိုဆုံးဘုတ်<br>တံခါး | ၁ မြောက်ကိုငါးစီးရှင် ၅၀ ဝါခန့်<br>ဝတ်မြေနှင့်အခြား | မြောက်ကိုဆုံးဘုတ် ၁၀၃ါ<br>တံခါး | ၃၉ဂျ | |
| အရှေ့မြောက်နွား<br>လည်းတောင်ငယ်<br>ကိုဝိုက်၍ | ၁အရှေ့မြောက်ဆုံး<br>ဘုတ်တံခါးပင်းယ<br>မြို့နှင့်အခြား | ၅၀ ဝါခန့်အရှေ့မြောက်<br>နွားလည်တောင်<br>ငယ်ခွန်းထိ | ၃၇ဩ | ၁၂၄ါ |
| အရှေ့မြစ်လယ်<br>ကြောကောက်<br>ကောက်စင်းစင်း | ၁အရှေ့ပန်းလောင်<br>မြစ်လယ်ကြောတ<br>ဘက်ကူတော်သစ်<br>ဝတ်တော်မြေအခြား | ၅၀ ဝါခန့်အရှေ့အတည့်အထာန်း<br>ပန်းလေါင်မြစ်<br>ကမ်းထိပ် | ၁၄ဩ | ၃၅၄ါ |
| အရှေ့တောင်ခါမြူး<br>ဆိပ် | ၁အရှေ့တောင်ခါမြူး<br>ဆိပ်တဘက်စကားစါ<br>သင်ကျောင်းဝတ်<br>မြေအခြား | ၅၀ ဝါခန့်အရှေ့တောင်ခါ<br>မြူးဆိပ် | ၁၅၅ဝါ | ၁၀၅ဝါ |
| တောင်ကျတ်ကျား | ၁ တောင်ငါးစီးရှင် ၅၀ ဝါခန့်<br>ဝတ်မြေနှင့်အခြား | တေါင်ကိုတေါင်ကျော်<br>ကျုံးအနောက်အတည့်<br>အတန်းဘေားမဲ့ရွာ<br>ထိ | ၆၉ဂျ | ၁၉ဂျ |
| အနောက်တေါင်ကုလါး<br>ရေဝင်မြောင်း | ၁အနောက်တေါင်စိုး<br>မင်းကိုယ်တော်ကြီး<br>ကျောင်းဝတ်မြေ<br>နှင့်အခြား | ၅၀ ဝါခန့်အနောက်တေါင်ကု<br>လါးရေဝင်<br>မြောင်းထိ | ၁၀၀ဝါ | ၅၀ဝါ |
| အနောက်ကုလား<br>ရေဝင်မြောင်း | ၁အနောက်ကလါးရေ<br>ဝင်မြောင်းငရွှေ<br>တုတ်တိုင်နက်စကါး<br>ကျောင်းမဝတ်မြေ<br>နှင့်အခြား | ၅၀ ဝါခန့်အနောက်အတည့်အ<br>တန်းကုလါးရေဝင်<br>မြောင်း | ၈၆ဂျ | ၃၆ဝါ |

ပင်း ယ ရွှေစည်း ခုံဘုရား ဝတ်မြေတိုင်း ရကြိုး တသဝန်း စသရင်း ဘုရား
ကြိုး တသပန်း ၂စုတသ

ပင်း ယအ ရှေ့ မြောက် ထောင့် နွား လည်း တောင် ၃၀ ၃ါ ၇၅၃ါ
ငယ်ဆုံးပထမနိမိတ် ကျောက်တိုင်က ရွှေစည်း ခုံဘုရား
အ ရှေ့အတည့်အတန်း ပန်း လောင်မြစ်ထိပ် ကျောက်
တိုင်ထိ

၄င်း က ရွှေစည်း ခုံဘုရား အ ရှေ့ တောင် ထောင့် ၁၀၂ ၁၉ါ ၂၅၆၉ါ
ခါမြူး ဆိပ် ကျောက်တိုင်ထိ

၄င်း ကအ နောက် မြောက်ယွန်း ရောင် တောင် ၃၄ ၂ဝါ၃် ဂရဝါ၃်
ကျတ်ကျား ကျောက်တိုင်ထိ

၄င်း က ရွှေစည်း ခုံဘုရား တောင်အတည့်အတန်း ရ ၄၆ ၁ရ၉ါ၆
ဘား မဲ့ရွာအ နောက် မြောက် ကျောက်တိုင်ထိ

၄င်း ကအ နောက်ကို ရွှေစည်း ခုံဘုရား အ နောက် ၂၄ ၂ဝါ ၆၂ဝါ
တောင် ထောင့်ကုလား ရေဝင် မြောင်း ကျောက်
တိုင်ထိ

၄င်း က မြောက်ကို ရွှေစည်း ခုံဘုရား အ နောက်အ ၂ဂ ရ၀ဝါ
တည့်အတန်း ကျောက်တိုင်ထိ

၄င်း က မြောက်ကို ရွှေစည်း ခုံဘုရား အ နောက် ၂၃ ၁ရါ၆ ၅၉၂ါ၆
မြောက် ထောင့်ကန် တော်ကန်လှကန် ရိုးကုတ္တိုပင်
နတ်စင် ကျောက်တိုင်ထိ

၄င်း ကအ နောက်မျက်နှာပင်း ယမြို့ ခြေကန်ရိုး ၂၁ ၁ါ၃် ၅၂၈ါ၃်
နိမိတ် ကျောက်တိုင်ထိ

၄င်း က တောင်ကိုအတည့်အတန်း ပင်း ယမြို့အ ၁၂ ၂၁ါ၅ ၃၂၁ါ၅
နောက် တောင် ထောင့် ကျောက်တိုင်ထိ

၄င်း ကအ ရှေ့ကိုအတည့်အတန်း ပင်း ယမြို့ဆုံးဘုတ် ဂ ၁၅ါ၃် ၂၁၅ါ၃်
တံခါး ကျောက်တိုင်ထိ

ပင်း ယ ရွှေစည်း ခုံဘုရား ဝတ်မြေတိုင်း ရကြီး တာ ဝန်း စာရင်း ဘုရား
ကြီး တာ ဝန်း ၂ စုတာ

၄ ငင်း ကအ ရွှေကိုအတည်အတန်း ပင်း ယမြို့အ ရွှေ တောင် ၂ ၁ဝါ ၆ဝါ
ထောင့် ကျောက်တိုင်ထိ

၄ ငင်း ကအ ရွှေ မြောက်ယွန်း ရောင် ရွှေစည်း ခုံဘုရား ၉ ၃ါ ၂၂ဂါ
အ ရွှေ မြောက် တောင့်နွား လည်း တောင်ငယ်ပဌမနီ
မိတ် ကျောက်တိုင်ထိ ပေါင်း၃၀၅ ၁၁ါ၅ ၇၆၃၈၅

ရွှေစည်း ခုံဘုရား ဝတ်တော် မြေတော်ကြီး တိုင်း ရစရင်း ဘုရား

ရွှေစည်း ခုံဘုရား ဘိနပ်တော်ကအ ရှေ့မြောက် ထောင့် ၁၅ ၁ါ ၃၇၆ါ

နွား လည်းတောင်ပဌမနိမိတ် ကျောက်တိုင်ထိ

ငှင်း ဘုရား ဘိနပ်တော်ကအ ရှေ့အတည့်အတန်း ပန်းလောင် ၅ ၂ါ ၁၄၆ါ

မြစ်ကမ်း ထိပ် ကျောက်တိုင်ထိ

ငှင်း ဘုရား ဘိနပ်တော်ကအ ရှေ့တောင် ထောင့်ခါမြူး ဆိပ် ၆၂ ၁၅၅ဝါ

ကျောက်တိုင်ထိ

ငှင်း ဘုရား ဘိနပ်တော်က တောင်ကိုအတည့်အတန်း ဘော မဲ့ ၂၇ ၂၂ါ ၆၉၇ါ

ရွာအ နောက် ကျောက်တိုင်ထိ

ငှင်း ဘုရား ဘိနပ်တော်ကအ နောက် တောင် ထောင့်ကု ၄၀ ၁၀၀ဝါ

လား ရေဝင်မြောင်း ကမ်း ထိပ် ကျောက်တိုင်ထိ

ငှင်း ဘုရား ဘိနပ်တော်ကအ နောက်ကိုအတည့်အတန်း ကု ၃၄ ၁၇ါ ၈၆၇ါ

လား ရေမြောင်း ကမ်း ထိပ် ကျောက်တိုင်ထိ

ငှင်း ဘုရား ဘိနပ်တော်ကအ နောက် မြောက် ထောင့် ၃၈ ၈ါ ၉၅၈ါ

ကန် တော်ကန်လှကန်ရိုး ကုတ္တိုပင်နတ်စင် ကျောက်တိုင်ထိ

ငှင်း ဘုရား ဘိနပ်တော်က မြောက် ဆုံး ဘုတ်တံခါး ကျောက် ၄ ၃ါ ၁၀၃ါ

တိုင်ထိ ပေါင်း

ပင်း ယ ရွှေစည်း ခုံဘုရား ကျောက်စာဘုရား

ဇေယတု။ ကမ္ဘာတသိန်း အလွန်ရှိ သော လေး အသင်္ချေ တက်နိုက် ဒါနသီလ စ သော ပါ
ရမီကိုအမွှာ ဝဖြည့် တော်မူ၍အဆုံး ဖွန် သောကိုယ် တော်အဖြစ်နိုက်ဘွား တော်မူ
သော နေ့နှင့်တပြိုင်နက် ပေါက်၍ ရောက် သော ရွှေ ညောင်ဗုဒ္ဓ ဟောပင်ရင်း မြက်
အခင်း ဝယ် ပေါက် ရောက် သော ရတနာပလ္လင်တက်အမိုက်အမျက်ရမ္မက်ကုံ၍သ ဖွာ
လေး ပါး တရား သိမြင်ငါး အင် ညေယျမံ ခြောက်တန်အသာ ဓါရဏဘုရား ကျေး
ဇူး အထူးဖြင့်ပြည့်စုံ တော်မူ၍သုံး လူတို့၏အဓိပတိမုနိပုဂ္ဂိုလ်သမ္မာသမ္ဗုဒ္ဓအမည် တော်
ရ သောဘုရား သခင်၏သာသနာ တော်မြတ်တည်တွန်း ရာတမ္ဗဒီပတိုင်း မင်း ဝံ
တောင်သွန့် ၏ရှက်ဂုံရာငါး ဖြာ သောမြစ် ပေါင်း ၏ဆုံ ရာ ရတနာပူရ ရွှေအင်း
ဝ၏လက်ျာ စမ္မာပန်း လောင်မြစ်၏အနီး မြို့ကြီး ဝိဇယပူရဟူ သော ပင်း ယမြို့တည်
ဘေး လောင်း တော်ဆင်ဖြူတစီး ရှင်မင်း တရား သီဟသူသည်အဋ္ဌသာဝကဖြစ်
သော ရဟန္တာအရှင်ဒိပ္ပစက်နှင့်တကွသကြား နတ်မြတ်တို့သည်ပြ ပို့အပ်၍ရ သော မွေ
တော်ရှင်မြတ်အဆူဆူနှင့်မြား လှ ဖွာ သော ရွှေ ငွေတန်မြ စ သော ရတနာမြတ်ရုပ်
ထု တော်ကိုအရှင်ရဟန္တာ ဒိပ္ပစက်မဟာ ထေရ်မြတ်သည်တံခိုး တော်ဖြင့် ဆောင်ယူ
ပေး အပ် သော ဣန္ဒနီလာမြ ကျောက်ဖျာ ခြောက်ချပ်ဖြင့်ဌာပနာတိုက်ကြီး ဝယ်
ထည့်သဖြင့်တည်ထား တော်မူ သော ပင်း ယ ရွှေစည်း ခုံ စေတီ တော်မြတ်အားဆွမ်း
သင်ပုတ်ဆီမီး တံမြက်ဝတ်ဖြစ်စိမ့်ငှါဝတ္တုကံမိုး မြေကိုနယ်စည်း သပ်၍ ကျောက်စာ
ကမ္ဗည်း တင်လှူ တော်မူသည်မှ စ၍ယခုတိုင်မြင့်မြဲ ဖွာလူနတ်၏အ ပေါင်း ကိုး ကွယ်ရာ
ဖြစ် သော ပင်း ယ ရွှေစည်း ခုံ စေတီ တော်ကိုသာသနာ ၅၀၀၀ စေ့ အောင်တည်၍
အရှည်မြင့်မြဲ ဖွာ မတိမ်မြုပ်စိမ့် သောငှါမဟာ ဒါနထာဝရပြုအံ့ဟုကြံ တော်မူသည်၊
ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သောဆင်ဖြူမြား သခင်အသျှင်မင်း တရား
ကြီး သည်အလွန် သောသဒ္ဓါစေတနာနှင့်ပြဋ္ဌာန်း တော်မူသည်ဖြစ်၍ ဝိဇယပူရဟူ
သော ပင်း ယမြို့ကြီး ၏လက်ျာမြတ် တောင်သာတတ်တည်ထား တော်မူ သော ရွှေစည်း
ခုံ စေတီ တော်မြတ်အား ဘေး လောင်း တော်မင်း တရား တို့လှူ တော်မူသည့်အ
တိုင်း မတိမ်မမြုပ် စေခြင်း ငှါကျောက်စာကမ္ဗည်း ထု ရေး စိုက်ထူ၍လှူ တော်မူ သော
မြေ၏အပိုင်း အခြား ကား ။ မြောက်ကိုမြို့ဆုံး ဘုတ်တံခါး ကသည်နွား လည်း တောင်

ငယ်ကိုဝိုက်၍မြစ်လယ်ကြောမြစ်ကောက်ကောက်စင်းစင်း ၊ ခါမြူးဆိပ်ကသည်
တောင်ကျွတ်ကျွားကိုမူ၍ကုလားရေဝင်မြောင်းကသည်လားရကားကန်ရိုး
ဆိုက်သတည်း ၊ ဤသို့နယ်အစည်းသတ်၍ရွှေစည်းခုံမွေတော်မြတ်အားအင်းရွာ
နှင့်အလုံးစုံကိုသာသနာ ၅၀၀၀ စေ့အောင်မြဲမြန်ခိုင်ခန့်စွာပြင်ဆင်လုပ်ဆောင်
စေခြင်းအကျိုးငှါလှူတော်မူသည်၊ ဤသို့လှူရသောကောင်းမှုကြောင့်ဤပစ္စုပ္ပန်အ
ဖြစ်နှိုက်ခပ်သိမ်းသောဘေးဒဏ်ရန်ဟူသမျှအနိဋ္ဌာရမ္မအလိုမရှိအပ်သည်၏အ
ပေါင်းကင်းငြိမ်းသည်ဖြစ်လျက်အရပ်ရှစ်မျက်နှာရန်သူအပေါင်းကိုဘုန်းတော်
ဖြင့်အောင်တော်မူ၍ကောင်းသောချမ်းသာနှိုက်စိတ်တည်ကြည်ခြင်းအသက်ရှည်
ခြင်းကောင်းမြတ်သည့်ရတနာအပေါင်းမျိုးပေါင်းမတ်ပေါင်းကျေးကောင်း
ကျွန်ကောင်းရသဘောဂမှစ၍အလုံးစုံလိုအပ်သောဣဋ္ဌာရမ္မဏအပေါင်းတို့သည်
တောင့်တကြသည့်အတိုင်းပြည့်စုံစေသတည်း ၊ သံသရာဘဝဖြစ်လေရာရာလည်းလေး
ဖြာသောအပါယ်ငရဲမှစ၍မလိုအပ်သည့်တရားအပေါင်းတို့သည်ဝေးစွာကြည်ဘဲခွါ
၍မကပ်သည်သာဖြစ်လိုသော၊ ဤလူဘုံဝယ်ဖြစ်လည်းသူတကာတို့၏ထွဋ်ဆွာသယကိုပေး
ကမ်းစွန့်ကြဲနိုင်သောသူကြွယ်၊ မင်းဖြစ်သော်လည်းမင်းတကာတို့ကိုအစိုးရသော
မန္ဓာတ်မင်းစကြာမင်း ၊ နတ်ဖြစ်သော်လည်းနတ်တကာတို့ကိုအစိုးရသောသိကြား
နတ်မင်းဖြစ်၍ပါရမီ ၁၀ ပါးအပြား ၃၀ တို့ကိုဖြည့်ရလိုသော၊ ဖြစ်လေရာရာသံ
သရာဝယ်အဘိရူပေါ၊ မဟိဒ္ဓိကောအပ္ပါမာဒေါ၊ ဒီဃာယုကောဒဿနီယောပီယရူ
ပေါမဟပ္ပလောသူရပညောဟူသောတောင့်တအပ်သောအရာရာအပေါင်းနှင့်
ပြည့်စုံသည်သာဖြစ်လိုသောဝ်၊ အဆုံးစွန်သောဘဝဝယ်ခပ်သိမ်းကုန်သောလူနတ်
ဗြဟ္မာသတ္တဝါအပေါင်းတို့ကိုနိဗ္ဗာန်သို့ရောက်စေခြင်းငှါစွမ်းနိုင်သောမဂ်ဖိုလ်
တရားရလိုသော၊ ဤကောင်းမှုကိုငါ၏ခမည်းတော်ဘုရားမယ်တော်ဘုရား
နောင်တော်မင်းတရားမှစ၍ဘေးဘိုးညာတကာမျိုးကြီးမတ်ရာအပေါင်း
တို့နှင့်ပြည်စောင့်နတ်သာသနာစောင့်နတ်မလပ်ကြွင်းမဲ့သုံးဆယ့်တဘုံနှိုက်ကြွင်
လည်ကုန်သောသတ္တဝါကိုအမျှဝေပါ၏၊ အမျှရစေသော၊ ယမတောယမမင်းစသော
နတ်တို့အားလည်းအမျှရစေသတည်း ၊ စာကြောင်း ၂၉ ကြောင်း ၊ မြေပေ ၇ စေါက်
၂၂၊ ဇွက် ၁၁၊ ထု ၅၊ ရတနာပူရတတိယမြို့တည်ဆင်ဖြူရှင်မင်းတရားဇ ပ်၍တည်

တော်မူသောပင်း ယရွှေစည်း ခုံဘုရား ကျောက်စာလက်ပြီး၏၊ ဇေယတု၊
ယတော နေရူရဝိသသိ၊ ပါကဋ္ဌေါဋ္ဌိတိယာသဒါ၊ တတော စာယန္တီဥဿဟ၊ မိဒံရာဇာ
မိရာဇာ နေဝ၊ သောဟိ နေကရဋ္ဌိန္ဒာနံ၊ ရာဇူနံ ဝရဝံသဇော၊ အတိတေနိမိ
ရာဇာဝ၊ ကာတုံသဒ္ဒမ္မ ဇောတနံ၊ အနန္တပုည တေဇသော ၊ ရတနာသိခ်သာမိ
နော၊ သုတောအာဒိစ္စ ယောဝ၊ ရာဇဝံသာဘိဝဍ္ဎိနော၊ ဇေယပုရသာမိ
ကဿ၊ သစ္စရဋ္ဌဝဍ္ဎိနော၊ မိဂသ ဃေ်ယထာသီဟော၊ အရိန္ဒမဿဘာတိ ကော၊
ရတနပ္ပုရပတိ နော၊ သေတိဘိန္ဒဿ ဘာတိ ကော၊ ဝိနေ္နာသကုဏ မဇ္ဈေဝ၊ ဒု
ဋ္ဌေဒဝေရ ဘာဒိနော၊ ဣတိအာဒိဗ္ဗဝံ သောဝ၊ အဋ္ဌင်္ဂသမန္နာဂတော၊ ဝိဇိ
တာဝိယထာ ရာဇာ၊ အနန္တဗလဝါဟ နော၊ အနေကာ ဝုဓရတနာပူရရဋ္ဌာဒိသာမိ
ကော၊ အနေက သေတိဘိန္ဒော၊ အနန္တပုညတ္တဒ္ဒိမ၊ အနေက စေတိယာဝါသကရ ကော
သိရိလဋ္ဌနော ။ သောတမ္ပဒီပရဋ္ဌမှိ၊ သပုညကမ္မ တော၊ ဖိတေအမရသင်္ကာ သော၊ အမရ
ပ္ပုရနာမ ကော၊ အဇေယျ၊ အာဘိ သေကောဝ၊ ဒိုက္ခတ္ထုံ ဂန္တုဥပါယ တော၊ စက္ကဝတ္တိယတူ
ပေ တော၊ ပဋ္ဌင်္ဂ ဇေဋ္ဌကာဒိနာ၊ ယသမ္ပဇ္ဇော၊ ဝိ သော ဓေသိ၊ ရဋ္ဌကမ္မမှိသာ
သနံ၊ တဒါ ပေါရာဏရာဇူဟိ၊ ဒိန္နံ ပိ စေတိယာဒိနံ၊ သာသနတ္တံ တထာ ယောဝ၊ ပဿိ
တွာနအဘူတကံ၊ နေဒံယုတ္တံ တိ စိန္တေ န္တော၊ ဓမ္မရာဇာ တိတက် ရေဝ၊ သမာ နေ
တွာတတ္တတတ္တသဗ္ဗ သေလက္ခရာဒိ ပိ၊ ယုတ္တာယုတ္တံ ဝိစာ ရေတွာ၊ ဋ္ဌိတိယာသာသနဿစ၊
ပတ္တိယာ စေဝ ပုညတ္တံ၊ ပဋ္ဌိ ဒေသိယထာ တတံ၊ ဤသို့လျှင် ဂါထာ မန္တသ လောကတို့ဖြင့်
ယထာဘူတပြအပ် သောအသာ ဓါရဏ ဂုဏာဝိ သေသရှိ တော်မူ သောတိုင်း ကြီး ပြည်
ကြီး ထီး ဆောင်း မင်း များ သခင်ဆင်ဖြူများ ရှင်ဖြစ် တော်မူ သောသီရိပဝ
ရဝိဇယာနန္တယသတြိဘဝနာဒိတျာဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာနာမံ
တံဆိပ် တော်ဖြင့် ကျော် စောထင်ရှား စွာကျွန်း လေး မျက်နှာထွန်း လင်း သော
နေမင်း ကဲ့သို့ဘုန်း ကြက်သ ရေအ ရောင် ဝါအာဏာ တန်ခိုး ထွန်း တောက်ပစွာ
သောအမရပူရ ရွှေမြို့ကြီး တည် ရွှေနန်း သခင်ဆင်ဖြူများ ရှင်အသျှင်ဘဝရှင်
မင်း တရား ကြီး ဘုရား သည်သား တော်အစဉ် မြေး တော်အဆက်မြစ် တော်အ
ဆွန့်အနွှန့်ရှည်စွာ သာသနာ တော် ၅၀၀၀ မတိုင်သမျှကာလပတ်လုံး မသုဉ်ဖျင်း
မကွယ်ပနိုင်သဖြင့်သာသနာ တော်မြတ်အား ကျေး ဇူး များ စိမ့် သော ဌါသမ္ဘာ သမွော်ဝ

ဘုရားဆုကိုပန်ဆင်တော်မူ၍သက္ကရာဇ် ၆၇၄ ခုတပေါင်းလပြည့်၄ဟူး နေ့သီရိ တြိဘဝနာဒိတျပဝရဓမ္မသီဟသူမင်းကြီး သည်ပင်းယ ရွှေစည်း ခုံ မွေ တော်မြတ် အား လှူဒါန်း ခဲ့သောအင်း ရွာ မြေကိုမြဲမြံစွာတည်စိမ့်သောငှါကျောက်စာမော် ကွန်း အသစ်ထူလျက်ဆင့်၍လှူဒါန်း တော်မူပြန်သတည်း ။ အပါး ဝန်း ကျင်အင်း ရွာ နှင့်တကွအလုံး စုံလှူသော မြေကား ။ မြောက်ကိုမြို့ဆုံး ဘုတ်တံခါး ကသည်နွား လည် တောင်ငယ်ကိုဝိုက်၍မြစ်လယ် ကြောမြစ် ကောက် ကောက်စင်း စင်း ခါမြူး ဆိပ်က သည် တောင်ကျွတ်ကျွား ကိုမူ၍ကုလား ရေဝင် မြောင်း ကသည်လှား ရကား ကန် ဂိုး ဆိုက်သတည်း ။ ဤသို့မှတ်သား ပိုင်း ခြား လျက် သောပင်း ယ ရွှေစည်း ခုံ မွေ တော်မြတ်အား လှူသောအင်း ရွာနှင့် မြေသည်အပေါ် ဝန်အ ကောက်အစား တ ရား ဇွမ်း ဘိုး နှင့်တကွ ဒသ ဘာဂဖြစ်သော မြေဆီ မြေခွန်အပေါ် ဝန်အ ကောက် အစား တရား ကွမ်း ဘိုး ဖြင့်သာသနာ တော်မြတ်အား ကျေး ဇူး များ လျက်မ ရောမရှက်တည်ပစေဟူ၍သမ္မာသမ္ဗောဓိသဗ္ဗညုဘုရား ဆုကိုပန်ဆင် တော်မူသည့် အတိုင်း သက္ကရာဇ် ၁၁၄၇ ခုသတင်း ကျွတ်လပြည့် ကျော် ၉ ရက် ၅ ဿတး နေ့နံနက် ၄ ချက် (27 October 1785) တီး ကျော် ၃ နာရီ ၁ ပါဒ် ၇ ဗိဇနာပြန်ပြည့်ခရာပြည့်အခါတွင်အမရပူရ ရွှေမြို့ကြီး တည် ရွှေနန်း သခင်ဆင်ဖြူများ ရှင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား ရွှေ ကရား နှင့် ရေစက်သွန်း တော်မူ၍ ကျောက်စာ မော်ကွန်း အသစ်ထူလျက်ဆင့်၍လှူ ဒါန်း တော်မူပြန်သတည်း ။

( ခင်ဇော်ဝင်း စါစု )

ပညာဝရှိတို့က မန္တလေး အရပ်၌ သိုက်ဓါတ်ကိန်း ခန်း နှင့်အညီမြို့နန်း တည် ထောင်
2 July 1857
စံနေတော်မူမည်မှာ သက္ကရာဇ် ၁၂၁၉ ခု ဝါဆိုလဆန်း ၁၂ ရက် ၅ နေ့ မြို့တော်တည်
1859
ရပ်သို့ထွက်စံတော်မူ၍ (သက္ကရာဇ်) ၁၂၂၁ ခုနှစ် ကောင်း မြတ် သော အခါ နေ့
ရက်တွင်မြို့နန်း တည် ထောင်စံ နေ တော်မူသင့် ကြောင်း နှင့်ရှိခိုး သံ တော်ဦး
တင်ချက်အတိုင်း ထွက်စံ တော်မူ၍မြို့နန်း တည် ထောင်စံ နေ တော်မူမည်၊ စံနန်း
တော်ပတ်လည်တိုက်တန်း တင်း ကုပ်အလုပ်အ ဆောင်မှစ၍ ဝင်း ခင်း နောက်
တော်လိုက်ခန့်ထား စီရင်ရန်ရှိသည်များ ကိုပြီး ပြေ အောင်စီရင်၊ အမရပူရ
မြို့တော်နန်း တော်တံခါး တဆယ့်နှစ်ရပ်အ စောင့်အ နေများ ကိုလည်း ရန်ထား
၍သွင်း ။

13 June 1857
သက္ကရာဇ် ၁၂၁၉ ခု နယုန်လပြည့်ကျော် ၇ ရက် နေ့နား ခံ နေမျိုး သီရိ
စည်သူထွင်ပြန် ။

( မျိုး ကြည့်၊ ပု၊ ၆၂၁ )

ရှေး ဘေး လောင်း တော်ဘိုး လောင်း တော်တို့လက်ထက်မြို့ပြထီး နန်း တည်
ထား တော်မူလျှင် ဘေး အန္တရာယ်ရန်မာန်အ ပေါင်း ကင်း စင်လွင့် ပျောက်
၍အကျိုး စီး ပွါး များ စေခြင်း ငှါအင်း အိုင်ယတယာအထား အသိုအမြှုပ်အနှံ များ
ကိုမြှုပ်သိုနှံထား မြဲထုံး စံရှိသည်အတိုင်း ရွှေမြို့ တော်ကြီး တည် ထောင် တော်မူမည်
မှာ ရွှေမြို့ တော် ရွှေနန်း တော်ပတ်လည်မြို့တံခါး တန် ဆောင်း ပြအိုး များ တွင်
ပရောဂအင်း အိုင်ယဘရာနှံထား ရန်ရှိသည်များ ကိုသာသနာ တော်မြတ်အစီး
အပွါး ကိုယ် တော်မြတ်အစီး အပွါး သား တော်အစဉ် မြေး တော်အဆက်မြစ် တော်အ
ညွန့်အခွန့်ရှည်စွာပြည်သူလူတကာသတ္တဝါအ ပေါင်း တို့အစီး အပွါး များ စေခြင်း ၊
ဘေး အန္တရာယ်တို့ကိုတား မြစ်ဆီး ကာလုံခြုံ စေခြင်း ၊ ရန်အ ပေါင်း တို့ကို အောင်
မြင်စေခြင်း ငှါအမြဲအမြဲမြှုပ်သိုနှံထား ခြင်း ဖြစ်သည်၊ ပရောဂဆိုသည့်အရာသည်
အက္ခရာဝဋ္ဋဂဏန်း အချအသွား အနေအထား မှန်ကန် သေချာမှအကျိုး စီး ပွါး
တော်ဖြစ်ထွန်း ရာသည်၊ နန်း မြို့ တော်မှစ၍ ရွှေမြို့ တော်ကြီး အနှံအထား များ
ကိုသက္ကရာဇ် ၉၆၀ပြည့် ညောင်ရမ်း မင်း တရား အဝမြို့တည်ရာဗား မဲ့ဆရာ 1598
တော်နှင့်ဆရာ တော်သုံး ပါး စီရင်သည့်စာ ဟောင်း စာတမ်း (သက္ကရာဇ်)
၁၁၂၅ခုနှစ် နောင် တော်ဆင်ဖြူရှင်မင်း တရား ရတနာပူရအဝမြို့ကိုထပ်မံ 1763
တည်လုပ်သည် စာ ဟောင်း စာတမ်း များ နှင့်ညှိနှိုင်း ၍သက္ကရာဇ် ၁၁၄၄ခု 1782
နှစ် ဘေး တော်ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး ဘုရား အမရပူရမြို့
တော်ဆည်လုပ် တော်မူရာ စီရင်သည့်စာတမ်း (သက္ကရာဇ် ၁၁) ၄၆ခုနှစ်ရာ 1784
ဇာဘိ သေကမှ ဒွါဘိသိက်ခံ တော်မူမည်တွင်စီရင်နှံထား သည့်စာတမ်း စာရင်း ထွက်
ရှိသည့်အတိုင်း ပညာရှိတို့ကို မေး ၍ သေချာမှန်ကန် အောင်စီရင်၊ စာရင်း ကို
လည်း သွင်း ၊ ရွှေနန်း မြို့ တော်တည်လုပ် တော်မူမည်မှာသက္ကရာဇ် ၁၂၁၉ခုနတ်
4 December 1857
တော်လပြည့်ကျော် ၄ ရက် နေ့နန်း မြို့ တော်အုတ်မြစ်ချအခါ တော်ရကြောင်း နှင့်
ပညာရှိတို့ ရွေး ချယ်ဆက်သွင်း ချက်အတိုင်း နန်း မြို့ တော်အုတ်မြစ်ချအခမ်း အနား
ခန့်ထား စီရင်ရန်ရှိသည်ကို (သက္ကရာဇ်) ၁၁၄၄ခု ဘေး တော်ဆဒ္ဒန်ဆင်မင်း 1782
သခင်မင်း တရား ကြီး ဘုရား အမရပူရမြို့တည်လုပ် တော်မူရာ (သက္ကရာဇ် ၁၁ 1821
၈၃ခုဘကြီး တော်မင်း တရား ကြီး ဘုရား ရတနာပူရအဝမြို့တည်လုပ် တော်မူရာ )

ဆင့်ဆိုစီရင်သည့်စာတမ်း စာရင်း များ နှင့်ညှိနှိုင်း၍ဆင့်ဆိုစီရင်မည်စာရင်း ဂုံထား ဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ ငွေနန်း တော်ကြီး တည်လုပ် တော်မူမည်မှန်နန်း တော်ထူရပ်ရန်သစ် တော်များ ကိုခုတ်လုပ် ငွေ ချော တော စာ ပယ်သိမ်း ပြီး လျှင်အတွင်း တော်သို့ဆောင်ယူမည်မှာ ကောင်း မြတ်သည့်အခါနေ့ ရက်ကိုပညာရှိတို့ရွေး ချယ်ဆက်သွင်း ချက်အတိုင်း သစ် တော်သွင်း အခမ်း အနား ခန့်ထား စီရင်ရန်ရှိသည်ကိုခမည်း တော်ဘုရား လက်ထက်အမရပူရမြို့ ငွေနန်း တော်ကြီး တည်လုပ် တော်မူရာခန့်ထား စီရင်သည်နန်း ဆောက်စာတမ်း စာရင်း များ နှင့်ညှိနှိုင်း၍ဆင့်ဆိုခန့်ထား စီရင်မည်စာရင်း ဂုံထား ဆက်သွင်း ချက်အတိုင်း သင့်ပြီ။

1 December 1857

သက္ကရာဇ် ၁၂၁၉ ခုနတ်တော်လပြည့်ကျော် ၁ ရက် နေ့ နား ခံ ပြော ကြား မှူး မင်း လှမင်း ကျော်ထွင်ပြန်။

( မျိုး ကြည့်၊ ပု၊ ၆၂၁ )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့် တော်ရှိသည်၊ ရှေး ရှေး သောဘဝနှိုက်ဖြည့်ဆည်း ဘူး တော်မူအပ် သော ပါရမီ တော်နှိုး ဆော်တိုက်တွန်း အပ်သည်နှင့်အညီ ဘေး လောင်း တော်ဘိုး လောင်း တော်တို့၏အဆိုက်အရာဖြစ် သော ရွှေထီး ရွှေနန်း တိုင်း ကား နိုင်ငံအ ပေါင်း ကို တရား သဖြင့်သိမ်း အုပ် စိုး စံ တော်မူ၍ မဟာဓမ္မရာဇာတရား မင်း မြတ်အဖြစ် သို့ ရောက် တော်မူလျှင်ရာဇပြကတေ့ဖြစ် သော မင်း ကျင့်တရား အ ပေါင်း တို့ကို ဖြည့်ကျင့်ရွက် ဆောင် တော်မူလျက်သာသနာ တော်မြတ်ကိုအထူး သဖြင့် ချီး မြှင့်ပြုစု တော်မူသည်၊ သာသနာ တော်မြတ်အကျိုး စီး ပွါး ပြည်သူသတ္တဝါအ ပေါင်း တို့အကျိုး စီး ပွါး များ စေခြင်း ငှါမင်္ဂလာ လေး အရပ်နှိုက်မြို့နန်း တည် ထောင်စံ နေ တော်မူ မည် ရွှေနန်း တော်ကြီး ရာ မြေစနစ်မည်မှာအပရိဟာနိယတရား နှင့်အညီနတ် မြတ်တို့အား တန် ဆောင်း ၊ စင်ရှင်၊ ပဉ္စင်၊ တူရိယာအစုံ၊ ဘောစင်ရသာထမင်း မုန့်ယိုအချိုအဆိမ့်ဆီမီး တန် ဆောင်စသည်တို့ဖြင့်တင်ကြား ပသပူဇော် တော်မူသည်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်မှစ၍ မိဘုရား သား တော်သမီး တော် ဆွေ တော်မျိုး တော်အ ပေါင်း တို့ရန်မာန်အန္တရာယ်အ ပေါင်း မ ကောင်း သမျှ ပျောက်ပကင်း စင်လျက်ဘုန်း တန်ခိုး ကြီး ၍သက် တော်ရာ ကျော် ရှည် တော်မူသဖြင့်သာသနာ တော် မြတ်စီး ပွါး သား တော်အစဉ် မြဲ တော်အဆက်မြစ် တော်အညွန့်အစီး အပွါး ပြည် သူသတ္တဝါအ ပေါင်း တို့အစီး အပွါး များ စေ ကြောင်း ကို ဆောင်ရွမ်း တော်မူနိုင် သည်ဖြစ်၍ကြံရည် တော်မူသမျှသည်အလိုအတိုင်း ပြီး စီး အောင်မြင် စေ ကြောင်း ကို နတ်တို့သည် ကောင်း စွာကြည့်ရှု စောင်မသည်ဖြစ် စေ သော ။

24 January 1858

သက္ကရာဇ် ၁၂၁၉ ခုတပို့တွဲလဆန်း ၁၁ ရက် နေ့ခမည်း တော်ဘုရား လက်ထက် ၁၂၀၀ ပြည့်နှစ်အမရပူရမြို့ ရွှေနန်း တော်ရာ မြေစနစ်အခမ်း အနား (1838) တွင်ဘတ်ပြန်သည့်နတ်အ မိန့် တော်နှင့်ညှိနှိုင်း ၍သံ တော်ဆင့် ရွှေပြည်လယ်အုပ် ရေး သည့်နတ်အ မိန့် တော်ကိုစာတမ်း ထွက်အတိုင်း နား ခံ ပြော့ကြီး မှူး သို့အပ်၍ဘတ် ပြန်ရသည်။

(တင်စါစု)

ဘုန်း တော်အလွှန်ကြီး မြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရားအ မိန့် တော်ရှိသည်၊ အသန္တိန္နသကျသာကီယအာဒိစ္စဝံသ နေနတ်နွယ်ရိုး မင်း ရိုးမင်း စစ်ဖြစ် တော်မူသည့်အတိုင်း ဘေး ဘောင်း တော်တို့အရိုက်အရာ တော်ဖြစ်သော ရွှေထီး ရွှေနန်း တိုင်း ကား နိုင်ငံအ ပေါင်း ကိုတရား သဖြင့်သိမ်း အုပ်စိုး စံ တော်မူ၍ဇမ္ဗူသောင်း တွင်း အမင်း မင်း တို့၏မှန်ကင်း တန်ခွန်သဘွယ်ဖြစ် တော်မူသည်နှင့်အညီသာသနာ တော်မြတ်အကျိုး စီး ပွါး များ စေခြင်း ငှါမန္တလေး အရပ်နှိုက် ရွှေမြို့ တော်ကြီး ထီး နန်း ကနက်တည် ထောင်ဘန်ဆင်း တော်မူရာ ရွှေ နန်း တော်ကြီး တည်လုပ် တော်မူသည်ကိုတိုင်ထူမတ်ရန်တွင်း ဝန်း မင်္ဂလာအခါတော် တွင်ရာဇဓမ္မအပရိဟာနိယတရား နှင့်အညီသကြား ဗြဟ္မာစတု လောကပါလ သော တာဘန်သကဒါဂါမ်အနာဂါမ်ရုက္ခစိုး ဘုမ္မစိုး အာကာသစိုး စ သောသမာဒေဝ သာသနာ တော် စောင့်နတ်၊ မြေ စောင့်နတ်၊ နဂါး နှင့်တကွတနင်္ဂနွေ၊ တနင်္လာ အင်္ဂါ၊ ဗုဒ္ဓဟူး ၊ စ သော ဒိသာပါလကိုးဌာနသော်ကြိုဟ်နတ်အ ပေါင်း ၊ တိက္ခဖလစ သော နတ်တို့မှစ၍သုံး ဆယ့်ခုနစ်မင်း နတ်၊ ရွှေမြို့ တော်ကြီး ရွှေနန်း ဥကင် မြေပြင်အ လုံး ကို စောင့် ရှောက်ကုန် သော နတ်အ ပေါင်း တို့အား လည်း တန် ဆောင်း ၊ စင် ဖွင်၊ ဖျင်ဖြူ၊ ဖျင်နီ၊ အုန်း ၊ ကြံ၊ ငှက် ပျော၊ ထမင်း ၊ မုန့်ယို၊ အချို၊ အချဉ်၊ ဘောစင်၊ ရသာ၊ ဆီမီး ၊ တန် ဆောင်၊ သီး မျိုး ၊ ပွင့်မျိုး ၊ အနိုး ၊ အထုံတို့ဖြင့် ပဉ္စင်တူရိယာအစုံကခုန်တီး မှုတ် စေလျက်တည် ကျွေး ပသပူ ဇော် တော်မူသည်၊ သာ သနာ တော်မြတ်အစီး အပွါး ကိုယ် တော်မြတ်အစီး အပွါး မင်း မိဘုရား သား တော် သမီး တော် ဆွေ တော် မျိုး တော်တို့အစီး အပွါး ရဟန်း ရှင်လူပြည်သူသတ္တဝါအ ပေါင်း တို့အစီး အပွါး များ လျက်သက် တော်ရာ ကျော် ရှည် တော် မူ၍ကြံရည် တော် မူသမျှကိစ္စ မျိုး တို့သည်စကြဝတေး မင်း ၏ပတ္တမြား ရတနာကဲ့သို့အလို တော်အတိုင်း ပြီး ပြည့်စုံ စေ ကြောင်း ကိုနတ်မြတ်တို့သည် ကောင်း သောကြည့်ရှုခြင်း ဖြင့်ကြည့်ရှု စောင်မသည် ဖြစ် စေ သောဝ်။

29 January 1858

(သက္ကရာဇ်) ၁၂၁၉ ခုတပို့တွဲလပြည့် ကျော် ၁ ရက် နေ့ ၄ င်း နတ်အမိန့် တော် ကိုအတွင်း ဝန် လောင်ရှည်မြို့စား မင်း ၊ မိုး လှိုင်း မြို့စား ဗန် မော်အတွင်း ဝန်

မင်း တို့ ရွှေ့ဘတ် လျှောက်အစီရင်ခံပြီး လျှင်နား ခံစ မြောင်မှုး သို့အပ်ရသည်၊
ဘတ်ပြန်သူနား ခံ ပြော့ကြီး မှုး ။
( တင်စါစု )

သင်္ဃာတော်တို့ဥပုဒ်ပဝါရဏာဝါဆိုဝါကပ်မှစ၍သင်္ဃာကိစ္စကံကြီး ကံငယ်ဆောင်
ရွက်ရန်ရှိသည်မှာ ရေမြေကိုအစိုးရတော်မူသော်မင်း ဧကရာဇ်ကိုအမှီပြု၍
ရွက်ဆောင်ကြရသည်ငါအသျှင်ဧကရာဇ်မင်းမြတ်သည်ရှေး ဘေး လောင်း တော်
ဘိုး လောင်း တော်ဘုရား အလောင်း မင်း ကောင်း မင်း မြတ်တို့ကဲ့သို့ရာဇဓ
မ္မလောကမင်း တို့ကျင့်ရာ သောတရား အပေါင်း ကိုဖြည့်ကျင့်ရွက်ဆောင် တော်မူ
လျက်ရာဇာဘိသေကမုဒ္ဓါဘိသေက (ကိုခံတော်မူ သောမင်း ဖြစ်သည်)၊ မြတ်သောသ
မာဆန္ဒဥဿဟ (တို့ဖြင့်မင်း ကောင်း မင်း မြတ်တို့ကျင့်ရာ သောတရား နှင့်အညီ
ထိန်း သိမ်း စောင့်ရှောက် တော်မူသည်သက္ကရာဇ် နေ့လအခါအဝါအမှတ်အ
သား များ လည်း ဝိဝဋ္ဋဌာယီကမ္ဘာ ပေါ်စ နေလတို့ကိုစွဲမှတ်၍ဥတုသမယဒိဝသမါ
သသံဝစ္ဆရဖြစ်သည် နေ့ရက်အခါမှန်မှရဟန်း သင်္ဃာတို့ဥပုဒ်ပဝါရဏာဝါဆိုဝါကပ်
ဆုံး ဖြတ်ခြင်း အာသဠှိစ သောလ စောင့်နက္ခတ်ညီညွတ်သဖြင့်ဥတုရတု ဖြောင့်မှန်လျက်
II May 1858.
သန့်ရှင်း သည်ဖြစ်ရာသည်ပညာရှိတို့ကသက္ကရာဇ် ၁၂၂၀ပြည့်ကဆုန်လရက် ၃၀၊ နယုန်
IO June I858
လရက် ၃၀၊ ပဌမဝါဆိုလရက် ၃၀၊ ဒုတိယဝါဆိုလရက် ၃၀၊ လေး လရက်စုံသတ်၍ဒုတိ
IO July I858
ယဝါဆိုလပြည့် ကျော် ၁ရက် နေ့ရဟန်း သံဃာ တော်တို့ပူရိမဝါကပ်သင့် ကြောင်း နှင့်
9 August I858
ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း ရွှေပြည် တော်မှစ၍နိုင်ငံ တော်အတွင်း သတင်း
26 July 1858
သုံး နေကြသည့်ရဟန်း သံဃာ တော်တို့ (သက္ကရာဇ်) ၁၂၂၀ပြည့်ဒုတိယဝါဆိုလပြည့်
